www.burmeseclassic.com

|ပုတိုးကနိုး|

# သီတင်းကျွတ်ည မင်္ဂလာပွဲ



www.burmeseclassic.com


www.burmeseclassic.com

မျက်နှာဖုံးပန်းချီ
နေမျိုး
အတွင်းသရုပ်ဖော်
ပန်းချီကျော်ပိုင်
စာမူခွင့်ပြုချက်အမှတ်
၃၁/၉၈ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၆၇/၉၈ (၂)
ထုတ်ဝေသည့်ကာလ
၁၉၉၈၊ မေ
ပထမအကြိမ်
အုပ်ရေ တန်ဖိုး
၃၀၀-အုပ်၊ ၁၃၀ ကျပ်
ထုတ်ဝေသူ
ဦးတင်အုန်း (၀၉၄၃)
နိုင်ငံစာပေ၊ ၉၃၊ ဗိုလ်သာလမ်း
လေးကောင်ကန်၊ သင်္ဃန်းကျွန်း
ပုံနှိပ်သူ
ဦးကျော်စိန် (၀၂၉၀၈)
ကျောက်စိမ်းအော့ဖ်ဆက်
၁၇၃၊ ၃၃-လမ်း၊ ကျောက်တံတား၊ ရန်ကုန်။



ဇော်ဝေနိုင်း ( မုတ်းကုန်း )

# သီတင်းကျွတ်ညမင်္ဂလာပွဲ



www.burmeseclassic.com

www.burmeseclassic.com




GRAND LINK TRADING COMPANY LI

Building No. (13), Room No (3), Gyokone Yeiktha, Insein, Yangon. ☎ : 641785 P.


# မောင်စိန်ဝင်း (ပုတီးကုန်း)

# သီတင်းကျွတ်ညမင်္ဂလာပွဲ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

၁။ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
၂။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
၃။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်သာဖြစ်သည်။

BURMESE CLASSIC .com

## မာတိကာ


၁၁။ မင်္ဂလာပွဲ
၂၁။ နွေရေ
၃၅။ ယာယီပိတောက်
၅၃။ ကျေးလက်စာပေပွဲ
၈၃။ အမြတ်ကြည့်သူများ၊ အမှတ်မရှိသူများ
၁၀၁။ သီတင်းကျွတ်ည
၁၁၅။ ရေတွင်းတလေး
၁၃၅။ အမြီးမပါတဲ့ခွေး
၁၄၈။ ဘလက်ကီနဲ့ငနီ
၁၆၅။ ပန်းပွင့်နှင့်
၁၈၀။ ပုပ္ပါးမေတ္တာဖွဲ့
၂၀၉။ ရင်ကွဲတောင်ည
၂၃၀။ မြိတ်၊ ပိလောပီနံ့နှင့် ဟွန်ဒါမှ သည်. . .


www.burmeseclassic.com

www.burmeseclassic.com



မောင်စိန်ဝင်း (ပုတီးကုန်း)

# မင်္ဂလာပွဲ

www.burmeseclassic.com

www.burmeseclassic.com



# မင်္ဂလာပွဲ

(၁)

တနင်္ဂနွေနေ့ ညနေ ၃ နာရီ. . . ။ အင်းလျားလိပ်

အသံလှိုင်းတို့၏ အရှိက်အခတ်ဖြင့် မင်္ဂလာခန်းမသည် အသက်ဝင်နေပြီထင်၏။ ဂီတသံသည် ခန်းမမှ ဧကည့်သည်အားလုံးကို ဖုံးလွှမ်းထားနိုင် သော်လည်း အားလုံး၏အာရုံကိုတော့ စုစည်းထိန်းချုပ်နိုင်ခြင်းမရှိပါ။ ငယ်ရွယ်သူတို့၏မျက်လုံးများသည် ထူးဆန်းစွာဝတ်ဆင်ထားသည့် အဆိုတော် မလေးထံသို့ ရောက်နေသော်ငြား လူကြီးပိုင်းကားစကားပြောမပျက်။ တစ်ချက်တစ်ချက်မျက်မှန်အောက်



www.burmeseclassic.com

www.burmeseclassic.com



မှ ခိုးကြည့်မိခြင်းမှလွဲ၍ စိတ်ဝင်စားဟန်ကိုမပြမိအောင် ကြိုးစားနေကြသည်၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း မိမိတို့၏ ဂုဏ်သိက္ခာ၊ ချမ်းသာပြည့်စုံမှုတို့အား ဖော်ထုတ်ရင်း အချိန်ကို မြန်မြန်ဖြတ်သန်းပြီးဆုံးချင်နေကြသည်။ အိုမင်းရွတ်တွ မှုများကို စိန်ရွှေလက်ဝတ်လက်စား၊ ဝတ်ကောင်းစားလှ၊ အမွှေးနံ့သာ မိတ်ကပ်များ ခြယ်သဖုံးလွှမ်းထားသော အပြုံးမျက်နှာများ၊ ဗီဒီယို ဆလိုက်မီးရောင်အောက်၌ပို၍ထင်ရှားနေပြန်၏။ ဓာတ်ပုံကင်မရာများ မှ ထွက်လာသည့် လျှပ်ပြက်မှုများ ခန်းမအနှံ့မှာရှိနေသည်။

ဗီဒီယိုသမားများ၊ ဓာတ်ပုံသမားများသည် ခန်းမတစ်ခုလုံးကို မှတ်တမ်းတင်နေရသော်လည်း ရှေ့ဆုံးမှာရှိသည့် စားပွဲဝိုင်းကြီးနှစ်ခုတို့တော့ထိထိမိမိဖြစ်အောင် ခဏခဏရိုက်နေကြရသည် ထင်ပါ၏၊ ထိုသန့်စားပွဲဝိုင်းကြီးမှာ ထိုင်နေကြသူများကား နှစ်ဘက်အရင်းအချာများအပြင် မိမိတို့နှင့်သိက္ခာမ်းခင်မင်ပါသည်ဟု ဂုဏ်ယူဝင့်ကြွားပြောရမည့် လူကြီးမင်းများပင်ဖြစ်ပါလိမ့်မည်။

ဘယ်လိုပုဂ္ဂိုလ်ကြီး၏ ပန်းကုံးစွပ်ချီးမြှင့်ခြင်းကို ကျေးဇူးတင်ပါသည်ဟု နောက်နေ့သတင်းစာများမှာ ဖော်ပြနိုင်ရန်အတွက်လည်း အထူးအရေးကြီးရာ ထိုပုဂ္ဂိုလ်ဇနီးမောင်နှံအား အဆိုပါ ရှေ့ဆုံးစားပွဲ





ထိပ်ဆုံးနေရာမှာ နေရာချထားရပြန်ပါသည်။

မှတ်တမ်းဗီဒီယို၊ မှတ်တမ်းဓာတ်ပုံများ၌ အရေးပါ အရာရောက်သူများ များစွာပါဝင်နေခြင်းသည်ပင် မင်္ဂလာဧည့်ခံပွဲများ၏ ယှဉ်ပြိုင်မှုတစ်ရပ် ဖြစ်နေပြီလားမသိ။

မျက်နှာကျက်မှ လှပစွာလင်းလက်နေသော မီးပန်းဆိုင်းကြီးများသည်ပင် တဖျပ်ဖျပ်အရောင်ထွက်နေသည့် လက်ဝတ်ရတနာတို့၏ အရောင်ကြောင့် မှေးမှိန်သွားသယောင်။

( ၂ )

**တနင်္ဂနွေညနေ ၅ နာရီ . . . ။ မြို့နယ်ခန်းမ**

ခန်းမတစ်ခုလုံး ဆောင်းဘောက်စ်များမှ သီချင်းသံများဖြင့် ဖုံးလွှမ်းဆူညံနေသည်။ သတို့သားနှင့် သတို့သမီးတို့က တစ်စားပွဲပြီး တစ်စားပွဲ လိုက်လံနှုတ်ဆက်နေတာလှမ်းမြင်ရ၏။ အများစု၏ ဝတ်စားဆင်ယင်မှုသည် တောက်တောက်ပြောင်ပြောင် အရောင်တွေဟု သတိထားမိသည်။ မိတ်ကပ်များခြယ်လိမ်းထားလျက် အမျိုးသမီးအချို့၏ မျက်နှာများမှာ ပြာနှမ်းနှမ်း ။ ခပ်ပေါပေါပေါင်ဒါ၊ ရေမွှေး



www.burmeseclassic.com

www.burmeseclassic.com



နံ့များခန်းမထဲမှာ သင်းပျံ့နေသည်။ ယောကျ်ားအများစုသည် တိုက်ပုံအင်္ကျီများ၊ အင်းလေး၊ ဘန်ကောက်စသော ဟိုရှေးရှေးကလုံချည်များ ဝတ်စားထားပြီး ရာဘာဖိနပ်ပေါင်းများ စီးထားကြပြန်၏။

လူငယ်တို့မှာ ပလပ်စတစ်မှန်ပေါ်၌ စက္ကူကတ်ဆိပ်ပိုင်းလေး ကပ်ထားတာကို မခွာဘဲကော်ကိုင်းအနက်နှင့် မျက်မှန်ကို ဟန်ပါပါ တပ်ထားကြသည်။

ရုပ်ရွက်ထဲကအကြောင်း၊ ဈေးထဲကအကြောင်း၊ အလုပ်ထဲ၊ စက်ရုံထဲကအကြောင်းတွေကို ဆောင်းဘောက်စ်မှ သီချင်းသံနှင့် အန်တုပြီးပြောနေကြပြန်၏။

လူတစ်ယောက်ဝင်လာတိုင်း အိုက်စ်ကရင်တစ်ခွက်၊ ကိတ်မုန့်တစ်ချပ် လာချပေးသည်။

(၃)

**တနင်္လာမနက် ၁၀ နာရီ . . . ၊ စက်ရုံဝင်းအတွင်း**

လက်မှတ်ထိုးထားသော စာချုပ်ကို တင်ပြ၍ စက်ရုံသက်သာမှ မင်္ဂလာဆောင်အတွက်ထောက်ပံ့ငွေကိုလျှောက်သည်။ ထောက်ပံ့ငွေကချက်ချင်းမရ။ နောက်နေ့မှ ရနိုင်မည်။





သက်သာ ဥက္ကဌကို ပြောကာ စက်ရုံထမင်းစားလွှတ်ချိန်တွင် လက်ဖက်ရည်နှင့်မုန့်များ အကြွေးယူသည်။ စက်ရုံပြန်တက်ချိန်မှာ သက်သာသို့ ပိုက်ဆံသွင်းရမည်။

လက်ဖက်ရည်တို့ကို သက်သာမှ ဒန်ချိုင့်မှာထည့်သည်။ မုန့်တို့ကိုလည်း သက်သာမှလင်ဗန်းတစ်ခုမှာထည့်သည်။ သူငယ်ချင်းဘစ်ဦးက လက်ဖက်ရည်ဗန်းကန်တစ်လုံးနှင့် လက်ဖက်ရည်ချိုင့်ကို ဆွဲသည်။ နောက်သူငယ်ချင်းတစ်ဦးက မုန့်ဗန်းကို ကိုင်သည်။ မင်္ဂလာဆောင်သည့်အလုပ်သမားက ရှေ့ကသွား၏။ ထမင်းစားလွှတ်စ လုပ်သားများရှိသည့် ဌာနစိတ်များကို တစ်ခုစီဝင်သည်။

“ ကဲ . . ငါ့မင်္ဂလာဆောင်အတွက် လက်ဖက်ရည်နဲ့မုန့်၊ ရုပ်ကွက်ထဲမှာတော့ ပိုက်ဆံမတတ်နိုင်လို့ မလုပ်တော့ဘူး ” ပြောကာ လက်ဖက်ရည်တစ်ခွက်၊ မုန့်တစ်ခုကျွေးသည်။ လက်ဖက်ရည်နှင့်မုန့် စားပြီး အလုပ်သမားက သူ့အိတ်ကပ်ထဲမှ ပိုက်ဆံပါလျှင်ပါ၊ မပါလျှင် သူများဆီကချေး၊ ချေးလို့မရလျှင် အကြွေးဖြင့်မင်္ဂလာလက်ဖွဲ့သည်။ သည်လိုနှင့် အလုပ်သမားအားလုံးကို လက်ဖက်ရည်နှင့်မုန့် ညှော်ခံနိုင်သူရှိသည်။ ကိုယ့်ဌာနစိတ်တစ်ခုတည်း ညှော်ခံနိုင်သူရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



" ကဲ . . . ဆရာရေ . . . ကျွန်တော်တော့ မနေ့က လက်မှတ်ထိုးမင်္ဂလာဆောင်လိုက်ပြီ။ ဒီနေ့ စက်ရုံမှာပဲ ညေ့ခံတယ် " ပြောပြီး သူ့စားပွဲ ပေါ်မှာရှိသည့် ဖန်ခွက်ကိုယူလျက် လက်ဖက်ရည် ဖြည့်ပေးသည်။ ပြီးတော့ မုန့်တစ်ချပ်ကို ပေးသည်။ အရာရှိတွေအတွက်တော့ စီးကရက် တစ်လိပ်ပါသည်။

အကျီအိတ်အတွင်းမှာ ငွေငါးဆယ်ထုတ်ပြီး လက်ဖွဲ့လိုက်ရင်း . . .

" လက်ဖက်ရည်ဖိုး ပြန်ရရဲ့လား " ဟု မေးလိုက်၏။

" ရမယ်ထင်တယ် ဆရာ "

" မပြည့်လို့ လိုနေရင် ငါ့ဆီပြန်လာခဲ့ "

" ပြည့်မှာပါ ဆရာ "

တချို့ကျတော့ အလုပ်သမားတွေကလည်း ပိုက်ဆံပါမလာကြတာ၊ မရှိကြတာများတော့ သက်သာကို လက်ဖက်ရည်ဖိုး ပြန်ပေးဖို့ငွေမပြည့်ချင်။ နောက်တစ်နေ့ သက်သာမှ မင်္ဂလာကြေးထုတ်ပြီးမှ လက်ဖက်ရည်ဖိုးရှင်းနိုင်တော့၏။

သူ့အခန်းထဲမှ ထွက်သွားသည့် သူ့တပည့် သတို့သားကို





လှမ်းငေးနေလိုက်မိတော့သည်၊ အခြားအရာရှိတွေဆီ သွားမည်ကို သိလိုက်၏၊

အမျိုးသမီးက စက်ရုံထဲက မဟုတ်သဖြင့် ဒီနေ့ သူ့မင်္ဂလာ ညေ့ခံပွဲစက်ရုံထဲမှာ ကျင်းပတာကိုပင် ရောက်မလာနိုင်ပါလား။

စက်ရုံပြန်တက်ချိန်မှာတော့ ဆူညံနေသော စက်သံတို့သည် သူ့တပည့် မင်္ဂလာပွဲ၏ ဂီတသံတွေဟု သူထင်လိုက်မိသည်။

ကလျာမဂ္ဂဇင်း


၁၉၉၃ ခုနှစ်၊ မေလ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# နွေရေ

(၁)

ညနေအိမ်ပြန်ရောက်တော့ ကျွန်တော့်စားပွဲပေါ်မှ ဖိတ်စာ ုလေးတစ်စောင်ကို တွေ့ရပါသည်။ ကျွန်တော့် သူငယ်ချင်း စံဦး ပဋ္ဌင်းဘောင်တက်မည့် ရဟန်းခံရှင်ပြု အလှူဖိတ်စာ။ ရက်၊ ချိန်နှင့် နေရာကို အသေအချာ မှတ်သားလိုက်မိသည်။

သည်အလှူကို ကျွန်တော်သွားရမည်။ စိုင်းစံဦးက ကျွန်တော် အရင်းနှီးဆုံး သူငယ်ချင်းတွေထဲက တစ်ယောက် ကျွန်တော်မသွား ်သွားရမည်။ သူနှင့်ကျွန်တော်က စက်မှုတက္ကသိုလ်မှာ အတူတွဲခဲ့ ပြီး အလုပ်ထဲ ရောက်တော့လည်းစက်ရုံတစ်ခုမှာ နှစ်အတန်ကြာ တူ လုပ်ခဲ့ကြရသည်။



www.burmeseclassic.com

ကျွန်တော်အလုပ်ထွက်သွားပြီး မကြာခင်မှာပင် သူလည်း တစ်ခြားဌာနတစ်ခုသို့ ပြောင်းသွားခဲ့သည်။ မတွေ့ဖြစ်သည် မှာလည်းကြာပြီ။

စိုင်းစံဦးအလျှမှာ ကျောင်းတုန်းက ကျွန်တော့်သူငယ်ချင်းတွေ အတော်များများကိုလည်း ကျွန်တော်တွေ့နိုင်ပေမည်။

စိုင်းစံဦးက အသိမိတ်ဆွေ သူငယ်ချင်းတွေနှင့် အဆက်အသွယ်မပြတ်လှ။ ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် သူငယ်ချင်းတွေကိုတော့ သူ့ဖိတ်မှာ သေချာသည်။ သူကိုယ်တိုင်လည်း သာရေး၊ နာရေးဆို မလွတ်တမ်းသွားတတ်သူမို့ သူ့အလှူမှာလည်း သူငယ်ချင်းတွေလာကြမည်ပဲဟု ကျွန်တော်တွေးမိ၏။

ကျွန်တော်တို့ စက်မှုတက္ကသိုလ်တုန်းက သူငယ်ချင်း အတော်များများကို ပြန်ဆုံရမည်ဟုတွေးရင်း ပျော်သလို ခံစားလိုက်မိပြန်၏။

( ၂ )

" ဟာ. . . ဟောကောင်၊ ဘယ်တုန်းကရောက်တာလဲ၊ ငါ့ဘာ





ပေးရမလဲ. . . ပြော "

စင်ကာပူနိုင်ငံမှ ဗုဒ္ဓဘာသာကျောင်းဖွင့်ပွဲအလှူမှာ ကျွန်တော် ကျောင်းသားဘဝက စက်မှုတက္ကသိုလ်ပါမောက္ခချုပ်ဖြစ်ခဲ့သော ကြီးကို မမျှော်လင့်ဘဲ ပြန်ဆုံသည်။ ဆရာကြီးနှင့် ကျွန်တော် ကျောင်းမှာကတည်းက အတော်လေးရင်းနှီးခဲ့သည်။

ကျောင်းအနုပညာကိစ္စများ၊ မဂ္ဂဇင်းစာစောင်ကိစ္စများ တ်သက်၍ အတွေ့အထိများခဲ့ရသည်။ ကျွန်တော်တို့ ဘွဲ့ရပြီး ာခင်မှာပင် ဆရာကြီးသည် အလုပ်ထွက်၍ နိုင်ငံခြားမှာ အလုပ် လုပ်ကြောင်း သတင်းကြားခဲ့ရ၏။ နောက်ပိုင်း အနောက်နိုင်ငံမှာ ကြီးရှိနေကြောင်း သိရသည်။ စင်ကာပူနိုင်ငံမှာ ဆရာကြီးကို လိုက်ရတော့ အတော်လေးအံ့ဩဝမ်းသာသွားမိသည်။

ဆယ့်ငါးနှစ်ခန့် ကွဲကာနေရသော ဆရာကြီးကို ပြန်တွေ့ရ ဖြစ်သဖြင့် ရင်ထဲမှာ ကြည်နူးပျော်ရွှင်စွာ ခံစားလိုက်ရသည်။

ဆရာကြီးရှိရာသို့ ကျွန်တော်လျှောက်လာစဉ်မှာပင် ဆရာကြီး ကျွန်တော့်ကို တွေ့သွားပြီး ကျွန်တော့်ဆီသို့လျှောက်လာရင်း းစနှုတ်ဆက်သည်။

www.burmeseclassic.com



" ကျွန်တော်ရောက်တာ နှစ်ရက် သုံးရက်ရှိပြီ၊ ဆရာကြီး ဒီကျောင်းဖွင့်ပွဲ ဖိတ်လို့လာတာပါ။ ဆရာကြီး ဒီရောက်တာကြာပြီလား"

ဆရာကြီး၏ ခပ်ပြုံးပြုံးမျက်နှာကို ကြည့်ရင်း ကျွန်တော်မေးသည်။

ကျွန်တော့်လက်ကို တင်းတင်းကျပ်ကျပ်ဆုပ်ထားရင်း. . .

" ဆရာ ဒီရောက်တာ တစ်နှစ်ကျော်ပြီကွ၊ စင်ကာပူအစိုးရက ဆရာ့ကို လေးနှစ်စာချုပ်နဲ့ငှားလို့ အလုပ်လာလုပ်တာ "

" ဗြော် . . "

ကျွန်တော့်နှုတ်မှ အာမေဋိတ်သံ လျှံထွက်သွားမိ၏။ ဒေါက်တာဘွဲ့ရထားသော နိုင်ငံတကာလုပ်ငန်း အတွေ့အကြုံများစွာရှိသော ဆရာကြီးလို လူမျိုးကို စာချုပ်ဖြင့် ငှားရမ်းထားခြင်းအတွက် ကျွန်တော်အံ့ဩလောက်စရာမရှိပါ။ ဘယ့်အတွက် ကျွန်တော့်နှုတ်မှ အံ့ဩသံထွက် စိတ်လှုပ်ရှား ခံစားလိုက်ရသည်ကို ဆရာကြီး သိနိုင်မည်မဟုတ်။

" မင်းကားလိုလား လိုရင်ကားလွှတ်ပေးထားမယ်။ "

" မလိုဘူး ဆရာကြီး၊ မလိုပါဘူး၊ ကျွန်တော် အစစအဆင်ပြေပါတယ် "





" မင်း စာရေးဆရာဖြစ်နေတယ် ကြားတယ်၊ ကောင်းပါတယ်ကွာ၊ နေဦး၊ မင်း ငါ့အိမ်လာလည်ဖို့ အချိန်ရမလား။ "

" အဖွဲ့နဲ့ဆိုတော့ အခက်အခဲ ရှိမယ်ဆရာကြီး။ ဆရာကြီးကို တွေ့ရတာပဲကျွန်တော်အရမ်းပျော်သွားပြီ၊ အိမ်မလိုက်တော့ပါဘူး"

" အေးကွာ. . . ဒါဆိုလည်း မင်းလိုတာရှိရင် ငါ့ကိုဖုန်းဆက်ပြော "

ဆရာကြီးက သူ့အင်္ကျီအိတ်တွင်းမှ လိပ်စာကပ်ပြားလေး ထုတ်ပြီး ကျွန်တော့်ကိုပေးသည်။ ကျွန်တော်က လှမ်းယူပြီး အင်္ကျီအိတ် ထဲထည့်လိုက်၏။

မေ့လျော့လောက်အောင် ကြာပြီဖြစ်သော နှစ်များစွာ၏ အဖြတ်အသန်းမှာ ဆရာကြီး၏ ရင်းနှီးမှုက အေးစက်မသွား။ ကျောင်းတုန်းကကဲ့သို့ပင် နွေးထွေးဆဲပါလားဟု ကြည်နူးခံစားရပြန်သည်။

ထိုနေ့ကကျွန်တော်သည် စင်ကာပူနိုင်ငံကို ရောက်နေပါလားဟုပင် သတိမထားဖြစ်တော့ မြန်မာမိတ်ဆွေများစွာ၏ကြားမှာ ကျောင်းတုန်းက ကျွန်တော့်သူငယ်ချင်းတွေကို ကျွန်တော်ပြန်တွေ့ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်၊

စက်မှုတက္ကသိုလ်မှာ ကျွန်တော်တို့ကို စာသင်ပေးခဲ့သော ဆရာများစွာနှင့်လည်း ဆုံ၏။

" မင်း ဘာလိုသေးလဲ " ဟု ကျွန်တော့်ကို မေးသောဆရာ ဦးသိန်းလွင်၏ အသံမှာလည်း ဝတ်ကျေတန်းကျေမဟုတ်ဘဲ လှိုက်လှဲ လွန်းသည်၊

ကျွန်တော်တို့ အလုပ်ထဲဝင်စကပင် သွားခဲ့ကြသူများ၊ ကိုး ဆယ်ဝန်းကျင်မှ ထွက်သွားကြသူများ၊ သူငယ်ချင်းတွေအားလုံး ဆုံ ကြသည်။

ကျွန်တော်နှင့်အတူ ကော်ပိုရေးရှင်းတစ်ခုတည်း လုပ်ခဲ့ကြ သည့် သူငယ်ချင်းအများစုလည်း သည်အလှူမှာပြန်ဆုံဖြစ်သည်။

" စင်ကာပူက ကျောင်းဖွင့်ပွဲအလှူလို့ မထင်ရဘူးကွ၊ ငါတို့ ကော်ပိုရေးရှင်းက စက်ရုံတစ်ရုံက အလှူနဲ့မတူဘူးလား"

ကျွန်တော်နှင့်အတူ ကော်ပိုရေးရှင်းတစ်ခုတည်း အလုပ်လုပ် ဖူးသော သူငယ်ချင်းကပြောသည်။

သူပြောလည်း ပြောစရာပင်။ ကျွန်တော်တို့ စက်ရုံတစ်ရုံ အလှူလုပ်လျှင် ကော်ပိုရေးရှင်းအောက်မှ စက်ရုံများကို ပိတ်နေကျမို့





ကျွန်တော်တို့အားလုံးဆုံဖြစ်ကြသည်။ ယခုလည်း ကျွန်တော်တို့ ဆုံနေကြ အင်ဂျင်နီယာတော်တော်များများ လာဆုံနေကြသဖြင့် သူကပြောလိုက်ခြင်းဟု ကျွန်တော်နားလည်သည်။

" ဒေးဗစ်ကြီး ကတော့ မရှိဘူးကွ၊ အခုန ငါသွားနှုတ်ဆက် တော့ အေးစက်စက်ပဲ၊ ဘယ်တုန်းက ရောက်လဲတဲ့၊ မနေ့တစ်နေ့က ကွဲသွားတဲ့သူကို နှုတ်ဆက်သလိုမျိုး တကယ်ဆို ဒီကောင်နဲ့ ငါတို့ ကျောင်းမှာ အရမ်းတွဲခဲ့ကြတာ "

" ဒီကောင်က ကျောင်းပြီးကတည်းက ဒီရောက်နေတာကွ၊ ဒီနိုင်ငံသားခံလိုက်ပြီ၊သူဌေးလဲဖြစ်နေပြီကွ"

" ဪ . . . ဒီနိုင်ငံသားခံလိုက်ပြီလား ၊ ဒါကြောင့် . . . မြန်မာ စိတ်ပျောက်သွားတာထင်တယ် "

" မင်း ဒီမှာ အလုပ်လာရှာတာထင်ပြီး ကူညီရမှာလဲ စိုးရိမ် ပါလိမ့်မယ်။ ဒီကောင်က ဒီက ကုမ္ပဏီကြီး တစ်ခုမှာ ရှယ်ယာအကြီး ဆုံးပါတဲ့ သူဌေးကွ၊ သူ အကူအညီ အများကြီးပေးနိုင်တယ် "

ကျွန်တော် ဘာမှပြန်မပြောမိတော့။ ကျောင်းတုန်းက အတူ



www.burmeseclassic.com

www.burmeseclassic.com



ဝေတ်ဖော်ဝေတ်ဖက် တေဖော်တေဖက် ဒေးဗစ်ကြီးရဲ့စိတ်ပြောင်းသွားမှုအပေါ် ငြိုငြင်ခြင်းလည်း မဖြစ်မိ။

" ဘာဖြစ်ဖြစ်ကွာ ကျောင်းမှာတုန်းက လူတွေတော်တော်ပြန်ဆုံနိုင်တာပဲ၊ ငါတော့ ကျေနပ်မိတယ် "

" ဟုတ်တယ်၊ ထိုင်း မှာအလုပ်လုပ်နေတဲ့ ကောင်တွေလဲ တချို့ဒီပွဲလာကြတယ်ကွ"

စကားပြောနေစဉ်မှာပင် ကျွန်တော့်တပည့်လေးနှစ်ယောက် ကျွန်တော့်ဆီသို့လာနေတာတွေ့သည်။ ကျွန်တော်အလုပ်ထွက်သည်အထိ ကျွန်တော်လုပ်ခဲ့သော စက်ရုံမှာ ကျန်ခဲ့သော ကျွန်တော့်တပည့်လေးနှစ်ဦးသည် အခုတော့ သည်မှာ အလုပ်အကိုင် ကောင်းကောင်းရနေလေပြီ။ နည်းပါးလွန်းလှသော အချိန်တွေကိုဖဲ့ပြီး ကျွန်တော့်ကို သူတို့ပေးခဲ့သည်။

" ဆရာကြိုက်တာ လုပ်ပါ။ ရန်ကုန်မှာဆို ဆရာ့ဘေးမှာ ပြုစုမယ့်သူ၊ ကူညီမယ့်သူတွေ ပြည့်နေတာ ကျွန်တော်တို့သိပါတယ်။ ရန်ကုန်မှာ ဆရာ့ကိုပြုစုရတာထက် ဒီမှာကျွန်တော်တို့ ပြုစုရတာက ပိုပြီး အမှတ်တရ ဖြစ်နိုင်ပါတယ် ဆရာ"





ဟု ပြောခဲ့သော ကျွန်တော့်တပည့် ထိပ်တင်ရှိန်၏စကားက နှလုံးသားမှာ စွဲထင်လာသည်။

ကျွန်တော့်တပည့် ထိပ်တင်ရှိန်နှင့် မြလွင်ပြန်လာတော့ သူတို့နှင့်အတူ လူအုပ်ကြားမှ ကျွန်တော်တိုးထွက်ခဲ့၏။

( ၃ )

လွန်ခဲ့သော နှစ်နှစ်ကျော် သုံးနှစ်ခန့်က စင်ကာပူမှ သူငယ်ချင်းတွေနှင့် ပြန်ဆုံခဲ့ရတာ အတွေးထဲပြန်ရောက်လာသည်။

ယခုလည်း စိုင်းစံဦးအလှူမှာ ကျောင်းကသူငယ်ချင်းများကို ပြန်ဆုံရမည်ဟုမျှော်လင့်နေမိပြန်၏။

( ၄ )

အလှူက မနက် ၈ နာရီမှ ၁၁ နာရီအထိ။ ကျွန်တော်တို့ ကိုးနာရီမထိုးခင်ကတည်းက ရောက်နေသည်။ ဘုန်းကြီးကျောင်းပေါ် တက်ပြီးထိုင်နေလိုက်၏။ ထမင်းစားခေါ်တော့ မစားသေးပါဘူးဟု ငြင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေဆုံမှ စကားပြောရင်း အတူစားမည် တွေး ထား၏။ အလုပ်ထဲမှာတုန်းက ကျွန်တော်တို့ ဆရာသမားနှစ်ယောက် သုံးယောက်ကို တွေ့သဖြင့် သွားပြီးနှုတ်ဆက်လိုက်သည်။ သူတို့လည်း ပင်စင်ယူထားကြပြီပြော၏။

လက်မှနာရီ တကြည့်ကြည့်လုပ်သည်။ ဆယ်နာရီထိုးတော့ မည်။ ကျွန်တော်တို့နှင့် ကျောင်းနေဖက် အင်ဂျင်နီယာများ ရောက် မလာကြသေး။ ဆယ်နာရီကျော်ကျော်လောက်မှာတော့ ဇော်ဝင်း ရောက် လာသည်။ ကျွန်တော့်အနားကို ဇော်ဝင်းလာထိုင်လိုက်သည်။

" မင်းဘယ်တုန်းက ရောက်တာလဲ "

" ကြာပြီကွာ၊ ဘယ်သူမှလဲ မလာသေးဘူး၊ မောင်မောင်တို့ သန်းဦးတို့၊ မျိုးအောင်တို့လဲမတွေ့ဘူး "

ဇော်ဝင်းက ရယ်သည်။

" ဒီကောင်တွေမှ မရှိကြတော့တာ "

" ဟေ. . . "

" မောင်မောင်တော့ လာလိမ့်မယ်၊ မောင်မောင်က အလုပ် မထွက်သေးဘူး "

" ဟာ. . . ငါက ဒါကြောင့် စဉ်းစားနေတာကွ၊ စိုင်းစံဦး အလှူကို ဒီကောင်တွေ သေချာပေါက် လာရမယ် တွက်ထားတာ "





" ဒီမှာရှိရင် မလာဘဲ ဘယ်နေမလဲကွာ "

ကျွန်တော်နှင့် ဇော်ဝင်းစကားပြောနေစဉ်မှာပင် မောင်မောင် ရောက်လာသည်။ သိမ်ဆင်းပြီးသဖြင့် လူတစ်အုပ်ကြီး ဘုန်းကြီး ကျောင်းပေါ် တက်လာကြ၏။ ကျွန်တော်တို့နှင့် ရင်းနှီးကျွမ်းဝင်သော ကျောင်းတုန်းက သူငယ်ချင်းမပါ။

ထိုနေ့က ကျွန်တော်တို့သူငယ်ချင်းသုံးယောက် စကားစိုင်း မှာခြောက်ကပ်ကပ်နိုင်လှသည်။

ဆယ့်တစ်နာရီထိုးခါနီးမှာ စိုင်းစံဦးအလှူမှ ကျွန်တော်တို့ သုံးဦးပြန်ခဲ့ကြသည်။

အပြန်ခရီး၌ လေးလံသောဝေဒနာတစ်ခု ပါလာတာ ဘာသာ သတိပြုမိလိုက်၏။

နေ့နေသည် ခြစ်ခြစ်တောက်အောင်ပူလောင်နေဆဲ။

ရွှေသမင်မဂ္ဂဇင်း

၁၉၉၄ ခုနှစ်၊ မေလ



www.burmeseclassic.com

www.burmeseclassic.com

စိန္တဝင်း( [illegible] )

ပို့ဆောင်



www.burmeseclassic.com

www.burmeseclassic.com



# ယာယီပိတောက်

## ( ၁ )

အလုပ်က ပေးထားသည့် သူ့တိုက်ခန်းကလေးသည် ရန်ကုန် အင်းစိန်လမ်းမကြီးကို မျက်နှာမူလျက်ရှိ၏။ လမ်းမကြီးနှင့် တိုက်ခန်း ကြားမှ ကွက်လပ်က အတော်လေးကျယ်သည်။ တိုက်ရှေ့မျက်နှာစာ မှာ ကားလမ်းရှိပြီး ကားလမ်းဘေးကွက်လပ်မှာ သစ်ပင်များရှိ၏။ ထိုသစ်ပင်များထဲမှ ရောမပိတောက်ပင်ကြီး တစ်ပင်ပါသည်။ ဆောင်း နှောင်းလာပြီဆိုလျှင် ပိတောက်ပင်ကြီးမှာ မီးအမြိုက်ခံရသည့်နှယ် သစ်ရွက်တို့ ဝါကျင်လာတတ်တာ၊ ဆောင်းကုန်သည်နှင့် အရိုး ပြိုင်းပြိုင်းဖြစ်လျက် သစ်ခြောက်ပင်ကြီးလို ဖြစ်သွားတတ်တာ။ နွေ အဝင်မှာ ဖက်ဖူးရောင်ရွက်နုတို့ ဝေစည်စည်ထွက်လာတတ်တာ။



www.burmeseclassic.com

သကြိန်ရက်နီးပါးက တစ်ပင်လုံးညွတ်နေအောင် အပွင့်တွေ ဝေတတ်တာ။ ပိတောက်ပင်ကြီးနှင့် ပတ်သက်သည့် အပြောင်းအလဲ အရာရာအားလုံးကို သူသတိထားနေမိတတ်ပြန်သည်။

လွန်ခဲ့သည့်ရက်များက ဖူးတံတွေချီနေသော ပိတောက်ပင်ကြီးကို သူငေးကြည့်နေမိခဲ့သေးသည်။

မနက်ဆို ပိတောက်တွေ ပွင့်လောက်ပြီဟု ညက မိုးတစ်ပြိုက်အရွာမှာပင် သူမှတ်မှတ်ထင်ထင် တွေးဖြစ်ခဲ့သေးသည်။

အိမ်ရှေ့တံခါးမှ ဝရန်တာငယ်ဆီထွက်လျက် ပိတောက်ပင်ကြီးဆီသို့ လှမ်းကြည့်လိုက်သည်။

အလို . . . ပိတောက်ပင်ကြီးက တစ်ပင်လုံးဝါလို့ ထိန်လို့ပါလား။ အစိမ်းရောင် ပိတောက်ရွက်တို့က ပိတောက်ခက်ဝါတွေကြားမှာ ခပ်ရေးရေးပေါ်တော့သည်။ ကြီးမားသည့် ရွှေစင်ရွှေပြားတို့အပေါ်မှာ ဖြန့်ကြဲမြုပ်နှံထားသည့် ကျောက်စိမ်းပွင့် ကလေးများနှယ်ပင်။

လေအဝှေ့မှာ ပျံ့ပျံ့လေးသင်းလာသည့် ပိတောက်နံ့ကိုရသည်။ ခြေဖျားကိုထောက်လျက် အားယူရင်း ပိတောက်နံ့ပါသည့်လေကို တစ်ဝရှူလိုက်မိပြန်သည်။

ပိတောက်နံ့တို့ ထုံမွှမ်းသွားသည့်ရင်သည် နုမျိုလန်းဆန်းသွား





သည် ထင်ရပြန်၏။

စွဲလမ်းတပ်မက်ခဲ့ရသော ထိုရနံ့သည် ငယ်အိပ်မက်တို့ကို ဆွဲဆန့်လိုက်သလိုပင်။

( ၂ )

ပိတောက်လမ်းမှာတော့

ပိတောက်ပန်းတွေတဝေဝေ

ပိတောက်တွေဝေသည့် မနက်။ ပိတောက်နံ့တို့မွှေးထုံသည့် ထိုမနက်။

ပိတောက်လမ်းဟုခေါ်သော တက္ကသိုလ်ပရဝဏ်မှ လမ်းကလေးသည် လမ်းဘေးနှစ်ဘက်မှ ပိတောက်ပင်တို့ အုပ်မိုးယှက်ဖြာလျက်ရှိသည်။

ပိတောက်တွေဝေသည့် နေ့များဆိုပါက ထိုလမ်းကလေးပေါ်မှာ ပိတောက်နိုင် ပိတောက်ခက်တို့ အုပ်မိုးကာ ယှက်ထားသလို။ ထိုလမ်းကလေးပေါ် လမ်းလျှောက်ရသည်မှာ ပိတောက်ပွင့်များဖြင့် မြုလုပ်ထားသည့် လိုဏ်ခေါင်းတစ်ခုထဲသို့ လျှောက်ဝင် ရသည့်နှယ်

www.burmeseclassic.com



ထင်ရသည်။

လမ်းပေါ်မှာ ကြွေကျနေသည့် ပိတောက်ပွင့်ဝါဝါတို့ဖြင့် လမ်းလုံးပြည့်သည်။ ထိုကြွေကျပြီး ပိတောက်ပွင့်ကလေးတွေကို ဖိနပ်ဖြင့် ဖိနင်းလျှောက်လှမ်းသွားရသည်ပင်လျှင် ရင်၌ကြင်နာသနားစိတ်ဝင်လာသလိုလို၊ မနင်းရက် နင်းရက် ခပ်ဖွဖွလှမ်းရင်း ရင်တွင်းမှာ ခံစားမှုတစ်ခုခုက ဝင်နေပြန်ပြီထင်ရ၏။

ခေါင်းပေါ်ကို မော့အကြည့် မှာလည်း ပိတောက်တို့ ဝန်းခိုင်ပန်းခက်ဆွဲသလို တွဲရွဲကျသည်။ အောက်ကိုငုံ့အလျှောက်မှာလည်း ပိတောက်ပွင့်ကြွေတို့က ကော်ဇော နှယ်ခင်းထားပြန်သည်။

ပိတောက်နံ့တို့ ထုံပျံ့နေသည့် ထိုမနက်က ထိုလမ်းပေါ်မှာ လျှောက်လှမ်းရင်း ရင်ခုန်ခဲ့ရခြင်းသည် တစ်သက်မမေ့ချင်စရာ။

ပိတောက်ပင်အောက်မှာရပ်ရင်း ချစ်သူလာမည့်လမ်းဆီသို့ ငေးစောင့်မျှော်မောနေခဲ့ရပြန်သည်။

ထိုမနက်က ပိတောက်တစ်ခက်ကို လက်ဆောင်ပေးရင်း ချစ်ခွင့်ပန်ခဲ့ပုံလည်း သတိတရရှိနေပြန်ပါ၏။





လှစ်အပြုံးတွေနဲ့
ချစ်ဆိုးရယ်
ပန်ပါတော့လို့
ဆံညှာကြေ့မှာ
ပိတောက်ပန်းကိုလ
လက်ကမ်းတာ
မောင်ဆင်တော့
မောင့်သည်းခင်
အချစ်ဦးက
ပန်သွားတဲ့လေး။

ချစ်သူအငြင်းခံရသည့် ပိတောက်ခက်တလေးသည် သူ့စာအုပ်ကြားမှာပင် ပြားချပ်သွေ့ခြောက်လျက် သူ့အတွက်တော့ အိပ်မက်များစွာကိုမွေးဖွားပေးနိုင်သည့် ချစ်သူနှင့်ပတ်သက်သည့် ခြေရာတစ်ခုဖြစ်လာခဲ့ပြန်ပြီကော။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလဲ
ချိုသဲရယ် မောင်ဆိုလို့
အို. . . အလို ချောကာမှ
ငိုတော့မယ် အမူအရာနဲ့
မောင့်မေတ္တာ
ပိတောက်ပန်းကို
နှမ်းလွယ်မှာစိုး
ညှိုးလွယ်မှာ
သူကြောက်လို့
ပိတောက်ကို သူမပန်တဲ့
တယုသန် အတွေးမျိုးနဲ့
ကလေးဆိုး အချစ်ရေ. . .
နှစ်တွေလဲ
ကုန်တာပြောင်း. . .။

သည်လိုနှင့် ပိတောက်တွေ နောက်တစ်ကြိမ် ထပ်ပွင့်သည် အထိ ချစ်သူ၏ အငြင်းအပယ်ကို ခံနေရဆဲပင်၊ နောက်နှစ်ပိတောက်





ပွင့်တွေဝေစဉ်မှာတော့ ပိတောက်တစ်ခက်ကို ယူဆောင်ရင်း ချစ်သူ၏ ရှေ့မှောက်သို့ သူရောက်ခဲ့ရပြန်သည်။

တစ်နှစ်ကူးပြီကွယ်. . .
ချစ်ဦးရယ်
နားထောင်စမ်း
နှမ်းမှာကို မင်းမစိုးနဲ့
ညှိုးမှာကို
မင်းမကြောက်နဲ့
ပိတောက်ဟာ
တော်ဝင်ပန်းပေမို့
နှစ်ဆန်းမှာ တစ်ခါပွင့်
အခွင့်တစ်ကြိမ်ကြုံတဲ့
မြဖူးငုံသင်းထုံဆင့်ကို
မင်း ပန်သင့်ကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မနက်က သူပေးခဲ့သည့် ပိတောက်ပန်းခက်ကလေးကို မငုံမရဲ အမူအရာဖြင့် ချစ်သူယူသွားခဲ့စဉ် သူ့ရင်သည် အတိုင်းမသိ တုန်လှုပ်နေခဲ့ရပြန်သည်ပဲ။

ညနေ ကျောင်းကအပြန် ချစ်သူမမြင်သာသော ကွယ်ရာအရပ်မှ ချောင်းကြည့်စဉ် မနက်ကသူပေးခဲ့သည့် ပိတောက်ပန်းခက်ကလေးကို ချစ်သူခေါင်းမှာ တွေ့လိုက်ရပြန်၏။

သည်အခါ၌ ရင်သည်ကြည်နူးမှု အရိုက်အခတ်ဖြင့် တဆတ်ဆတ်ခုန်ခဲ့ရပြန်ပြီလေ. . .

( ၃ )

အခန်းရှေ့မှ ဝေနေအောင်ပွင့်နေသည့် ပိတောက်ပင်ကြီးကို ငေးကြည့်ရင်း အသက်ဆယ့်ရှစ်နှစ်ကျော်အရွယ်က ငယ်အိပ်မက်ကဗျာသည် နှလုံးသား၌နေရာယူနေဆဲဟု သတိပြုမိပြန်သည်။

ပိတောက်ပင်အောက်မှ ဖြတ်ပြန်လာရင်း ပိတောက်ပွင့်တွေ လမ်းပေါ်ကအကိုင်းမှာညွှတ်ကျလျက် လက်တစ်ကမ်းမှာ ပွင့်ဝေနေတာ မော့ကြည့်လိုက်သည့် သူ့အမျိုးသမီးကို သူတွေ့လိုက်ရ၏။

ဈေးသွားဈေးပြန် သည်ပိတောက်ပင်အောက်မှ ဖြတ်နေကျမို့ ပိတောက်ပွင့်တွေ တွေ့ပြီး ငယ်ဘဝကို သူမလည်းပြန်၍သတိရဖြစ်နေပြီလား တွေးမိပြန်သည်။

ဈေးခြင်းတောင်းဆွဲလျက် အခန်းဆီသို့တက်လာသည့် သူမကို ဆီးကြို၍ တံခါးဖွင့်ပေးလိုက်၏။

ဘာဖြစ်ဖြစ် ပိတောက်တွေက လှလိုက်တာနော်ဆိုသည့် သိုသိုသိပ်သိပ် လွမ်းမောစကားကိုတော့ သူကြားချင်နေခဲ့သည်။

ထိုစကား၏ နောက်မှခံစားမှုများကို သူတွေးယူခံစားနေမိချင်ပြန်သည်။

တံခါးကိုပြန်ပိတ်လိုက်ပြီး မီးဖိုချောင်ဆီသို့ဝင်သွားသည့် သူမနောက်မှ ထပ်ကြပ်မကွာ လိုက်သွားခဲ့၏။

" ဒီကုန်ဈေးနှုန်းတွေနဲ့ ဘယ်လိုမှ ဈေးဝယ်လို့မရတော့ဘူး၊ ရတဲ့လခက လေးငါးရက်စာ ဈေးဖိုးပဲရှိတယ်၊ သားဈေးငါးဈေး ငရုတ်၊ ကြက်သွန်ဈေးက အားလုံးအတက်ချည်းပဲ "

ဈေးခြင်းတောင်းကိုချရင်း သူ့ကိုမကြည့်ဘဲ ပြောလိုက်သည့် သူမ၏စကားသံသည် သူ့နှလုံးသားမှာ တွဲခိုတွယ်ငြိနေသည့် ပိတောက်နံ့တို့ကို လွင့်ပြယ်သွားစေတော့သည်။







www.burmeseclassic.com

www.burmeseclassic.com



" ဈေးထဲမှာ မသန်းမြနဲ့တွေ့တယ်၊ အိမ်လာ ဆန်တောင်းမလို့တဲ့ ။ ကလေးတွေက ညကတည်းက ထမင်းမစားရဘူးပြောတယ်၊ ဒါနဲ့ ဆန်နှစ်ပြည်ဝယ်ပေးလိုက်တယ်။ "

သူလေပူကို မှတ်ထုတ်လိုက်မိတော့သည်။ မသန်းမြဆိုတာ သူ့စက်ရုံမှ သူ့အလုပ်သမားတင်သန်းရဲ့မိန်းမ ၊ သူ့အိမ်မှာလာပြီး အကူအညီတောင်းနေကျ။ ကလေးကတစ်ပြုံတစ်ခေါင်း။

ငယ်စဉ်က ပိတောက်လမ်းပေါ်မှာလျှောက်ရင်း ရခဲ့သည့် ပိတောက်ကဗျာလေးကို ရွတ်ပြလိုက်ဦးမည်ဆိုသည့် သူ့အတွေးသည်လည်း ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွားခဲ့ရရှာပြီ။

မီးဖိုချောင်မှ မသက်မသာဖြင့် သူပြန်လှည့်ထွက်လာခဲ့ရင်း အပြင်စရန်တာဆီ သွားရပ်၏။ မြင်ရသည့် ပိတောက်ပွင့်ဝါဝါသည် သူ့အမြင်မှာ ချော်ရည်ချော်စက်တို့ လျှံကျပန်းထွက်နေသည့် မီးတောင်ဝ ဟုထင်လိုက်မိတော့သည်။





(၄)

အဓိပတိလမ်းမှာ
လျှောက်စဉ်တ
ပိတောက်မြင်ရင်
တစ်သက်မမေ့ပြီဘူးတဲ့
လက်တွေ့မှာ
အဖြေညှိကြတော့
ပဟေဠိတွေ
အတူမရှင်းနိုင်ခဲ့
ထမင်းဆိုင်မှာ
ထမင်းရတယ်ဆိုတဲ့အသိ
ရှစ်ရှင်ကြည့်ရင်
နောက်ဆုံးထောင့်က
ခုံတန်း
လက်ရမ်းကလေး
မြားတာတော့



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲမှာ
မြင်းမိုရ်တောင်ရှိသလို
မချိအောင်
အနေခက်တယ်ကွယ့်. . .
ရယ်လို့. . .
ရွှေလက်ကို ကိုင်ကာ
ပြောခဲ့တဲ့
စကားတွေလည်း
သူ့နားထဲမှာ မချိုမြိန်နိုင်
ပိုင်ဆိုင်ခဲ့ကြပြီးတဲ့နောက်။

ပီတောက်ပန်းတွေကို ကြည့်နေရင်း ရင်တွင်း၌ ကာရန်တွေ ပလုံစီထွက်လာသည်။ ကဗျာတစ်ပိုင်းတစ်စသည် သူ့နှလုံးသားမှ ယိုစီးကျလာပြန်တော့၏။

တစ်နှစ်ကူးပြီမို့
ချစ်ဦးရယ်. . . မင်္ဂလာ





မနက်ပါကွယ့် ရယ်လို့
ကျောင်းတက်ကာ
ဘုရားကို ပို့ရမလား
ဟို့ . . . က တံတားမှာ
အရင်ပုံတလို
ရင်ခုန်စရာ
အတူလျှောက်ဦးမလား
စကားဆို
ဘယ်သူစ နိုင်သလဲ
ဒီလဘယ်လိုကုန်လို့
ဘယ်လိုပုံ
ဘယ်လိုဖြည့်ကြမလဲ
ရင်ထဲမှာ
အတွေးကိုယ်စီမို့
ဝါရွှေရည်
ပီတောက်
မနက်မှာလဲ ( လည်း )



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မျက်နှာ
တစ်ယောက်ကြည့်ကာ
မကြည်နူးဖြစ်ပါဘု
ဦးချစ်ဆိုင် တဏှာသိုလ်က
အရိပ်ဟာလဲ ( လည်း )
တစ်ဖက်ဟို အတိတ်မှာ
အိမ်မက်လိုနေပြီမို့
နွေအမိ ရွှေရည်
ပိတောက်ကိုလဲ ( လည်း )
နေခြည်မှာ
ကြွေပြီဆို ခြောက်မှာမို့
ခဏလှမ်းလျှောက်ကာ
အလှပန်း
မကောက်သာတဲ့
ခြော်. . . ဘဝဗန်းထဲမှာ
ရှိတဲ့လူနှစ်ယောက်။





( ၅ )

လေတစ်ချက်ဝှေ့သွားသော်လည်း ပိတောက်နံ့သင်းသင်းသည် နွမ်းကြပ်လှောင်ပိတ်နေသော သူတိုက်ခန်းကလေး အတွင်းသို့ ပျံ့၍ မွှေး၍ မသွားနိုင်တော့။

သူ့နှလုံးသားမှာအစီအစဉ်မကျသေးသည့် ပိတောက်ကဗျာ အပိုင်းအစများ ယိုစီးကျလာနေသည်ကို ကဗျာတစ်ပုဒ်ဖြစ်အောင် သူရေးမည်တွေးလိုက်၏။


ထိုကဗျာကို ယာယီပိတောက်ဟု ခေါင်းစဉ်ပေးရမည်။

ရွှေသမင်မဂ္ဂဇင်း
၁၉၉၅ ခုနှစ်၊ ဧပြီလ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကျေးလက်စာပေပွဲ

( ၁ )

မဲဇလီကုန်း၊ ကုက္ကိုကုန်း၊ ကန့်လန့်ကုန်း စသည့်ရွာတန်းရှည်သုံးရွာသည် မြို့နှင့်အတော်လေးအလှမ်းဝေး၏။ အနည်းဆုံး ခုနစ်မိုင်၊ ရှစ်မိုင်လောက်တော့ရှိမည်။ မိုးတွင်းဘက်ဆိုလျှင် စက်ဘီးစီးမရနိုင်လောက်အောင် ရွှံ့စေးများထူထပ်သည့် တာရိုးလမ်းတစ်ခုကမြို့နှင့်ရွာသုံးရွာကို ဆက်သွယ်ပေးထားသည်။ နွေနှင့်ဆောင်းမှာတော့သည်တာရိုးပေါ်မှာ စက်ဘီးစီး၍ ရနိုင်၏။ ဆိုက္ကား၊ မြင်းလှည်းသွားလို့ရအောင် တာရိုးကမကောင်း၊ မကျယ်။ နွေဘက်မှာဆိုပေမဲ့ အကြောင်းမဟုတ် လှည်းလမ်းရှိနေပြီမို့ လှည်းကို အားကိုးရသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ရွာသုံးရွာ အားကိုးအားထားပြုနေရသည့် မြို့ကိုက အမှန်တော့ မြို့မဟုတ်သေးပေ။ မီးရထားဘူတာရှိသည့် မြို့ကလေးပင်။ ထိုမြို့ကလေးကိုက စည်ပင်ဖွံ့ဖြိုးခြင်းနည်းသေးသည်ဆိုတော့ ထိုရွာသုံးရွာမှာကား ဆိုဖွယ်ရာမရှိတော့ပြီ။

သို့သော် ထိုသို့ ဖွံ့ဖြိုးမှုနည်းသေးသော မဲဇလီကုန်းရွာမှ စာပေဟောပြောပွဲ လုပ်မည်ဆိုတော့ ကြားရသူတို့ အံ့ဩစရာပင်။ ရွာတန်းရှည်သုံးရွာရှိ ဇရပ်၊ ကုက္ကိုပင်၊ ထန်းပင်တို့မှာ ဆေးအနီနှင့်ရေးထားသော ပိုစတာများကပ်ထားတာတွေ့ရ၏။ ဖတ်ကြည့်ကြပြီး ယုံသူတို့ရှိသလို မဖြစ်နိုင်တာကွာဟု မယုံသူတို့ကလည်းအများသား။

သာဒွန်းနှင့်မြအောင်တို့ ဦးဆောင်ပြုလုပ်ကြသည် ဆိုတာ နောက်ဆက်တွဲ သိရပြန်တော့ ပို၍စိတ်ဝင်စားနေကြပြန်သည်။

( ၂ )

အမှန်စင်စစ် သာဒွန်းနှင့်မြအောင်တို့သည် သိပ်ပြီးအစေးကပ်ကြသူများမဟုတ်။ သာဒွန်းက မဲဇလီကုန်းရွာသားဖြစ်ပြီး၊ မြအောင်က ကုက္ကိုကုန်းရွာဇာတိ။ ရွာသုံးရွာက တစ်ရွာနှင့်တစ်ရွာ ကပ်ပြီးတည်ထား





ကြတာဆိုတော့ သုံးရွာပေါင်းပြီး တစ်ရွာလိုဖြစ်နေသည်။ ရွာတစ်ရွာသည်းက အပိုင်းသုံးပိုင်း ကွဲနေသလိုပင်။ သာဒွန်း၏အဖိုးက ဟိုးအရင်က ရွာသူကြီးဟုပြောသည်။ သာဒွန်း၏အဖေကလည်း မြို့ကို အစည်းအဝေးတွေ ဘာတွေတက်ရတတ်သော ကျေးရွာလူကြီး တစ်ဦးပင်။ အခုတော့ အသက်လည်းကြီးပြီမို့ ရွာမိရွာဘလိုနေသူ။

သာဒွန်းတို့က လယ်များစွာ ပိုင်ဆိုင်သော တောသူဌေးများပင်။ သာဒွန်းကတော့ မြို့ကျောင်းမှာ ဆယ်တန်းအထိ ကျောင်းနေခဲ့ပြီး၊ ဆယ်တန်းမအောင်ဘဲ လယ်သူရင်းငှားလုပ်နေသူ။

သာဒွန်းနှင့်မြအောင်သည် သည်ရွာသုံးရွာမှ ကာလသားခေါင်းဟုဆိုနိုင်သည်။ ရွာသုံးရွာ၏ သာရေး နာရေးတို့ကို သာဒွန်းနှင့်မြအောင်က ဦးဆောင်လေ့ရှိသည်။ သာဒွန်းကငွေကြေးပြည့်စုံသူပီပီ ငွေကြေးဖြင့် ကူညီပံ့ပိုးတတ်ကာ၊ မြအောင်ကတော့ ရွာလူငယ်တို့ကို စည်းလျက် လုပ်အားနှင့်ဝိုင်းဝန်းလေ့ရှိသည်။ သာဒွန်းတို့အိမ်မှာ မီးစက်၊ လောက်စပီကာတို့ရှိသည်မို့ နာရေးကိစ္စဆိုပါက ငွေကြေးမယူဘဲအကူအညီပေးတတ်သည်။ ရွာလုံးဆိုင်ရာကထိန်ပွဲများမှာလည်း သူတို့မီးစက်၊ လောက်စပီကာတို့ အလှူဝင်တတ်ပြီး ငွေကြေးကိုလည်း တည်လှူဒါန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ရွာသုံးရွာမှာတော့ သာဒွန်းမပါပါက ငွေကြေးမပြည့်စုံ မဖြစ်နိုင်သကဲ့သို့ မြအောင်မပါပါက ရွာလူငယ်ထုလုပ်အားမရမှာမို့ ပြီးမြောက်နိုင်မည်မဟုတ်ပါ။

သာဒွန်းနှင့်မြအောင်တို့သည် အတူတွဲ၍ အလုပ်လုပ်နိုင်ရန် အတွက် သူတို့နှစ်ဦးကို စုစည်းချည်နှောင်ပေးထားသောကြိုး တစ်ချောင်းမှာ " စာဖတ်ဝါသနာပါခြင်းပင်ဖြစ်သည်။ "

သာဒွန်း၏ငွေကြေး၊ နေရာ၊ အစစ စိုက်ထုတ်မှု၊ မြအောင်၏ အစစအရာရာ ဆော်ဩမှုတို့ဖြင့် မဲဇလီကုန်းရွာမှာ စာကြည့်သင်းက လေး တစ်ခု ထူထောင်နိုင်ခဲ့သည်မှာ လေး၊ ငါး၊ ခြောက်နှစ်ပင်ရှိပြီး သူတို့နှစ်ဦး၏ကျေးဇူးကြောင့် ရွာမှလူငယ်များ စာဖတ်ရကောင်းမှန်း သိနေကြပြီ။

ယခုလည်း မြို့မှာ စာပေဟောပြောပွဲ ဖြစ်မည်ဟု သတင်းရလာ သူက သာဒွန်း။ သူက မြအောင်ကိုပြောသည်။ မြအောင်က ရွာမှာ စာပေဟောပြောပွဲလုပ်ချင်သည်။ နောက်ဆုံးမှာတော့ မြို့မှ စာပေ ကော်မတီမှာပါသော သာဒွန်း၏သူငယ်ချင်းကို သွားတွေ့ကာ ဆွေး နွေးသည်။ မြို့ကသူငယ်ချင်းက မဖြစ်နိုင်ဘူးထင်တယ်ပြော၏။ ဒီလောက်လမ်းပန်းဆက်သွယ်ရေး ခေါင်တဲ့နေရာကို စာရေးဆရာတွေ





လိုက်ပါ့မလားပူ၏။ သာဒွန်းက လိုက်အောင်သာပြောကွာ လယ်ထွန် စက်နဲ့ခေါ်မယ် ဟု အားတက်သရောဆွေးနွေးသည်။

ရန်ကုန်မြို့တက်ပြီး စာရေးဆရာဖိတ်ပါလား. . . မဲဇလီကုန်း မှာလည်း ညပွဲတစ်ပွဲ ဆက်လုပ်ချင်ကြောင်း၊ ပြောကြားပေးမည်ဟု မြို့ကသူငယ်ချင်းက အာမခံလိုက်၏။ စာရေးဆရာတွေဖိတ်ပြီး ပြန်လာ တော့ သူတို့နှစ်ဦး မြို့သွားတွေ့သည်။

မြို့လာဟောမည့် စာရေးဆရာသုံးဦးအနက် နှစ်ဦးကတော့ နောက်ပွဲတွေ ဆက်စရာရှိလို့ မလိုက်အားဟု သိရသည်။ စာရေးဆရာ တစ်ဦးကတော့ လိုက်မည်ဟု ကတိပေးလိုက်ကြောင်း ကြားရတော့ သူတို့ထခုန်မိမတတ် ဝမ်းသာသွားရပြန်သည်။ ထိုလိုက်မည့်စာရေး ဆရာအိုးဝေကလည်း စာဖတ်သင်းမှ ကျေးရွာလူငယ်တွေနှင့် ရင်းနှီး ကျွမ်းဝင်ပြီးသားဆရာ၊ ပရိသတ်ရှိသောဆရာမို့ သူတို့အတော်လေးကို ကျေနပ်သွားကြပြန်၏။

သည်လိုနှင့် စာရွက်အကြမ်းတွေပေါ်မှာ ပိုစကာရေးပြီး ကပ် ကြသည့်အဆင့်ကို ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



( ၃ )

ခါတိုင်းသာရေး နာရေးကိစ္စများမှာ သာဒွန်း သည်လောက် တက်တက်ကြွကြွမရှိ၊ ငွေကြေးထည့်ဝင်ရုံ မီးစက်နှင့် လောက်စပီကာ ငှားရုံသာ။ အခုစာပေဟောပြောပွဲ ကိစ္စမှာတော့ ကိုယ်တိုင်ပိုစတာတွေ ကပ်၊ ရွာသုံးရွာကြားမှ ကွက်လပ်မှာ စင်ထိုးတော့လည်း ကိုယ်တိုင်ပါ နေတာကိုကြည့်ရင်း မြအောင်တို့က အံ့သြနေကြ၏။

" ဘာအံ့သြစရာရှိသလဲကွ၊ ဒီကောင်ကစာရေးဆရာရှူး ပြီးတော့ ပရိသတ်ရှေ့မှာ သိပ်စကားပြောချင်တဲ့ကောင်၊ မင်းတို့က စာရေးဆရာရှေ့က သူ့ကိုစကားပြောခွင့်ပေးထားတယ်ဆို"

ရွာဦးဆရာတော်လေးက မြအောင်ကို ပြောတော့မှပင် မြအောင်ကောင်းကောင်းသဘောပေါက်သွားခဲ့သည်။ မြအောင်က သည်ပွဲမှာ အခမ်းအနားမှူးလုပ်ပြီး သာဒွန်းက စာရေးဆရာနှင့် မိတ်ဆက်ကာ ရှေ့မှ စကားပြောရန်စီစဉ်ထားသည်။

" မိတ်ဆက်စကားပြောရင်း ငါနည်းနည်းတော့ ဟောမယ် ကွာ" ဟု သာဒွန်းကပြောခဲ့၏။





စာရေးဆရာကလည်း တစ်ဦးတည်းမို့ အချိန်တွေပိုနေမည်။ သည်တော့သူပြောချင်တာ ပြောပါစေဟု အားလုံးက သဘောတူ ဆိုက်ကြ၏။

" အိုးနင်းခွက်နင်းဖြစ်မယ်နော်. . . သာဒွန်း၊ မင်းပြောမှာဖြင့် နှင့်လည်း သေသေချာချာပြင်ဆင်ထားဦး "

မြအောင်ကသတိပေးသည်။ ရှပ်ပျက်ဆင်းပျက် မဖြစ်ဟုတော့ သာဒွန်းကို သူတို့ယုံကြည်ကြ၏။ သာဒွန်းဆိုတဲ့ကောင်က ဒီရွာတန်း ရှိသည် သုံးရွာမှာတော့ စကားပြောအတွေ့အကြုံအရှိဆုံးကောင်။ ပရိသတ်ရှေ့မှာစကားပြောရတာကိုလည်း အင်မတန်နှစ်သက် သည့်ကောင်။ တစ်နှစ်တစ်ခါ ရွာသုံးရွာပေါင်းပြီး ပြဇာတ်ကလျှင် သူကပြဇာတ်တွေ ဘာတွေမှာမပါ။ သီချင်းလည်းတက်မဆို။ စင်ပေါ် တက်ပြီး ပဏာမစကားပြောဖို့ တာဝန်ယူသည်။ သည်ပွဲဖြစ်မြောက် အောင် ဘယ်လောက်ကြိုးစားခဲ့ရပုံ၊ ဘယ်လိုအားထုတ်ခဲ့ရပုံမှအစ သူပြောချင်သမျှကို ပရိသတ်ရှေ့မှာပြောတော့သည်။ အဲ. . . ပြဇာတ် ထဲမှာ နောက်ခံစကားပြောရမည့် အခန်းတွေဘာတွေ ပါလျှင်လည်း သူပဲ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်တွေ ဘာတွေရှိလျှင်လည်း ညနက်ပိုင်းရောက်ပြီ က ကာလသားများက လောက်စပီကာနှင့်သီချင်းတွေ ဟစ်လေ့ရှိ၏။ သာဒွန်းကတော့ ဘယ်တော့မှသီချင်းမဆို။ မင်္ဂလာ သတို့သမီး သတို့သားအတွက် စကားလက်ဆောင်ပြောလေ့ရှိသည်။ တစ်ခါတစ်ခါ ကွက်စိပ်သဘောမျိုး ပြောဟောတတ်သည်။

သည်လောက်အထိ သာဒွန်းက ပရိသတ်ရှေ့မှာ စကားပြောရန် ပိုးရှိသူပင်။ သည်တော့ သည်ဟောပြောပွဲမှာသာ သူပြောဆိုခွင့် မရပါက ရှုံးသွားမည်ဟု မြအောင်ကတွေးသည်။

“ ငါ အခုဆို မှန်ဘီရိုရှေ့မှာရပ်ပြီး စကားပြောကျင့်နေပြီကွ ”

မြအောင်တို့နှင့် ဆုံစဉ် သာဒွန်းက အားပါးတရ ပြောပြ၏။

( ၄ )

ဟောပြောပွဲစင်ကလေးဆောက်ပြီးတော့ စင်ရှေ့မှာကလေးတွေ ဝိုင်းရံနေကြပြီ။ စင်ရှေ့ကွက်လပ်မှာဖျာစုတ်တွေခင်းသည့်သူက ခင်းသည်။ အုတ်ခဲများချလျက်နေရာမှတ်သူက မှတ်သည်။ ကလေးတွေစိတ်ထဲမှာတော့ ဟောပြောပွဲဖြစ်ဖြစ်၊ ဘာပွဲဖြစ်ဖြစ် ပွဲဆိုလျှင်ပြီး





ရောဟု ထင်နေလားမပြောတတ်။ သူတို့ကြည့်ရသည်မှာ ပျော်ရွှင်နေပုံရ၏။

ကလေးတွေတင်လားဆိုတော့ မဟုတ်။ ရွာတန်းရှည် သုံးရွာလုံးက ရွာသူရွာသားတွေအားလုံးပင် စာပေဟောပြောပွဲကို စိတ်ဝင်စားနေကြသည်။ တစ်ခါမှမကြုံဘူး၊ မတွေ့ဘူးသေးသည်မို့ အထူးအဆန်းလိုဖြစ်နေသည်။

“ ဆရာတော်လေး တရားပွဲလိုနေမှာပေါ့ ”

ဟု မှတ်ချက်ချသူက ချသည်။

“ ဘယ်ဟုတ်လေမလဲ၊ ရေဒီယိုထဲက ကွက်စိပ်စာဟောသလိုမျိုးဖြစ်မှာ ”

ဟု ခန့်မှန်းသူက ခန့်မှန်းသည်။

ဘယ်လိုဖြစ်ဖြစ် စာရေးဆရာအိုးဝေ၏ နာမည်သည်လည်း ရွာတန်းရှည်သုံးရွာမှာတော့ အတော်လေးရေပန်းစားသွားပြီ။ စာကြည့်သင်းက သူ့စာအုပ်တွေကို ပြန်ရှာပြီးငှားဖတ်ကြသည်။ ဖတ်ပြီးသည့် လူငယ်တွေဟာ မဖတ်ဖြစ်သည့် လူကြီးတွေကို ပြန်ပြောပြသည်။ သူတို့ရွာကို လာဟောမည့် စာရေးဆရာကို အလျင်ထက်ပိုပြီး သူတို့စိတ်ဝင်စားမှု ပိုလာသည်။ ထိုစာရေးဆရာအကြောင်း မဂ္ဂဇင်းတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့သမျှ ဖတ်မိသမျှ ပြန်ပြောကြသည်။

သည်လိုနှင့် စာပေဟောပြောပွဲကျင်းပသည့်နေ့ရက်သို့ ရောက်လာခဲ့၏။

သာဒွန်းနှင့် မြအောင်တို့က မြို့မှာဟောသည့်ညပွဲကို လာနားထောင်သည်။ မနက်ရောက်လျှင် တစ်ပါတည်းခေါ်သွားမည် စိတ်ထား၏။ ရွာသုံးရွာဘုံပိုင် လယ်ထွန်စက်ကြီးကို သာဒွန်းက မောင်းလာခဲ့သည်။ လှည်းနှင့်ဆိုလျှင် ကြန့်ကြာနေမည်တွေးပြီး လယ်ထွန်စက်ကြီး ယူလာခဲ့ခြင်းပင်။

မြို့ပွဲမှာ စာရေးဆရာအိုးဝေဟောတော့ သူတို့အသေအချာ စူးစိုက်နားထောင်သည်။ အလွန်သဘောကျနှစ်သက်သောကြောင့် တို့တော့လုပ်ရကျိုးနပ်ပြီဟု မြအောင်ကသာဒွန်းကို ပြောမိသေး၏။

မနက်ရောက်တော့ စာရေးဆရာကိုခေါ်လို့မရနိုင်သေးမှန်း သိရပြန်သည်။ နေ့လည်ဘက်မှာ စာပေဆွေးနွေးပွဲက ရှိသေးသည် တဲ့. . .

သည်တော့ စာပေဆွေးနွေးပွဲအပြီး ညနေလောက်မှ သူတို့ စာရေးဆရာကို ခေါ်လို့ရနိုင်မည်။

" နောက်တော့ ကျတော့မှာပဲ "





ဟု မြအောင်စိတ်ပူသည်။

" ဘာဖြစ်လဲကွာ၊ ပြဇာတ်တောင် မိုးလင်းသေးတာပဲ "

ဟု သာဒွန်းကပြန်အားပေး၏။

( ၅ )

မြို့ကထွက်လာတော့ ညနေတစောင်း။ ပုံမှန်သာဆိုပါက ညမိုးချုပ်စမှာ သူတို့ရွာကို ရောက်ရမည်။ သို့သော်အရေးထဲကျမှ လယ်ထွန်စက်က ပျက်နေပြန်သည်။ ခဏမောင်းလိုက် ရပ်သွားလိုက်။ ဟိုနှိုက် ဒီနှိုက်လုပ်လိုက် ပြန်ကောင်းလိုက်နှင့် ခရီးဖင့်ရတော့၏။

" ဆရာ့ကို အားနာလိုက်တာ "

" ရပါတယ်ဗျာ "

မြအောင်ကစာရေးဆရာကို အားနာစကားဆို၏။ သို့သော်လည်း ဘာမှမတတ်နိုင်။ သည်လိုနှင့် နောက်ဆုံးတော့သူတို့ရွာကို ရောက်လာကြသည်။ ရွာသုံးရွာအလယ်ကွက်လပ်မှ ဟောပြောပွဲစင်သည် မီးရောင်ဖြင့် လင်းထိန်နေတာ လှမ်းမြင်ရ၏။ စင်ရှေ့ကွက်လပ်မှာလည်း လူတွေစုရုံးစုရုံး။ ပွဲငတ်နေကြသော ပရိသတ်များ၊ စာရေး



www.burmeseclassic.com

www.burmeseclassic.com



ဆရာကို အထူးအဆန်းလာကြည့်ချင်ကြသူများ၊ စာပေဟောပြောပွဲဆိုတာကို တစ်ခါမှမကြားဘူး မတွေ့ဘူးသူများ၊ လူစုလူဝေးကများပြားသည်။ ထိုင်နေကြသူများ၊ မိုးတိုးမတ်တပ်ရပ်နေကြသူများဖြင့် ပျားပန်းခတ်၍ မီးစက်မောင်းသံ‌ပလည်း ဆူညံနေသည်။

" ပရိသတ်ကတော့ များတယ်ဆရာ "

သူတို့ထွန်စက်ကို မြင်ရတော့ လာပြီဟေ့ဟု အော်ကာ ကလေးတစ်အုပ်ပြေးလွှားလာတာကို ကြည့်ရင်း မြအောင်ကပြောသည်။ စာရေးဆရာကတော့ ပြုံးပြုံးခေါင်းညိတ်၏။

" ငါ့အိမ်ကို သွားမယ်၊ ဆရာ့ကို ကျွေးမွေးဧည့်ခံပြီးတာနဲ့ ဟောပြောပွဲစရအောင် "

" သာဒွန်း မင်းဆရာ့ကို ကျွေးမွေးပြုစုနှင့် ငါ စင်ကိုသွားလိုက်မယ် "

သာဒွန်းနှင့်မြအောင်စည်းဝါးရိုက်၍ လယ်ထွန်စက်ကို ရွာထဲသို့ဝင်လာခဲ့သည်။

" ကျွန်တော့်အိမ်မှာ ခဏနား၊ ရေမိုးချိုး၊ စားသောက်ပြီးမှ ဟောပြောပွဲစင်ကို သွားတာပေါ့"

" အချိန်ရပါတယ်၊ ကျွန်တော်တစ်ယောက်ထဲ ဟောရမှာပဲ "





ဟု စာရေးဆရာက ပြန်ပြောသည်။

" ရှေ့ကကျွန်တော် နည်းနည်းပါးပါး မိတ်ဆက်ပြောမယ်ဆရာ "

" ဟာ. . . သိပ်ကောင်းတာပေါ့ ကိုသာဒွန်း၊ လုပ်ပါ၊ ပြောပါ"

" နည်းနည်းပါ ဆရာ"

" ပြောပါ၊ ရပါတယ်၊ ကျွန်တော်တစ်ယောက်ထဲပဲဟာ "

လယ်ထွန်စက်ကြီးက နှစ်ထပ်အိမ်နှင့် ဝန်းခြံကျယ်ထဲသို့ ချိုးဝင်လိုက်သည်။

" ကဲ . . . ငါပြန်မယ် သာဒွန်း၊ ငါစင်မှာရှိနေမယ်။ မြန်မြန်လာခဲ့၊ ပရိသတ်ကို ငါသွားထိန်းရဦးမယ်။ "

" စိတ်ချပါကွ၊ ငါတို့ ပရိတ်သတ်က မိုးလင်းထိပြောရင် မိုးလင်းထိနေမယ့် ပရိသတ် "

" ဇာတ်တွေ၊ ပြဇာတ်တွေနဲ့ မတူဘူး သာဒွန်းရ "

မြအောင်ကပြန်ပြောရင်း လယ်ထွန်စက်ပေါ်မှ ခုန်ဆင်းသည်။ ပြီးတော့ စာရေးဆရာကို နှုတ်ဆက်ကာ ခြံဝန်းထဲမှထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



( ၆ )

တိုက်ပုံအင်္ကျီခပ်နွမ်းနွမ်းဝတ်လျက် မြအောင်ကို စင်ပေါ်မှာ လှမ်းမြင်နေရပြီ။ အခမ်းအနားမှူးလုပ်မည့်သူထိုင်သော စားပွဲမှာ မြအောင်ထိုင်ကာ မိုက်ကိုစမ်းနေ၏။

" ဟဲလို . . . ဟဲလို . . . ဝမ်း တူး သရီး ... တက်စတင်း ဝမ်း တူး သရီး " အော်နေစဉ်မှာပင် မိုက်မှ ဂွီ ဆိုသည့် သံရှည်ကြီးထွက်လာပြန်သည်။

သူ့မိုက်နှင့် သူ့အသံချဲ့စက်ကို သူမှပင် အထာသိသည်။ တခြားသူတွေနားမလည်ဟု သာဒွန်းတွေးလိုက်၏။ စင်ရှေ့ကွက်လပ်မှာတော့ ကလေးတွေ ကျွမ်းပစ်နေကြသည်။

" ထွက်ပါတော့ဗျို့ ကြာလှပြီ "

ဟိုးနောက်နားဆီမှ အသံတွေကိုလည်းကြားရ၏။

" လာပြီ . . . လာပြီ ဟိုမှာလာကြပြီ၊ သာဒွန်းနောက်မှာ စာရေးဆရာ "

" ဒါဆို ပွဲထွက်တော့မယ်ကွ "

" ကလေးတွေငြိမ်ကြ၊ ထိုင်ကြ၊ ထိုင်ကြ "





တစ်ယောက်တစ်ပေါက် အသံတွေဆူညံသွားသည်။

" ရွှေပွဲလာ ဧည့်ပရိသတ်ကြီးခင်ဗျား၊ အဲ စာပေဟောပြောပွဲ ပရိသတ်ကြီး ခင်ဗျား။ သေသေချာချာ နေရာတကျ ထိုင်ပေးကြပါ၊ ကော်တော်လေးကြာရင် စတော့မှာပါခင်ဗျ ။ အဲ အစီအစဉ်စတော့ မှာဖြစ်ပါတယ်ခင်ဗျ "

ဒီကောင် မြအောင် တော်တော်ညံ့တဲ့ကောင် ။ အပေါက်အ ဝင်းတည့်အောင်လူရှေ့မှာ စကားမပြောနိုင်တဲ့ကောင်ပဲ ဟုသာဒွန်း တွေး၏။ ငါနဲ့များကွာပါ့။ ဒီညငါပြောပြမယ်၊ ကြည့်နေဟု အတွေးဖြင့် ပြုံးနေမိပြန်သည်။

မြအောင်၏ မိုက်မှကြေငြာသံကြောင့် ပရိသတ်တွေ နေရာယူကြသည်။ ကလေးတွေကလည်း နည်းနည်းငြိမ်သွား၏။ ပုရစ်ဖမ်းနေသူတွေ အဖမ်းရပ်သွား၏၊ ကျွမ်းပစ်နေသူတွေ အပစ်ရပ်သွား၏။ စင်ပေါ် အကြည့်အားလုံး ရောက်နေကြသည်။

" အပေါ်တက်ရမှာလား "

" ဟုတ်တယ်ဗျ "

" ဟာ "

စာရေးဆရာက သူ့ကိုစင်ပေါ်မှာတင်ထားသည်ကို သိပ်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



ပုံမရ။ ဒါပေမယ့် ဘာမှဆက်မပြောတော့ဘဲ ဝါးလှေခါးမှ စင်ပေါ်တ
သည်။ စင်ထောင့်မှ ဆက်တီကုလားထိုင်ချထားပေး၍ ကုလား
မှာ ဝင်ချထိုင်လိုက်၏။

" ဟေး . . . "

" ရှီး ရှီး "

" ဖြောင်း ဖြောင်း ဖြောင်း "

" အိုးဝေကွ ဆရာအိုးဝေ "

လူငယ်တွေက အော်သည်။ ကလေးတွေကလက်ခေ
မှုတ်သည်။ လူကြီးတွေက လက်ခုပ်တီးသည်။

" စာရေးဆရာကြီး တကယ်လာတယ်ကွ "

အော်သံတစ်ခုထွက်လာပြန်သည်။ အော် . . . သူတို့ သို
အရပ်ကို စာရေးဆရာတကယ်လာပါ့မလားဟု သံသယဝင်
သည်ဟု စာရေးဆရာတွေးရင်း စိတ်တော်တော်ရှိုးသားဖြူစင်
ပရိသတ်ပါလားဟု နားလည်လေးစားစိတ်ဖြစ်ပြန်သည်။

" အစီအစဉ်တွေ ဖတ်ကြားပါမယ်။ အဲ . . . အခမ်းအန
က ကျွန်တော်ပါပဲ၊ မြအောင် "

" ဟေး . . . . ဟေး "





ကလေးတွေက အားပေးအော်ဟစ်မှုကြောင့် မြအောင်စကား
သွားပြန်သည်၊ ပြီးတော့မှ မိုက်ခွက်ကို လက်ဖြင့်တောက်လိုက်၏။

" အဟမ်း . . . အဟမ်း "

မိုက်ခွက်၌ ချောင်းဟန့်ကြည့်သည်၊

" အစီအစဉ်တစ်ကတော့ အခမ်းအနားဖွင့်လှစ်မယ်။ အစီ
စဉ်နှစ်ကတော့ မဲဇလီကုန်းရွာသား သာဒွန်း၊ အဲ . . . ကိုသာဒွန်း
လောင်နာမည် မဲဇလီသာဒွန်းက "

" သာဒွန်း မဲဇလီကုန်းကမုန်း ခွေးသိဝက်သိကွ "

တစ်ယောက်ကထပ်အော်ပြန်သည်။

" အဲဒီ မဲဇလီကုန်းသာဒွန်းက စကားပြောပါမယ် "

မဲဇလီကုန်းသာဒွန်းလို့ ကြေငြာလိုက်တော့ သာဒွန်းက နည်း
ည်း တွန့်သွားသည်။ လိပ်ပြာမလုံချင်။

" ဘယ်မှာမှတော့ မပါသေးဘူးဆရာ၊ ကျွန်တော်ကြိုးစားပြီး
ာတွေရေးတွန်းပါပဲ အဟဲ "

အရှက်ပြေပြောရင်း ဘေးမှစာရေးဆရာကို သာဒွန်းက လှမ်း
ာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဲဇလီကုန်း သာဒွန်းက စာရေးဆရာနဲ့မိတ်ဆက်ပေးပြီးတော့ ဒီပွဲဖြစ်မြောက်ရေးကိစ္စကို နည်းနည်းပါးပါးပြောပါမယ်"

"နည်းနည်းပါးပါးပဲ ပြောကွ၊ သာဒွန်းကလေးရှည်တယ်"

အောက်မှအသံထွက်လာတော့ သာဒွန်းမျက်နှာပျက်သွား သည်။

"အစီအစဉ်နံပါတ်သုံးမှာတော့ ပရိသတ်များ မျှော်လင့်စော စား အားပေးနေကြတဲ့ ပြည်သူ့အချစ်တော်. . . အဲ. . . အဲ. . ."

စာရေးဆရာကို အဲဒီလိုမပြောသင့်ဘူး တွေးမိပေမယ့် မြအောင်နှုတ်လွန်သွားပြီ။ မတတ်နိုင်တော့ . . .။

"စာရေးဆရာအိုးဝေက စာပေရေးရာများကို ဟောပြောမှာ ပါတယ်"

"ဆရာအိုးဝေကွ"

ကလေးတွေက သူ့နာမည်အော်ရင်း အားပေးနေပြန်၏။





( ၇ )

ဖခမ်းအနားဖွင့်လှစ်ကြောင်းကြေငြာအပြီးမှာ နံပါတ်နှစ် အစီအစဉ်အရ ကဗျာဆရာ မဲဇလီကုန်းသာဒွန်းက မိတ်ဆက်စကား ပြောကြားပါတော့မယ်ဟု မြအောင်ကြေညာလိုက်စဉ် သာဒွန်းရင်တွေ ခုန်နေပြန်၏။ ပြဇာတ်စင်ပေါ်တက်ပြီး ပရိသတ်ရှေ့မှာ စကားပြောရစဉ်က ဒီလောက်ရင်မခုန်ဟု ထင်သည်။ စကားပြောစင်မရှိသဖြင့် စားပွဲတစ်လုံးကို ချထားရာ စားပွဲဆီလျှောက်သွား၏။ စားပွဲပေါ်က မိုက်ရှေ့မှာ ရပ်သည်။

မိုက်ကို လက်ဖြင့်ခေါက်ကြည့်သည်။

ပြီးတော့ ဝူး. . ဝူး. . ဟုမှုတ်ကြည့်လိုက်ပြန်၏။ ပြီးတော့မှ သူစကားစပြောလိုက်သည်။

"ကျွန်တော် မဲဇလီကုန်းက သာဒွန်းပါ"

"သိပါတယ်ကွ မြန်မြန်ပြော"

"ဒီလိုပါ ဒီည ဒီစင်ပေါ်ကို ကျွန်တော်မနေ့ တမင်ရောက်တာ သွေးနားထင်ရောက်လို့တော့ မဟုတ်ပါဘူး"

"ရှူးရှူး. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း"



www.burmeseclassic.com

www.burmeseclassic.com



ရွှေမှ ကလေးများက လက်ခုပ်တီးပေးသည်။

" လေမရှည်နဲ့ကွာ၊ ပြဇာတ်ကနေဟာမဟုတ်ဘူး "

နောက်နားမှ လူကြီးသံတစ်သံထွက်လာသည်။

" အခါသင့်လို့ အခွင့်ကြုံခိုက်မှာ ဒီက နိုင်ငံကျော်စာရေးဆရာကြီးနဲ့ကျွန်တော် ပရိသတ်များကို မိတ်ဆက်ပေးချင်ပါတယ်။ ဒီလိုမိတ်ဆက်ပေးတဲ့နေရာမှာ . . . "

စာရေးဆရာအိုးဝေ၏ စာပေနေရာအတ္ထုပ္ပတ္တိကို မဖတ်ကြားခင် သူဖတ်ဖူးသော ဆရာ၏စာအုပ်များအကြောင်း၊ သူသိထားသော မဂ္ဂဇင်းပါ ဆရာ၏စာပေလှုပ်ရှားမှုများအကြောင်းကို သာဒွန်းလေရှည်နေပြန်သည်။

ပြီးမှ စာရေးဆရာ၏ အတ္ထုပ္ပတ္တိကို ဖတ်သည်။

" အဲဒီလို စာရေးဆရာနဲ့မိတ်ဆက်ပေးပြီးနောက်မှာတော့ ကျွန်တော်ပရိသတ်များကို နည်းနည်းပါးပါး ဟောကြားချင်ပါ သေးတယ် "

" တော်ပြီကွာ "

" တော်တော့ ဟေ့. . . "

အောက်မှ တစ်ယောက်တစ်ပေါက် အော်ဟစ် နေသံများကို





သာဒွန်းမကြားတော့၊ ရာန်ဝင်သွားပြီ။ မှန်ရှေ့မှာ သူကျင့်ထားသည့်အမူအရာများအတိုင်း ပြောတော့သည်။ သူကျက်မှတ်ထားတာတွေ ရွတ်ဖတ်တော့သည်။

ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်ကြာသော်လည်း သာဒွန်းဆက်ပြောနေဆဲ။ စင်ရှေ့မှကလေးများ ကွမ်းထိုးသူ ထိုးနေကြပြီ။ ပုရစ်ဖမ်းသူဖမ်းနေကြပြီ။

မိနစ်သုံးဆယ်၊ မိနစ်လေးဆယ်။

သာဒွန်းအရှိန်ကောင်းနေဆဲ။

" သာဒွန်းဆင်းတော့ဟေ့ "

" ကြာတယ်ဟေ့ ဆင်းတော့ "

" တော်ပါတော့ဗျို့ "

အောက်မှပရိသတ်က အော်ဟစ်အားပေးနေကြပြီ။ သာဒွန်းဂရုမစိုက်။ သူ့စကားကိုသာ သူဆက်ပြောနေဆဲပင်။ စာရေးဆရာကသက်မ ချရှီကြည့်သည်။ တစ်ယောက်တည်းဟောရမှာဖြစ်သော်လည်း အပွေ့အကြုံနည်းသော ပရိသတ်မို့ ပရိသတ်မရှိမှာ စိုးနေသည်။ ပြီးတော့ပွဲစချိန်နောက်ကျခဲ့သည်မို့ ညဉ့်နက်မှာလည်း စိုးပြန်၏။

" ဆရာ. . . သာဒွန်းတော့ အရှိန်ရနေပြီ၊ ဘယ်လိုလုပ်မလဲ



www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနားမှူးမြအောင်က စာရေးဆရာနား လာကပ်ထိုင်ရင်း ပြော၏။

" ဒီလူတော်တော်ပြောနိုင်တာပဲ၊ ပြောနေကျလား "

စာရေးဆရာကမေး၏။

" ပြဇာတ်တွေ ဘာတွေမှာ ပြောနေကျပဲဆရာ၊ ဟုတ်တာ မဟုတ်တာထား ပရိသတ်ရှေ့မှာ စကားပြောရရင် ဒီကောင် ထမင်းမွေ့ ဟင်းမေ့ပဲ၊ ပိုးရှိတယ်ဆရာ "

" ဘယ်လောက်ကြာဦးမှာလဲ "

" မမှန်းတတ်ဘူးဆရာ၊ တောင်စဉ်ရေမရ လျှောက်ပြောနေရ တော့ ကြာချင်သလောက်ကြာမှာပဲဆရာ "စာရေးဆရာကသက်ပြင်း ချသည်။

" နေဦးဆရာ စာရေးပြီး ကျွန်တော် သွားပေးလိုက်မယ် "

မြအောင်စာရွက်တိုလေးကို ယူပြီး . . . .

" သာဒွန်း မြန်မြန်လုပ်။ စကားဖြတ်ပြီးဆင်းခဲ့တော့ " ဟု ရေးသည်။

" ဒါလေး သွားပေးလိုက်မယ် "

စာရေးဆရာက ခေါင်းညိတ်ပြလိုက်၏။ ပြီးတော့ ပရိသတ်





ကို လှမ်းကြည့်ရင်း သက်ပြင်းချပြန်သည်။ ပရိသတ်က သူ့ကို မျှော်ဆဲ စောင့်ဆဲဟု နားလည်ကာ ကြည်နူးမိပြန်၏။

မြအောင်က စားပွဲနားသွားပြီး စာရွက်ကလေးကို ချပေးသည်၊ မြအောင်ချပေးသော စာရွက်ကလေးကို သာဒွန်းက ငုံ့ဖတ်လိုက်၏။ မျက်စိမျက်နှာပျက်သွားတာ၊ တွေ့လိုက်သည်။

" ငါ ဘာပြောသေးရလို့လဲ၊ ငါပြောတာ ဘယ်လောက်ကြာ သေးလို့လဲ၊ အခုမှအစပဲရှိသေးတာပဲ၊ ဒီကောင် ငါ့ကို သက်သက် မနာလိုဘာဘဲ "

ဟု အတွေးဝင်လာကာ စာရွက်ကလေးကို လက်တစ်ဖက်ဖြင့် ကောက်ယူလုံးခြေရင်း စကားဆက်ပြောသည်။

" စာရေးဆရာ ပြောပါတော့ဗျို့ "

" သာဒွန်း ဆင်းပါတော့ဗျို့ "

" နားငြီးတယ် သာဒွန်းရေ "

" ဟုတ်တယ် နားငြီးတယ်ကွ "

" ဆင်းကွ ဆင်းမတော့ "

ပရိသတ်များ၏ အော်ဟစ်သံများနှင့်ခေါသသံတွေပါလာပြီး နောက်နားမှာ ထိုင်နေသူများ ရုတ်ရုတ်သဲသဲ ထရပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဲလုံးတွေ၊ ပြောင်းဖူးရိုးတွေ စင်ပေါ်ကိုရောက်လာတော့၏။ ပရိသတ်ကို ထိန်းဖို့ မြအောင် စင်ပေါ်မှ လွှားကနဲဆင်းသွားသည်။ စာရေးဆရာကတော့ ပရိသတ်ကိုငေးကြည့်နေဆဲ။ ထိုင်နေရာမှ ထရပ်သူ၊ အော်ဟစ်သူများ ပိုမိုများလာတာတွေ့ရသည်။

သာဓွန်းကို လှမ်းကြည့်လိုက်တော့ မိုက်ခွက်ရှေ့မှာ ကြောင်ကြောင်ကြီးရပ်နေသည်။ ပရိသတ်ကို ကြည့်လိုက် သူ့ရှေ့ကျလာသည့် ခဲတွေကို ကြည့်လိုက် မျက်နှာကြီး နီမြန်းနေသည်။

အံကိုတင်းတင်းကြိတ်လိုက်တာတွေ့၏။ ပြီးတော့ ချာကနဲ လှည့်ထွက်ကာ စင်ပေါ်မှ ဆင်းသွားတော့၏။

စင်ပေါ်မှာ စာရေးဆရာတစ်ဦးတည်းသာ ကျန်ရစ်တော့သည်။ ဘာလုပ်ရမလဲ စဉ်းစားရင်း မိုက်ရှိရာ စားပွဲဆီသို့ စာရေးဆရာ ထသွား၏။

" စာပေချစ်သူ ရွာသူရွာသား ပရိသတ်ကြီးခင်ဗျား၊ စောစောကလိုပဲ စနစ်တကျထိုင်ပြီး နားထောင်ပေးကြဖို့ ကျွန်တော်လေးစားစွာနဲ့မေတ္တာရပ်ခံပါတယ်။ ကျွန်တော်ဆက်လက်ဟောကြားတော့မှာဖြစ်ပါတယ်၊ ပရိသတ်ကြီးခင်ဗျား "

" ဟေး . . . စာရေးဆရာအိုးဝေကွ၊ အိုးဝေ "





" ဟော တော့မှာကွ၊ ဟော တော့မှာ "

" တစ်ယောက်တစ်ပေါက် အော်ဟစ်ရင်း ပရိသတ်က ပြန်ထိုင်ကြသည်။

" နို့ နို့ နို့ . . . ဖြောင်းဖြောင်းဖြောင်း "

လက်ခေါက်မှုတ်သံ၊ လက်ခုပ်တီးသံများ ဆူညံနေပြန်သည်။ ပရိသတ်က သူ့ကိုစောင့်နေမျှော်နေတာပဲဟု စာရေးဆရာ ကြည်နူးစိတ်ဖြစ်ရပြန်၏။

ခဏအကြာမှာ မြအောင်စင်ပေါ်ပြန်ရောက်လာသည်။

" စာပေဟောပြောပွဲ ဆက်လက်ကျင်းပပါတော့မယ်။ အခု ပရိတ်သတ်များ မျှော်လင့်စောင့်စားနေကြတဲ့၊ ပြည်သူချစ်တဲ့ စာရေးဆရာအိုးဝေက . . . "

အခမ်းအနားမှူးပြောနေစဉ်မှာ စာရေးဆရာက ဆက်တီကုလားထိုင်မှာ သွားထိုင်ရင်း များပြားလှသော ပရိသတ်ကြီးကို လှမ်းကြည့်နေလိုက်၏။

" စာရေးဆရာ အိုးဝေက "

" ဟာ "

" ဟယ် "



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မီးပျက်သွားတော့သည်။

အမှောင်ကမ္ဘာဖြင့် အုပ်ချလိုက်သည့်နှယ်။ မိုက်ခွက်ကလည်း အသံမဆွဲတော့သဖြင့် မြအောင်စကားကို ဘယ်သူမှ မကြားရတော့။

ပရိသတ်တွေထဲမှာ ရုတ်ရုတ်သဲသဲ အသံတွေကြားရ၏။

တစ်ယောက်တစ်ပေါက် ဆူညံဆဲသံ၊ အော်ဟစ်သံများ ထွက်လာသည်။

" ခွေးသား သာဓုခန်း၊ သူ့မီးစက်ကို ဖျက်ပစ်လိုက်ပြီနဲ့တူတယ်"

" ဒီကောင် သောက်ကျင့်ယုတ်ကယုတ်နဲ့ "

စင်ဘေးမှ အသံတစ်သံကို စာရေးဆရာကြားလိုက်ရသည်။

" ဖယောင်းတိုင်နှင့်ဟောပါတို့ "

" မှောင်ထဲမှာပဲ ဟောပါတို့ "

သူ့ကို တောင့်တသည့် အသံတွေလည်း ကြားနေရပြန်သည်။ မြအောင်လည်း စင်ပေါ်က ဆင်းသွားပြီထင်၏။ စင်ရှေ့ဝဲယာ ပတ်လည်မှာ မှောင်မဲလျက်။ အသံဗလံတွေတော့ ကြားနေရသည်။ စင်ပေါ်မှာတော့ စာရေးဆရာတစ်ယောက်တည်း ။





ပရိသတ်ကလည်း စာရေးဆရာ ဟောပြောမည်ကို စောင့်ရင်း စင်ရှေ့မှာရှိ၍နေဆဲ။

ရွှေသမင်မဂ္ဂဇင်း

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အမြတ်ကြည့်သူများ
# အမှတ်မရှိသူများ

( ၁ )

ဆောင်းညနေသည် နေရောင်ကို စောစီးစွာ သိမ်းဆည်းသွားပြီး၊ မှုန်ပျပျအလင်းသည်သာ အမှောင်၏ ရှေ့ပြေးအဖြစ် ကြွင်းကျန် နေရစ်ခဲ့၏။ လှမ်းကြည့်မြင်နေရသော စီးရိုးပုလ္လာရိတ်တန်းသည် ငြိမ် အပွင့်နှင့်အပင် မကွဲချင်တော့။ အချိန်စောသေးသဖြင့် လမ်းမီးများမလင်းသေး။ အိမ်ရှေ့ပေါ်တီကို မီးဖွင့်ရန် ထိုင်ရာမှအထ အိမ်ရှေ့၌ ကားတစ်စီးလာရပ်တာတွေ့သည်။ ပေါ်တီကို မီးဖွင့်၊ ညှိခန်းနှင့်ပြီးချိန်မှာ အိမ်ရှေ့မှ ကားလေးပေါ်တီကိုရှေ့မှာ ရပ်တာတွေ့၏။

www.burmeseclassic.com

www.burmeseclassic.com



" ဟာ . . . အစ်ကို ဘယ်ကလှည့်လာတာလဲ "

ကားပေါ်မှဆင်းလာသော ထောင်ထောင်မောင်းမောင်းအ
နှင့်တိုက်ပုံပင်နီရောင်ကို သေသပ်စွာဝတ်ထားသည့် ကျွန်တေ
လေးစားသော စာရေးဆရာ တစ်ယောက်ကို တွေ့လိုက်ရသည်။ ထို
အတိုင်းအေးဆေးညင်သာစွာပြုံးရင်း အိမ်ပေါ်တက်လာ၏။ သူ့နော
မှ ပါဝါမျက်မှန်နှင့် လူတစ်ယောက်ပါလာသည်။

" မင်းဆီသက်သက်လာတာကွ "

ဧည့်ခန်းထဲထိုင်တော့ ကျွန်တော့်ကိုကြည့်ရင်းပြောသည်။

" အစ်ကို့လုံးချင်းတွေ မထွက်တော့ဘူးလား "

လုံးချင်းလေးငါးအုပ်လောက်ထွက်ပြီး ဆက်ထွက်မလာသ
ကိုသတိထားမိရင်း ကျွန်တော်မေးလိုက်မိသည်။

" မထွက်နိုင်ပါဘူးကွာ၊ ငါ့ထုတ်ဝေသူက ဆက်မထုတ်ချင်တေ
ဘူး "

သူပြောမှ ကျွန်တော်သတိရမိလိုက်သည်။ လွန်ခဲ့သည့် လေ
ငါးလက သူ့စာအုပ်တစ်အုပ်ထုတ်ဖို့ကိစ္စ ကျွန်တော်နှင့် စကားပြေ
ခဲ့ဖူးသည်ပဲ။





" ငါ့မှာလုံးချင်းတစ်အုပ်ရေးပြီးသား ရှိတယ်ကွာ၊ အဲဒါ ငါ့
အုပ်တွေ ထုတ်နေကျ ထုတ်ဝေသူကလဲမထုတ်ချင်တော့ဘူး ဖြစ်နေ
ယ်၊ မင်းထုတ်ဝေသူကို မေးကြည့်စမ်းပါ၊ အဲဒီစာအုပ်ကို ငါအရမ်း
းရလို့ကွ။ အဲဒီစာအုပ် ထုတ်ပြီးလို့မှ နောက်ထပ်စာအုပ်ထုတ်ခွင့်
ရင်လဲနေပါစေတော့ကွာ၊ အဲဒီတစ်အုပ်ကိုတော့ ငါအရမ်းထုတ်ချင်
ယ် "

ထိုစဉ်က သူကျွန်တော့်ကို ပြောခဲ့သည့်စကားများ ပြန်ကြား
ာင်လာသည်။ သူ့စာပေသိက္ခာ၊ သူဖြတ်သန်းခဲ့ရသည့်စာပေခရီး၊
ူ့စာပေအရည်အသွေးကို ကျွန်တော့်ထုတ်ဝေသူ နားလည်လက်ခံ
ာအောင် ကျွန်တော်ရှင်းပြခဲ့သည်။ ထုတ်ကြည့်မယ်လေဟု
ျွန်တော့်လုံးချင်းဝတ္ထု၏ နောက်မှကြော်ငြာခဲ့ဘူးသည်။ နောက်တော့
ျွန်တော့်ထုတ်ဝေသူက အေးတိအေးစက်ဖြစ်လာသဖြင့် ကျွန်တော်
 ပြောင်မေးကြည့်သောအခါ ' အမှာခေါ်ကြည့်တယ်ဆရာ၊ အား
ဘူး၊ ထုတ်ရင်ရှုံးမယ် ' ဟု ကျွန်တော့်ထုတ်ဝေသူကပြောခဲ့သည်ကို
ြန်သတိရလာတော့၏။

" အစ်ကို ကျွန်တော့်ကို ပြောတဲ့ ဟိုအစ်ကို အားရတယ်ဆိုတဲ့
ထ္ထုလဲ မထုတ်ဖြစ်သေးဘူးလား "



www.burmeseclassic.com

www.burmeseclassic.com



" မထုတ်ဖြစ်သေးပါဘူးကွာ "

သူက ကျွန်တော့်ကို မကြည့်ဘဲ အေးတိအေးစက်ပြန်ဖြေ
လိုက်သည်။ ကျွန်တော်စိတ်မကောင်းဖြစ်ရပြန်၏။ စာရေးသူတစ်ဦး
တကယ်ကြိုးစားပမ်းစားရေးထားသည့် သူကိုယ်တိုင်လည်း အား
သော ဝတ္ထုတစ်ပုဒ်သည် ဘာကြောင့်သည်လောက်မျက်နှာငယ်နေ
ပါသလဲ ဟုတွေးရင်း ရင်၌ခံစားရပြန်သည်။

" မင်းကိုမိတ်ဆက်ပေးရဦးမယ်။ ဒါက ငါ့ညီလိုပဲချစ်တဲ့
နီးတဲ့ ကိုသန်းထိုက်တဲ့၊ ကောင်းကင်ပြာစာပေက ထုတ်ဝေသူကွာ

သူနှင့်အတူပါလာသော မျက်မှန်တပ်ထားသည့်သူ
ကျွန်တော့်ကို မိတ်ဆက်ပေးလိုက်သည်။ ထိုသူကပြုံး၍ ခေါင်းညိ
ပြ၏။ စကားနည်းသည့်လက္ခဏာရှိပြီး ကျွန်တော့်ကိုဘာမှပြန်မပြော

" အဲဒါကွာ၊ သူကိစ္စလေးရှိလို့ မင်းနဲ့ငါကလဲ ညီအစ်ကို
ချစ်ကြတော့ ငါပဲသူ့ကို တာဝန်ခံပြီး ခေါ်လာခဲ့တာ မင်းအားတယ်
ဟုတ်လား "

" အားပါတယ် အစ်ကို "

" ဒါဆို တစ်ခုခုသွားစားရအောင်လုပ်ကွာ "

" ခဏ အစ်ကို "





သူတို့ကို ဧည့်ခန်းထဲမှာ ထားခဲ့ပြီး ကျွန်တော်အပေါ်ထပ်တက်
သည်။ အဝတ်အစားလဲပြီး ကျွန်တော်ဆင်းလာခဲ့သည်။

" သွားရအောင် "

ကျွန်တော့်စကားကြောင့် သူတို့နှစ်ယောက်က ထရပ်လိုက်
သည်။ ပြီးတော့ ဧည့်ခန်းကထွက်ကာတားပေါ် တက်လိုက်ကြ၏။
ခြံထဲမှ ကားထွက်တော့ လမ်းမီးတွေ လင်းနေလေပြီ။

( ၂ )

အနီးဆုံးစားသောက်ဆိုင်ကို ကျွန်တော်တို့သွားကြသည်။ စား
သောက်ဖွယ်ရာများ မှာပြီးချိန်မှာ သူစကားစ၏။

" ဒီလိုကွာ . . . ကိုသန်းထိုက်က ငါ့ကိုအကူအညီတောင်း
တယ်။ သူ့စာအုပ်တိုက်က မင်းလုံးချင်းတစ်အုပ်လောက် ထုတ်ချင်
တယ်။ အဲဒါမင်းဖောက်ပေးလို့ ရမရ သိချင်တယ်။ ရရင်တော့ သူ့တိုက်
အတွက် တစ်အုပ်လောက်ပေးစေချင်တယ်။ မင်းဘယ်တိုက်မှ ဖောက်
ပေးတာငါသိပါတယ်။ ငါ့မျက်နှာနဲ့ဒီတစ်ခါတော့ မင်းပေးလို့ရရင်
ပေးကွာ "



www.burmeseclassic.com

www.burmeseclassic.com



သူခေါ်လာသော ထုတ်ဝေသူမှာ အလွန်စကားနည်း၍ အေးဆေးသူဖြစ်ရမည်ဟု ခန့်မှန်းရသည်။ ဘာတစ်ခွန်းမှပင်ဝင်၍ မပြောဘဲ ခပ်ပြုံးပြုံးသာ ဘေးကနားထောင်နေသည်ကို တွေ့ရ၏။

" ကျွန်တော့်ထုတ်ဝေသူကို ကျွန်တော်ဆယ်အုပ်ရေးပေးဖို့ နှုတ်ကတိပေးထားတာ အစ်ကိုသိပါတယ်၊ ဒါပေမယ့် ကျွန်တော်က စကားပြောတုန်းက ခံပြောထားတာရှိပါတယ်။ လူမှုရေးအရ လိုအပ်လို့ရှိရင် တစ်နှစ်တစ်အုပ်လောက်တော့ ဖောက်ပေးချင်တယ်ဆိုတာ အဲဒီစကားကို ထုတ်ဝေသူကလဲ လက်ခံထားတယ်အစ်ကို၊ ဒီတော့ ကျွန်တော်က ဘယ်သူ့မှလဲဖောက်မပေးဖူးသေးတော့၊ ပေးမယ်ဆိုရင် ပေးလို့ရပါတယ်။ "

ကျွန်တော့်စကားကြောင့် သူနှင့်ပါလာသော ထုတ်ဝေသူ၏ မျက်နှာရွှင်ပြသွားသည်ကို သတိထားလိုက်မိသည်။

" ပေးလို့ရရင်ပေးပါကွာ၊ ငါ့အကျိုးစီးပွား မဟုတ်ပါဘူး၊ ဒီကောင်ကလဲ မင်းလိုပဲ ငါ့ညီလို ချစ်တဲ့ခင်တဲ့ကောင်မို့ပါ။ သူ့ကို ပေးမယ့် ငါ့ကိစ္စလို မင်းသဘောထားပြီး ကူညီပါကွာ "

စီးကရက် တစ်လိပ်မီးဖွာရင်း သူပြောသည်။ ရောက်လာသည့် ဟင်းလျာများကို ထုတ်ဝေသူက အနေအထားကျအောင်စားပွဲပေါ်မှာ





နေရာချနေ၏။

" မင်း ဘီယာသောက်ဦးမလား "

" မသောက်ချင်ဘူးဆရာ "

" ဘာယူဦးမလဲ "

" တော်ပါပြီ ဆရာ "

" ဒါဆို မင်းသူ့ကို ဘယ်တော့လောက်ပေးနိုင်မလဲ "

ကျွန်တော်သူ့ကို ကြည့်ရင်းပြုံးလိုက်မိသည်။

" ဘာပြုံးတာလဲကွ "

" ကျွန်တော်ပေးမယ်မှ မပြောရသေးတာ "

" ပေးလို့ရတယ်ဆို "

" ပေးလို့တော့ ရပါတယ် "

" ပေးလို့ရရင်ပေးပါကွာ "

" နေဦးအစ်ကို ကျွန်တော် ကိုသန်းထိုက်နဲ့စကားပြောဦးမယ်"

" ဟုတ်ကဲ့ ပြောပါဆရာ "

ကိုသန်းထိုက်ကကျွန်တော့်မျက်နှာကို လှမ်းကြည့်ရင်းပြောလိုက်၏။

" ကိုသန်းထိုက် ကျွန်တော်နဲ့ခင်များ အပေးအယူတစ်ခုလုပ်



www.burmeseclassic.com

မယ်ဗျာ "

ကျွန်တော်က ခပ်ပြုံးပြုံးပြောသည်။

" ပြောပါဆရာ "

" ကျွန်တော် ဘေးကိုဖောက်ပေးရင် ဈေးပိုယူတယ်ဆိုတာ ကိုသန်းထိုက်သိမှာပါ "

" သိတယ် ဆရာ "

" ကျွန်တော် ခင်ဗျားကိုဖောက်ပေးမယ် ၊ ဈေးပိုမယူဘူး အခု ဆယ်အုပ်ဈေးနဲ့ ထုတ်နေတဲ့နှုန်းပဲကျွန်တော်ယူမယ် "

" ကျေးဇူးပါပဲ ဆရာ "

" ဒါပေမယ့် . . . ခင်ဗျားနဲ့ကျွန်တော် အပေးအယူလုပ်ရမှာ"

" ပြောပါဆရာ "

ကျွန်တော်စီးကရက်ကို မီးငြိမ်းသတ်လိုက်၏။ ကိုသန်းထိုက် ကသိချင်စိတ်ဖြင့် ကျွန်တော့်မျက်နှာကို ငေးကြည့်ရင်း နားစွင့်နေမှန်း သိသည်။

" ဒီလိုဗျာ. . . အစ်ကိုက ခင်ဗျားနဲ့လည်း ညီအစ်ကိုလိုချစ် ဘာပဲမဟုတ်လား "

သူ့ကိုလက်ညှိုးညွှန်ရင်း ကျွန်တော်ပြောသည်။





"ဟုတ်ပါတယ် ဆရာ၊ အခုလဲ အစ်ကို့ကျေးဇူးကြောင့် ဆရာ့ဆီ ကျွန်တော်ရောက်လာတာပါ"

"ကျွန်တော် အစ်ကို့ကဗျာ၊ အစ်ကို့စာတွေကို ကြိုက်တယ်၊ ခင်ဗျားလည်းကြိုက်ချင်ကြိုက်မှာပါ။ မကြိုက်တောင် စာဖတ်ပရိသတ် ဖတ်သင့်တဲ့စာပေ့ စာဖတ်ပရိသတ်အတွက် အကျိုးရှိ သင့်သလောက် ရှိနိုင်မယ့် စာတွေလို့ထင်တယ်ဗျာ။ ဒီတော့ အဲဒီလို စာအုပ်တွေ ကျွန်တော်တို့ လုံးချင်းလောကမှာ ထွက်စေချင်တယ်"

"ဟုတ်ကဲ့"

"အစ်ကို့မှာ သူသိပ်အားရတဲ့စာအုပ်တစ်အုပ်ရှိတယ်။ အဲဒီ စာအုပ်ထွက်ခဲ့ရရင် နောက်မထွက်ရနေပါစေတော့လို့ ကျွန်တော့် ကို ဆိုခဲ့ဖူးတယ်။ ဒါပေမယ့် အခုထိထုတ်မယ့်သူ မပေါ်သေးဘူး"

"ငါ သူ့ကိုဘဲ ပြောဖူးတယ်ကွ"

ကျွန်တော့်ကို လှမ်းကြည့်ရင်း ပြောလိုက်တယ်။

"အေးပေါ့ဗျာ၊ ထုတ်လို့သိပ်နွံမှာ သေချာလို့ မထုတ်ချင် တာကို အပြစ်မပြောပါဘူး၊ ဒါပေမယ့် . . . အခု ကျွန်တော်

www.burmeseclassic.com



ပြောချင်တာက ရှုံးမယ့်အစ်ကို့စာအုပ်ကို ခင်ဗျားထုတ်ပေးပါ။ မြတ်မယ့် ကျွန်တော့်စာအုပ်ကို ခင်ဗျားကို ကျွန်တော်ဖောက်ပေးမယ်။ အဲဒီတော့ ခင်ဗျား အမြတ်တော့ နည်းသွားမှာပေါ့ဗျာ။ အရှုံးတော့ ကာမိသွားမယ်။ ဘယ့်နှယ့်လဲ အစ်ကို့စာအုပ်က ပရိတ်သတ်လက်ခံလို့ အောင်မြင်သွားရင်လဲ ခင်ဗျားတိုက်ပိုင် စာရေးဆရာတစ်ယောက်လဲ ရသွားမယ်။ ပရိတ်သတ်အတွက်လဲ တကယ်ရေးတဲ့ တကယ့်စေတနာထားတဲ့ စာရေးဆရာတစ်ယောက် အမြတ်ထွက်လာမယ်၊ မဟုတ်လား"

ကျွန်တော့်စကားကို ကျွန်တော် ရပ်လိုက်ရင်း ကိုသန်းထိုက်မျက်နှာကို အကဲခတ်ကြည့်သည်။ ကိုသန်းထိုက် မျက်နှာက စောစောကနှယ် မကြည်လင်တော့။

"နေပါစေကွာ၊ ငါ့စာအုပ်ကိစ္စ သီးခြားထားပါ"

အစ်ကိုက အားနာဟန် ဝင်ပြောလိုက်၏။

"မဟုတ်ဘူးအစ်ကို၊ ဒါကတော့ ကျွန်တော့်အလုပ်စကားပြောတာပါ။ ကျွန်တော်ဖောက်ပေးရင် ပိုယူရမယ့် ငွေကိုလဲ ကျွန်





တော်မယူဘူး ပြောထားတယ်။ အဲဒါက အစ်ကို့စာအုပ်ပေါ်မှာ ရှုံးတဲ့အရှုံးကာမိအောင်ပါ။ အဲဒီတော့ ကိုသန်းထိုက်စဉ်းစားဗျာ ပြီးတော့ အစ်ကိုကတစ်ဆင့်ဖြစ်ဖြစ်၊ ခင်ဗျားကိုယ်တိုင်တိုင်ပဲဖြစ်ဖြစ်၊ ကျွန်တော့်ကို အကြောင်းပြန်၊ ဟုတ်ပြီလား။ ကျွန်တော်ကတော့ ဖြစ်သွားစေချင်တယ်ဗျာ"

"ကျွန်တော် စကားပြန်ပါ့မယ် ဆရာ"

ကိုသန်းထိုက်လေသံက အားတက်သရောမရှိလှတာ ကျွန်တော် နားလည်သဘောပေါက်လိုက်သည်။

"ဘယ်လိုလဲ အစ်ကို . . . ကောင်းကင်ပြာက ကိုသန်းထိုက် စကားမပြန်ဘူးလား"

တစ်နေ့ ကျွန်တော်နှင့် လက်ဖက်ရည်ဆိုင်မှာ သူ့ကို ဆုံစဉ် ကျွန်တော်မေးသည်။ သူ့ထုံးစံအတိုင်း အေးစက်တည်ငြိမ်စွာဖြင့် ကျွန်တော့်ကို ကြည့်ရင်း . . .

"စကားမပြန်ပါဘူးကွာ၊ ခါတိုင်းဆို ငါ့ဆီကို ခဏခဏ လာနေကျကွ၊ မင်းပြောလိုက်ပြီးတော့ ငါ့ကိုရှောင်နေတာလားမသိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ငါ့ဆီလဲသူမလာတော့ဘူး။ မလာဆို အတော်တောင်ကြာပြီ ကွာ၊ တွေ့ရင်တော့ ငါ့ကိုအားမနာပါနဲ့လို့ ပြောရဦးမယ်ကွာ"

"သူ့ရှုံးမှာ မဟုတ်ပါဘူး။ အမြတ်နည်းမှာ၊ ဒါတောင် သူလုပ်မပေးချင်ဘူးလား"

"ဒါကတော့ကွာ သူတို့က အမြတ်များတာပဲ ကြိုက်မှာပေါ့။ ဟုတ်ဘူးလား"

ကျွန်တော် ဘာမှပြန်မပြောမိတော့။

"ငါ့မိတ်ဆွေတစ်ယောက်ကတော့ ငါအရမ်းရောဂါထနေမှန်း သိလို့ လုပ်ပေးမယ်ပြောတယ်ကွ"

"ဒါဆိုရင်တော့ ကောင်းပါတယ်အစ်ကို"

သူအားရပါသည်ဆိုသော သူ့စာအုပ်လေးထွက်သွားနိုင်တော့မည်ဟု သိရ၍ ကျွန်တော်ဝမ်းသာကြည်နူးမိသည်မှာ အမှန်ပင်။

"အစ်ကို့ ကိုသန်းထိုက်ကလဲ ညီလိုအစ်ကိုလို ချစ်တယ်ဆိုပြီး သူ့အမြတ်နည်းနည်းထိခိုက်မှာတောင် မခံဘူးနော်"





"ဒါကတော့ကွာ ..."

သူသည်လောက်ပဲ ပြောပါသည်။

ကိုသန်းထိုက် သူ့စာအုပ်ကို ထုတ်မပေးနိုင်သည့်အတွက် သန်းထိုက်ကို သူမြို့ငြင်ခြင်းရှိဟန်မတူ။

(၄)

သူ့စာအုပ် ထွက်သွားပြီးသည့်နောက် သူ့စာအုပ်ကို ပရိတ်က လက်ခံကြောင်း သတင်းတွေကြားရသဖြင့် ကျွန်တော် ကြည်နူးရပြန်သည်။ စာစောပိုင်းက ထွက်ထားသည့် စာအုပ် သးငါးခြောက်အုပ်ကိုလည်း စာဖတ်ပရိတ်သတ်က ပြန်ရှာဖတ်ပြီး ကို အသိအမှတ်ပြုပေပြီ။

နောက်ထပ် သုံးလေးအုပ်လောက်ထွက်ပြီးသည့်အခါမှာ သည် ရောင်းတန်းဝင်စာရေးဆရာ တစ်ယောက်အဖြစ် မည်သူ



www.burmeseclassic.com

www.burmeseclassic.com



ကမှ မငြင်းနိုင်တော့ပေ။

သူနောက်ကို ထုတ်ဝေသူများက ငွေထုတ်ပိုက်၍ လိုက်

သည့်သတင်းတွေကို ကျွန်တော်ကြားနေရပြန်သည်။

မည်သူကမှ မထုတ်ချင်သည့်အချိန်က ထုတ်ဝေပေးခဲ့

သူ့စာအုပ်တိုက်မှပင် သူ့စာအုပ်တွေက ဆက်တိုက်ထွက်လာ

သူတခြားတိုက်များကို ပြောင်းလိမ့်မည်မဟုတ်ဟု ကျွန်

ထင်၏။

(၅)

"ဘယ်လိုဖြစ်တာလဲ . . . အစ်ကို"

သူနှင့်ကျွန်တော် လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း သ

စာပါ ကြော်ငြာကိုတွေ့တော့ ကျွန်တော်တအံ့တသြမေးလိုက်

"ဘာလဲ . . . မင်းအံ့ဩနေလို့လား"





"အင်းလေ"

"ငါတိုက်ပြောင်းတာ မဟုတ်ပါဘူးကွာ၊ ငါ့ကျေးဇူးရှင်ရဲ့

တ်က ငါမပြောင်းပါဘူး။ ဒါက ဒီတစ်အုပ်ပဲ ဖောက်ထုတ်ပေးတာ

ဒါလဲ ငါ့တိုက်ကို ငါပြောပြီး သူ့သဘောတူလို့ ပေးတာပါ။ ဒီ

ာင်က မပေးရင်လဲ မပြန်တော့ဘူးတွ၊ နေ့ရောညရော ငါ့ဆီလာ

တဂျီဂျီလုပ်နေတာ၊ လူချင်းကလဲအရမ်းချစ်နေကြတော့ ငါမနေ

င်တော့ဘူး၊ အားနာလို့ပေးတာပါ"

ကျွန်တော် သူ့ကိုစကားပြန်မပြောမိတော့ဘဲ သတင်းစာ

ကြော်ငြာကို ထပ်ကြည့်နေမိပြန်သည်။ ကောင်းကင်ပြာစာပေမှ

တ်ဝေမည့် သူ့စာအုပ်အသစ်ကြော်ငြာလေး။

"ကိုသန်းထိုက်က အစ်ကိုစာအုပ်ရှုံးမယ်ဆိုတုန်းက ထုတ်ပေး

မှာစိုးလို့ ရှောင်နေခဲ့တာ၊ အခုမြတ်မယ့်အခါကျမှ နေ့ရောည

အစ်ကို့အနား ရောက်လာတာ ဆိုတော့ . . ."

ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်ပြီး အကြမ်းပန်းကန်

ပြန်ချလျက် . . .



www.burmeseclassic.com

www.burmeseclassic.com



"သူက ထုတ်ဝေသူကွ၊ ငါက စာရေးဆရာ"

ဟု အေးစက်စက် ပြောလိုက်သည်။

သူ ဘာပြောချင်သည်ဟု ကျွန်တော် နားမလည်သေး။ သူ့

မျက်နှာကို ငေးရင်း ကျွန်တော် နားစွင့်ထားသည်။

"ထုတ်ဝေသူဆိုတာက စီးပွားရေးသမား၊ စာရေးဆရာ

ဆိုတာက အနုပညာသည် . . ."

ဒါတွေကို သူဘာလို့ ပြောနေသည် မသိသေး။

ခဏကြာမှ သူ့နှုတ်ကစကားထွက်လာတော့သည်။

"စီးပွားရေးသမားဆိုတာက အမြတ်ပဲကြည့်နေတာကွ

အမြတ်ရမယ်ဆိုရင် အရှက်မရှိဘူး၊ တို့အနုပညာသမားတွေက မာ


ကိုပဲ အထိမခံတာ၊ မာနကိုပဲကြည့်တာ၊ မာနကို မထိပါးတဲ့ကိ

မှန်သမျှမှာ အမှတ်မရှိဘူးကွ"

ရွှေသမင်မဂ္ဂ

၁၉၉၄ ခုနှစ်၊ ဇူလိုင်






www.burmeseclassic.com

www.burmeseclassic.com



# သီတာင်းကျွတ်ည

(၁)

လပြည့်မတိုင်မီ မနေ့ညက မိုးရိပ်မစင်ချင်။

ဝန်းပနေသောလသည် ကြည်စင်နေသော်ငြား အနီးအနား
ခဲသားတိမ်စိုင်ရှိခဲ့သည်။ ထစ်ချုန်းခြင်းမရှိပေမယ့် လျှပ်နွယ်
န်းသည် ထိုတိမ်စိုင်ကြားမှ ပြိုးပြက်သည်။ သာနေသည့် လရောင်
ပင် လျှပ်ပန်းသည် လင်းလက်လွန်း၏။

စက္ကန့်မပြတ် လျှပ်စီးလက်နေသော်လည်း ရွာဟန်ကိုမူ မပြ။
ာင်းကာင်သည် ဗုဒ္ဓကိုလျှပ်ပန်းနှင့် မီးမှုဇော်နေပြီ ထင်ခဲ့သေး၏။



www.burmeseclassic.com

သည်နေ့ လပြည့်ညမှာတော့ ပြည့်ဝန်းစွာသာနေသည် သည် တိမ်ရိပ်ကင်းသည့် ကောင်းကင်ပြာ၌ ထင်းလျက်ရှိ၏။

ကောင်းကင်ပင်လယ်မှာ ပေါလောမျောနေသည်နှင့်တူ ၏။ မိုးရိပ်တိမ်စိုင် အမှုန်အမွှားမျှပင်မရှိ။ လျှပ်နွယ်လျှပ်ပန်းလ မပွင့်မလက်။

မနေ့ညက မိုးရိပ်မစင်သော လကွယ်ပြခဲ့သည့် ကော ကင်သည် သည်နေ့ညမှာတော့ သူသည် မိုးနှင့်ဘာမျှ မဆိုင်သ ပင်။

ဆောင်းလေကလေးသည်ပင် ငွေ့၍ အုန်းလက်ဖျား ဆတ်ဆတ်ခါနေသေးသည်။ ချမ်းအေးသည် မဟုတ်သော်လ ဆောင်းငွေ့ဟု သိသာလောက်သော လေအေး။ လရောင်မှာ နှင် တော့ မစွန်းထင်းသေး။

ခပ်ဝေးဝေးမှ သီချင်းသံတို့ လွင့်ပျံ့လာတတ်ပြန်သည်။ တင်းကျွတ်ပြီပဲလေ။ ခြံရှေ့ဝင်းတံခါးနှင့် ခြံစည်းရိုးမှာ မီးပ တိုင်တွေ ထွန်းညှိ ပူဇော်ထားရာဆီသို့ အကြည့်ရောက်ပြန်၏။





ငယ်စဉ်က ဖြတ်ကျော်ပျော်မြူးခဲ့ဖူးသော သီတင်းကျွတ်ည များစွာ အတွေးထဲပြန်ရောက်လာသည်။ သီတင်းကျွတ်တော့မည် ဟု သိသည်နှင့် ပျော်ရွှင်ခဲ့ဖူးသော ကလေးဘဝများ။

လူကြီးတွေက ဘုန်းကြီးကျောင်းသွားရန်အတွက် အလှူဒါန ပြုရန်အတွက် ဆွန်းမကင်းအစရှိသည့် မုန့်များအိမ်မှာလုပ်ရန် အလုပ်များနေချိန်၊ အဝတ်အစားသစ်များကို ဝယ်ပေးရန် တဖွဖွ ပူဆာခဲ့သည့် ကလေးဘဝ။

လူကြီးမိဘများကို ကန်တော့ရန်သွားဖို့အတွက်သော်လည်း ကောင်း၊ မီးပွဲကိုလည်ပတ်နိုင်ရန်အတွက် သော်လည်းကောင်း၊ အဝတ်သစ် အစားသစ်များကို ဝယ်ပေးနေကျပင်။ ဆိုင်းသံ ဗုံသံ တို့သည်လည်း ဟိုမှသည်မှ ပျံ့လွင့်ဝေစည်နေမြဲ။

မုန့်လည်းဝဝစားရ၍ အဝတ်အစားလည်း လှလှဝတ်ရသော သီတင်းကျွတ်ကာလသည် ငယ်နုစဉ်မှစ၍ ရင်၌စွဲငြိနေရာယူသည်။ အရွယ်ရောက်ချိန်၌ ချိုမြိန်သော သီတင်းကျွတ်ညများသည် ဘဝ၏ မမေ့မှိန် မကွယ်ပျောက်နိုင်စရာ မှတ်တိုင်ငယ်များပင်။ အချိန်ပြင်

www.burmeseclassic.com



မွန်းထုံအစ်သော နှလုံးသားသည် သီတင်းကျွတ်ည၏ ရသကို

ယူထားနိုင်ပြန်၏။ နှစ်ဆယ်မပြည့်ခင်အရွယ်၊ ရန်ကုန်ရောက်

သီတင်းကျွတ်ညများ၏ စည်ကားသိုက်မြိုက်ခြင်းကို အံ့ဘနန်းခံ

ခဲ့ရဖူးသည်ပဲ။

လှည်းတန်း၊ စမ်းချောင်းတို့၏ သီတင်းကျွတ်ည အရော

အသက်တို့သည် ယခုပင်အာရုံ၌ စွဲထင်ဆဲ။ စတိုတ်ရှိုးစင်တော

ကြည့်ချင်ပွဲတွေ၊ လမ်းဘေးမှာ လမ်းသွယ်တွေထဲမှာ ပြည့်သည်

ခမ်းနားသော ပန်းချီလက်ရာဖြင့် တန်ဆာဆင် ပူဇော်ထား

သည့် လမ်းအဝင်ဂိတ်များ ထွန်းညှိထားသည့် မီးရောင်စုံတွေ

အောက်မှာ လူတွေ ပျားပန်းခပ်ပေါ့။

လမ်းဘေးစားသောက်ဆိုင်တွေမှာလည်း လူတွေအပြည့်

လူတွေအားလုံး ပျော်ရွှင်ဖျတ်လတ်စွာ သွားလာလှုပ်ရှား စည်ကား

လွန်းသော ထိုသီတင်းကျွတ်ညများသည် လွမ်းဆွတ်တသစရာ

ကျန်ခဲ့လေပြီ။





ခွေးဟွေဟောင်သံဖြင့် အတိတ်က သီတင်းကျွတ်ညများ

လွင့်စင်ပြေးထွက်သွားတော့၏။ အိမ်ရှေ့ဝင်းဝမှာ ကားတစ်စီးရပ်

တာမြင်သည်။ ခွေးတွေက ခြံထဲမှ တဝုန်းဝုန်းဟောင်နေ၏။ ညှို

သည်မှာ သိရင်း အပေါ်ထပ်ဝရံတာမှ ဆင်းသည်။

(၂)

အမျိုးသမီး၏ စက်ရုံမှ တပည့်တစ်ဦးလာကန်တော့ခြင်း

ဖြစ်သည်။

"သူတို့ ကန်တော့နိုင်တာပေါ့။ သူ့ယောက်ျားက အရောင်း

အဝယ်လုပ်တာပဲ၊ ကောင်မလေးက ဘွဲ့ရပြီးသား၊ အလုပ်ကို

အပျော်ဝင်လုပ်နေတာ"

လာကန်တော့သည့် နိုင်ငံခြားမုန့်ပုံးကို သိမ်းရင်း အမျိုး

သမီးက လှမ်းကြည့်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"တာနဲ့လာလို့ စက်ရုံကဆိုတော့ အံ့ဩနေတာ"

"စက်ရုံထဲမှာတော့ မဟုတ်ဘူး၊ ရုံးပေါ်မှာ လုပ်တာပေါ့"

ပြောရင်း ညွှန်ခန်းထဲက ထွက်သည်၊ အပေါ်ထပ်ကိုတက်ခဲ့၏၊ ဝရန်တာဆီ ပြန်ထွက်မည်ပြုပြီးမှ မထွက်ဖြစ်ဘဲ စာကြည့်ခန်းထဲဝင်သည်၊

အခါကြီး ရက်ကြီးများမှာ လာကန်တော့ကြသူများသည် အများစုက ကျွန်တော့်အမျိုးသမီး၏ တပည့်များဖြစ်သည်။ ကျွန်တော့်အမျိုးသမီး၏ တပည့်အများစုသည် ချောင်လည်သည်ဟု ထင်၏။

ကျွန်တော့်တပည့်တွေကတော့ စက်ရုံထဲက အလုပ်သမားများဖြစ်ကြ၍ နွမ်းပါးကြသည်။ ကျွန်တော့်ကို လာမကန်တော့နိုင်ကြတာ ကျွန်တော်နားလည်သည်၊

တစ်ခါကတော့ စိုးနိုင်ဆိုသည့် တပည့်လေးတစ်ယောက် ကျွန်တော့် တိုက်ခန်းကို ကန်တော့ဖို့ ရောက်လာသည်၊

"ဆရာရေ . . . ဆရာ့ကို ကန်တော့မလို့ ပန်းအိုးလေးတစ်





လုံး ဝယ်လာခဲ့တာ ကားတိုးစီးရင်း လွတ်ကျကွဲသွားတယ်။

ဒီမှာ . . ."

ကျွတ်ကျွတ်အိတ်ကလေးထဲမှာ ပန်းအိုးအကွဲလေးကို ပြသည်။ ဟိုတုန်းက ဖန်မြေမှုန်မြေမှ ထွက်သည့် ဖန်ပန်းအိုး အကွဲလေးတွေကို ကျွန်တော်ပြန်မြင်ယောင်သည်။ ထိုပန်းအိုးအကွဲလေးတွေ ထည့်ထားသည့် ကျွတ်ကျွတ်အိတ်ကလေးရှေ့ချပြီး ကျွန်တော့်ကို ကန်တော့ခဲ့သည်။

"ဘာနဲ့ကန်တော့ ကန်တော့ပေါ့ကွာ၊ လာကန်တော့နိုင်တာတောင် မင်းလူပျိုလူလွတ်မို့လို့၊ ကျန်တဲ့လူတွေမှာ သားကိစ္စ၊ မယားကိစ္စတွေနဲ့ သီတင်းကျွတ်မှန်းတောင် သိနိုင်ကြမှာ မဟုတ်ဘူး"

ဟု ကျွန်တော် ပြောခဲ့ဖူးသည်။

အခုတော့ စိုးနိုင်လည်း မရှိတော့။ ကားပေါ်မှာ ပန်းအိုးလေး လွတ်ကျကွဲခဲ့ဖူးသော စိုးနိုင်သည် ကားပေါ်မှ သိမ့်ကျဆုံးသွားခဲ့ရ ရှာပြီ။

စာအုပ်တိုက်ရင်း အတွေးငင်နေဆဲမှာပင် ခြံထဲမှ ခွေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဟောင်သံကြားရပြန်၏။

"ညှော်ခန်းမှာ စက်ရုံက တပည့်တစ်ယောက်ရောက်နေတယ်။ ကန်တော့မလို့ ထင်တယ်"

စာကြည့်ခန်းထဲသို့ အမျိုးသမီးရောက်လာပြီးပြော၏။ ညှော်ခန်းထဲသို့ ကျွန်တော်ဆင်းခဲ့သည်။

အပြင်ကို ဒေါင့်ရင်း ထိုင်နေသည့် ဘထွန်းကို တွေ့လိုက်၏။

ယူနီဖောင်းအပြာရောင် ခပ်နွမ်းနွမ်းကို ဝတ်ထားသည်။ ထုံးစံအတိုင်းဝင် အကွက်မပေါ်သော လုံချည်တိုတိုနှင့်။ ချည်လုံချည်တိုတိုဝတ်ပြီး ထိုင်နေသဖြင့် သူ့ခြေသလုံး မွဲမွဲတွေ ပေါ်နေသည်။

"ဘထွန်း . . . ဘယ်ကလာသလဲ"

လှည့်ကြည့်သည့် မျက်ဝန်းမှာ အရောင်မွဲမွဲ"

"ဆရာ့ဆီလာတာ"

ကျွန်တော် သူ့ဘေးမှာ ဝင်ထိုင်လိုက်၏။





"ဆရာ . . . အားတော့နာပါတယ်။ ကျွန်တော့်တလေး အငယ်က ဆေးရုံတင်ရမယ်လို့ ပြောတယ်၊ ပိုက်ဆံမရှိဘူးဆရာ"

ပြောပြီး မျက်လွှာကို ချလိုက်သည်။

ပြီးတော့ သက်ပြင်းငွေ့ငွေ့ရှိုက်၏။

"ဘယ်တော့ တင်ရမှာလဲ"

"အခုညတင်မှာ ကျွန်တော်ငွေသုံးရာလောက် လိုချင်လို့"

"ခဏထိုင်ဗျာ"

ပြောပြီး ကျွန်တော်အပေါ်ထပ်ပြန်တက်သည်။ ပြီးတော့ ငွေငါးရာယူပြီး အောက်ကို ဆင်းလာခဲ့၏။

"ရော့ . . . ငါးရာ"

ဘထွန်း ကျွန်တော့်မျက်နှာကို ကြည့်တော့ မျက်ဝန်းမှာ မျက်ရည်တွေဝေ့နေတာတွေ့၏။

"ဆရာအလုပ်ထွက်တာတောင် ကျွန်တော်တို့က ဒုက္ခပေးနေရတုန်းပဲ"

သူ့အသံက လှိုက်လှိုက်လှဲလှဲထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ကွာ"

"ကျွန်တော်သွားမယ်ဆရာ၊ ဆေးခန်းက ဆေးရုံတင်ဖို့ ပြောလို့၊ ဆရာ့ဆီ ပြေးလာခဲ့တာ၊ အခုညပဲ ကျွန်တော် ဆေးရုံတင်ရမယ်"

ပြောရင်းထရပ်၏ ဘထွန်းကို ခြံဝင်းဝအထိ ကျွန်တော် လိုက်ပို့လိုက်သည်။

သားသမီးဇောဖြင့် ကျွန်တော့်ကို ထိုင်ကန်တော့ဖို့တောင် သူသတိမရနိုင်ပါလားဟု စဉ်းစားမိပြန်၏။

(၄)

အပေါ်ထပ် ဝရံတာထွက်ပြီး ထိုင်မိပြန်သည်။

ရင်ထဲမှာ ဝေဒနာဖြင့် လေးလံလွန်း၏။ ဘထွန်းသည် ကျွန်တော့ရင်ထဲသို့ ဝေဒနာ တပွေ့တပိုက်ကို ထည့်သွားလေပြီ





ဘား၊ သီတင်းကျွတ်ညမှာ သူ့ဝေဒနာတို့ဖြင့် ကျွန်တော့်ကို လာကန်တော့သွားခဲ့လေသလား။

သီတင်းကျွတ်လပြည့်ညဆိုတာကိုပင် သူသတိထားမိချင်မှ ထားမိပေလိမ့်မည်။

ကျွန်တော့်မှာသာ သီတင်းကျွတ်ဝေဒနာတို့ဖြင့် နာကျင်ခံစားနေရတော့သည်။ လသည် နေရာရွှေ့သွားသော်လည်း သာနေမြဲ။

သို့တိုင် လရောင်၏ အအေးဓာတ်ကို မခံစားရတော့။ သီတင်းကျွတ်ည အပျော်တို့ကို ဘယ်ကာလမှာ ပြန်လည်ခံစားနိုင်ပါမလဲ တွေးရင်း သက်ပြင်းကို ချမိသည်။

ဝတ်ကျေတန်းကျေ မျောက်အိုးဖောက်သံက သီတင်းကျွတ်ညကို သရော်လို့ နေပါရော့လား။

ရွှေသမင်မဂ္ဂဇင်း

၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ



www.burmeseclassic.com

# ရေတွင်းကလေး

(၁)

မြေလတ်ပိုင်းမှာ တည်ရှိသော ကျွန်တော့်တို့ ရွာကလေး
ည် နွေရောက်ပြီဆိုလျှင် ရေရှားပါးစမြဲ၊ တစ်ရွာလုံးမှာရှိသော
ရတွင်းတိုင်းလိုလို ရေခမ်းတတ်စမြဲ၊ အောက်စမ်းဆုတ်သွားတာ
လူကြီးတွေပြောတာ မှတ်မိနေပါသည်။ အညာနွေလို ပူပြင်း
သာနေက ရေကိုစုပ်ယူခမ်းခြောက်စေသလားတော့မသိ၊ နွေ

www.burmeseclassic.com



ရောက်ပြီဆိုသည်နှင့် ရေတွင်းတွေမှာ ရေကမဖင်ကစ်သာ ကျန်၍ နောက်နောက်ကျိကျိဖြစ်နေတတ်သည်။ ထိုရေနောက်နောက်ကျိကျိ ကိုပင် ချိုးရေသုံးရေအဖြစ် အသုံးပြုနေကြရပြန်၏။

ရွာနှင့် မလှမ်းမကမ်းရွာပြင်ဘက်မှာတော့ သောက်ရေ တွင်းတစ်တွင်း ရှိပါသည်။ တစ်ရွာလုံးမှာ ရှိသော ရေတွင်းများ ရေသည် သောက်၍မကောင်းဟု ရွာသားများက ယူဆလျက် ရွာ ပြင်ရေတွင်းမှ ရေကိုသာ ခပ်ယူသောက်သုံးကြသည်။ ထိုရွာပြင် တွင်းသည် သောက်ရေအတွက် သီးသန့်သုံးရန်ဟု မည်သူက ညို၍ မထားဘဲနှင့် တစ်ရွာလုံးက တစ်ညီတစ်ညွတ်တည်း လက် လာကြသည်။ ထူးဆန်းသည်မှာ ထိုရွာပြင်ရေတွင်းသည် နွေကာလ မှာလည်း ရွာထဲကရေတွင်းများနှယ် ရေမဆင်းခြင်းပင်။ ရွာပြင် တွင်းက ရေဆုတ်သည်ဆိုရုံမျှ လျော့သွားကာ ကြည်လင်အေး နေစမြဲ။

ထိုရွာပြင်ရေတွင်းသည် ဟိုးရှေးနှစ်ပေါင်းများစွာကပင် နေသော ရေတွင်းတစ်ခုဟု ရွာမှ လူကြီးများက ပြောကြသည်





ယ်ကွင်းပြင်များ ဝန်းရံလျက်ရှိသော ကုန်းကမူလေးပေါ်မှာ ိုရေတွင်းကလေး တည်ရှိပါသည်။ ရေတွင်းဘေးမှာ ထန်းပင် ုံးပင်ပေါက်နေ၏။ ရေတွင်းမှ အုတ်ခဲများသည် ယခုခေတ်အုတ် များနှင့်မတူပဲ ပို၍ကြီးမားရှည်လျားနေတာ သတိပြုနိုင်ပြန်သည်။ ှေးခေတ်အုတ်များသည် ထိုကဲ့သို့ပင် ပို၍ကြီးမားရှည်လျားသည် ိုပြန်၏။ မြေပြင်မှနေ၍ ခါးစောင်းလောက် အမြင့်အထိ အုတ်များ ထားသော်လည်း အင်္ဂတေကိုင်ထားခြင်း မရှိပါ။ ရေတွင်းပတ် တ်လည်မှာလည်း အမြင့်တစ်ညီတည်းဖြစ်အောင် အုတ်ခဲများ ခြနေတော့ပါ။ တောင်ဘက်ခြမ်းသည် အုတ်အပြည့်ရှိနေသော် ည်း မြောက်ဘက်ခြမ်းသို့ စောင်း၍ နိမ့်ဆင်းသွားရာ မြောက်ဘက်ခြမ်းသည် မြေပြင်ဒူးဆစ်အထိသာ အုတ်ခဲရှိတော့ ည်။ တချို့အုတ်ခဲတို့က ကျိုးပဲ့နေကြပြီ။ ရေတွင်းနှင့် မလှမ်း ကမ်းမှာ အုတ်ခဲကျိုးသုံးလေးလုံးကိုလည်း တွေ့ရပြန်၏။ နွား ကျောင်းသားများက ခြေလက်ဆော့သူများ ရေတွင်းအုတ်ရိုးမှ ယူပြီး ြန်မထားတာဖြစ်ချင်ဖြစ်မည်။ တစ်ခါတစ်ရံမှာလည်း ရေတွင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှ ရေကို ငင်ရင်း ထိမိခိုက်မိကာ ရေတွင်းနှုတ်ခမ်းမှ အုတ်ခဲ

ရေတွင်းထဲသို့ ပြုတ်ကျသည်ကို ကြုံဖူးတွေ့ဖူးသည်။ ထိုရေတွင်

မှာ ရေငင်နေရသည့် မောင်းတံအသေမရှိဘဲ ရေခတ်သူတို့

ကိုယ့်ရေပုံးနှင့် ကြိုးကိုယူလာပြီး ရေငင်ခတ်ကြရ၏။

ကျွန်တော်တို့ ကလေးတွေကို လူကြီးများက ထိုရေတွင်းမှ

ရေခတ်မခိုင်းကြ။ အုတ်တွေက မခိုင်မခန့်နှင့်မို့ ရေငင်ရင်း ရေတွင်

ထဲကျသွားမှာ စိုးရိမ်ကြသည်။

BURMESE CLASSIC .com

တစ်ရွာလုံးက အားထားသောက်သုံးနေရသော သောက်ရေ

တွင်းမို့ ပြန်လည်ပြုပြင်ရန် လူကြီးတွေ စီစဉ်ကြသော်လည်း အဝ

မပြောက်ခဲ့။

ပြန်လည် မပြုပြင်နိုင်သေးသော်လည်း ထိုရေတွင်းလေး

သည် တစ်ရွာလုံး၏ အသက်သခင် သောက်သုံးရေကို ပေးဝေ

ဟုတော့ အားလုံးက အသိအမှတ်ပြုကာ ထိုရေတွင်းလေး ကျေးဇူး

ကို မမေ့လျော့ကြပါ။





(၂)

ထိုရေတွင်းကလေးနှင့် ယှဉ်တွဲလျက် ဖိုးပြားတို့သားအဖ

ကိုလည်း ကျွန်တော်သတိရ မှတ်မိနေပါသေးသည်။ ဖိုးပြား၏

သားက ဆိုးပုံ။ ဖိုးပြားတို့ သားအဖသည် ရွာအစွန်ဆုံးတဲငယ်

ကလေးတစ်ခုမှာ နေကြပါသည်။ ဖိုးပြားနှင့် ဆိုးပုံဟု တစ်ရွာလုံး

ခေါ်ကြသလို ကျွန်တော်တို့ ကလေးတွေကလည်း နှုတ်ကျိုးနေ

တော့သည်။ ဖိုးပြားသည် ငယ်ငယ်က သွတ်သွတ်ခါအောင် ရူးဖူး

သူဖြစ်၍ ကျွန်တော်တို့ မှတ်မိသော အရွယ်မှာတော့ ခပ်ယဉ်ယဉ်

လေးသာ ရူးနေသူဖြစ်၏။ သူ့ခြံထဲမှာ လျှောက်ရင်း တစ်ခါတစ်ရံ

တစ်ယောက်တည်း စကားတွေ ပြောနေတတ်သည်။ ရယ်ချင်

ရယ်၍ ငိုချင်ငိုနေတတ်သည်။ အလုပ်ကို လုပ်ရမှန်းတော့ သူသိနေ

ပါသေး၏။ ထမင်းချက်ချိန်၊ ထမင်းချက်သည်။ သူများအိမ်က

ခေါ်နိုင်းသမျှကို အခဖြင့် ဝင်လုပ်ပေးတတ်သည်။

သူ့သား ဆိုးပုံ ကတော့ သူငယ်ငယ်က သွတ်သွတ်ခါ ရူးသ



www.burmeseclassic.com

www.burmeseclassic.com



လို ရှုနေသူပင်၊ ကြုံရာအိပ်၍ ကြုံရာမှာစားသည်၊ အဝတ်
မလဲ၊ ရေမိုးမချိုး၊ ရွှံ့ရိုးကိုးပေါက် လျှောက်သွားနေလေ့
ဆိုးပုံသည် ရွာသူ ရွာသားတွေကို ဒုက္ခမပေး၊ ကြမ်းကြမ်းတမ်း
တော့ မရှိလှ၊ သူသိစိတ်ဖောက်ပြန်လာလျှင် အော်ဟစ်ဆဲဆို
သည်၊ မန်ကျည်းပင် သို့မဟုတ် သရက်ပင်လို အပင်ကြီးကြီး
ပင်ကို ဝါးရင်းတုတ်ဖြင့် အဆက်မပြတ်ရိုက်နေလေ့ရှိသည်၊ ထို
မျိုးတွင် လမ်းသွားရင်း တွေ့သည့် ရွာသားတစ်ဦးဦးက ဝင်
လျှင်လည်းမရ၊ သူဘာမှ မကြားသည့်ပုံ သူလုပ်ချင်ရာကို
လုပ်နေမြဲ၊ သည်အခါမျိုးမှာ တစ်ဦးဦးက သူ့အဖေ ဖိုးပြား
သွားပြောရသည်၊ ဖိုးပြားက နှုတ်မှတတွတ်တွတ် ရေရွတ်
လိုက်လာလေ့ရှိ၏၊ ဆိုးပုံဟု ခေါ်လိုက်လျှင် ဆိုးပုံ၏ ခေါင်း
ဖိုးပြားထံသို့ ချာကနဲလှည့်လာတတ်သည်၏၊

"လာ လိုက်ခဲ့ အိမ်ပြန်မယ်၊ တစ်ရွာလုံးက မင်းကို
ထင်နေတော့မှာပဲ"

ဖိုးပြားက ဒါပဲပြောသည်၊ ဆိုးပုံက သူ့လက်ထဲက ဝါး





တုတ်ကို လွှင့်ပစ်လိုက်ပြီး ဖိုးပြားနောက်လိုက်သွားတော့၏။

ဆိုးပုံက ရူးတာရူးတယ်၊ သူ့အဖေကိုတော့ အချစ်သား၊ သူ့အဖေ စကားကိုတော့ နားအထောင်သားဟု ဝိုင်းကြည့်နေသော ရွာသားများက မှတ်ချက်ချလေ့ရှိသည်၊

ဆိုးပုံတစ်ခုခု မဟုတ်တာလုပ်နေတုန်းတွေ့လျှင် ရွာသားတွေက မင့်အဖေ ဖိုးပြားလာပြီ ပြောလိုက်လျှင် ဆိုးပုံဆက်မလုပ်တော့၊ ဆိုးပုံကို ပြောချင်လျှင် သူ့အဖေ ဖိုးပြားနှင့် ခြောက်၍ ပြောရလေ့ရှိသည်၊

"ဆိုးပုံ မိုးရွာကြီးထဲမှာ လျှောက်မနေနဲ့လာ တင်းကုတ်ထဲ ဝင်နေစမ်း၊ မင်းအဖေ ဖိုးပြားလိုက်လာပြီ"

ဒီလိုပြောလိုက်လျှင် မိုးရွာထဲမှာ အခေါက်ခေါက်အခါခါ ပြေးသွားရင်း အော်ဟစ်နေသော ဆိုးပုံအပြေးရပ်ကာ လှမ်းခေါ်သူ၏ တင်းကုပ်ထဲမှာ ဝင်၍ မိုးခိုနေသည်၊

မန်ကျည်းပင်ပေါ် တက်နေသော ဆိုးပုံကို လိမ့်ကျသေမယ် မတက်နဲ့တုပြောလျှင် ဆိုးပုံနားမဝင်၊ မင့်အဖေ ဖိုးပြားသွားခိုင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လိုက်ရမလား ဆိုပါက ပြန်ဆင်းလာသည်။

ဆိုးပုံ သည်လောက်ထိ သူ့အဖေ ဖိုးပြားကို ကြောက်ရွံ့တတ်သူ၊ အရှုးဆိုပေမယ့် ဖအေကို ဖအေမှန်းသိကာ ကြောက်စိတ်ရှိသူဟု တစ်ရွာလုံးက နားလည်ထားကြပြန်၏။

(၃)

နွေရောက်ပြီဆိုလျှင် အလွန်ပူပြင်း၍ ရေကလည်း ရှားလှသဖြင့် ရွာသူရွာသားတို့ အိမ်ပြင်ကို သိပ်မထွက်ကြ။ မနက်ပိုင်းမှာ အပြင်ထွက်အလုပ်လုပ်ကြပြီး၊ နေမြင့်လာသည်နှင့် အိမ်တွင်းမှာ လုပ်ရသော အလုပ်များသာ လုပ်လေ့ရှိသည်။

အိမ်နောက်ဘေးဘက်မှာ ကလဖျင်ထိုးကာ အင်ဖက်ဖျစ်





ခြင်း၊ ထရံယက်ခြင်း စသည့် နေရိပ်မှာ လုပ်ရသည့် အလုပ်များကို လုပ်ကိုင်ကြသည်။ ရွာပြင်မပြောနှင့် ရွာထဲမှာ လျှောက်သူပင် မရှိသလောက်။ တစ်ရွာနှင့် တစ်ရွာ အသွားအပြန် သွားသူပြန်သူ လောက်သာ ရွာပြင်မှာ တွေ့ရတတ်၏။

သည်အချိန်မှာ ရွာထဲလျှောက်နေလေ့ရှိသူကတော့ ဆိုးပုံပင်။ ဆိုးပုံသည် နေပူရှိန်ပြင်း၍လားမသိ ပို၍ စိတ်ဖောက်ပြန်သည့် လက္ခဏာများ ပြတတ်သည်။ ပို၍ကြမ်းရမ်းသည့် အမူအယာများ ရှိလာတတ်သည်။ ပို၍ ယုတ်ရင်းကြမ်းတမ်းစွာ ဆဲဆိုတတ်လာသည်။ အရင်ကလို ပြောလို့ ဆိုလို့ သိမ်မကောင်း။ ထိုင်နေလျှင်လည်း ခဏလေးသာ။ ဟိုပြေး သည်ပြေး ဂဏာမငြိမ်ချင်။ သူ့အဖေ ဖိုးပြားနှင့် ခြောက်လျှင်လည်း ခဏသာရ၏။ ဖိုးပြားလာပြီဆိုလျှင်လည်း ခဏသာပြောရသော်လည်း ဖိုးပြားက တကယ်မလာမှန်းသိတော့ သူလုပ်ချင်ရာ လုပ်တတ်သည်။

တစ်နေ့တော့ မြေပဲခင်းထဲက မြေပဲပင်တွေ နှုတ်နေတာမြင်လို့ မင်းအဖေဖိုးပြား သွားခေါ်မယ်ဆိုတော့ အရှုတ်



www.burmeseclassic.com

www.burmeseclassic.com



ရပ်သွားသည်ဟု ကိုကြီးဒွေးက ပြောပြသည်။ ပြီးတော့ မြေပဲခင်းကနေ ရွာထဲ မနည်းချော့ခေါ်လာရသည်ဟုဆို၏။ သည်လိုနေ့ရက်တွေမှာတော့ ဆိုးပုံကိုလည်း ခါတိုင်းနယ်သူတို့ ကြည့်မြော မနေနိုင်ကြ။ တော်ရုံတန်ရုံဆိုလျှင် မမြင်ချင်ယောင် မသိချင်ယောင်ဆောင်နေကြသည်။ နေမြင့်လေ အရူးရင့်လေဆိုတဲ့ စကားရှိတယ် မဟုတ်လားဟု ဦးကြီးဒွေးတို့ ပြောတတ်၏။

(၄)

နေ့တစ်ရက်မှာတော့ တခြားရွာမှာ နာရေးကိစ္စရှိလို့ သွားမေးပြီး ဦးကြီးဒွေးရွာကို ပြန်လာခဲ့သည်။ အချိန်က မွန်းတည့်နီး။ နေပူရှိန်အမြင့်ဆုံး ရောက်နေချိန်။ ရွာနားရောက်တော့ ရွာအပြင်က ရေတွင်းကလေးကို လှမ်းမြင်နေရသည်။ ရေတွင်းလေးဘေးမှာ ဟိုလျှောက် သည်လျှောက်လုပ်နေသည့် ဆိုးပုံကို ဦးကြီးဒွေးတွေ့၏။

"နေကပူပါဘိနဲ့၊ ဘာလုပ်နေတာလဲ ဆိုးပုံလာ ရွာထဲပြန်မယ်" အနားရောက်တော့ ဆိုးပုံကို ဦးကြီးဒွေးက လှမ်းပြောသည်။ ဆိုးပုံက မကြားသလိုနှင့် ဦးကြီးဒွေးကို ပြန်မကြည့် ရေတွင်းအုတ်ဘောင်ပေါ် တင်ပါးလွှဲ ချထိုင်လိုက်၏။

"လိမ္မာလိမ့်မယ် ဆိုးပုံ၊ ဆင်းဆင်း ...၊ ငါ မင့်အဖေ ဖိုးပြားကို သွားခေါ်လိုက်ရမလား"

ဆိုးပုံ ရေတွင်း ဘောင်ပေါ်က ဆင်းလိုက်သည်။

"လာ ရွာထဲပြန်မယ်"

ဆိုးပုံက နောက်ကျောပေးရပ်ရင်း ရေတွင်းဘက်ကို လှည့်သည်။

"ဆိုးပုံ မင်းပြောလို့ မရဘူးလား"

ဦးကြီးဒွေး စကားအဆုံးမှာပင် ဆိုးပုံက ရေတွင်းဘောင်ပေါ်မှ အုတ်ခဲတစ်လုံးကို ရေတွင်းထဲ တွန်းချလိုက်သည်။ အုတ်ခဲ ရေတွင်းထဲကို ကျ၍ ရေကိုအရှိန်ဖြင့် ရိုက်သံ ဝုန်းကနဲထွက်လာ၏။

"ဟာ ဆိုးပုံ ဘာလုပ်တာလဲ၊ မလုပ်ရဘူးကွ၊ မလုပ်ရဘူး"







www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးဒွေးပြောနေစဉ်မှာပင် ဆိုးပုံက အုတ်ခဲတွေကို တစ်လုံးပြီး တစ်လုံး တွန်းချလိုက်ပြန်၏။

"ဟာ . . . ဟာ . . သွားပါပြီကွာ မလုပ်နဲ့ ဆိုးပုံ၊ မလုပ်နဲ့၊ မင့်အဖေဖိုးပြားလာပြီ၊ ငါဖိုးပြားကို သွားခေါ်မယ်"

ဆိုးပုံက ကြားဟန်မတူ အုတ်ခဲတွေကို ရေတွင်းထဲဆက်ပြီး တွန်းချပြန်၏။

ဦးကြီးဒွေးက ချက်ချင်း ဆုံးဖြတ်လိုက်သည်။ သူပြောလို့ ရတော့မည် မဟုတ်မှန်းသိလိုက်၏။ ရွာစွန်မှ ဖိုးပြားတဲဆီကို သုတ်ခြေတင်သည်။ ဖိုးပြားကို သွားခေါ်ရုံမှလွဲ၍ ဘာမှလုပ်စရာ မရှိမှန်း သူသိလိုက်၏။

"ဖိုးပြား . . . ဖိုးပြား"

တဲအပြင်မှ လှမ်းခေါ်တော့ ဖိုးပြားထွက်လာသည်။

"ဆိုးပုံ ရေတွင်းထဲ အုတ်ခဲတွေ တွန်းချနေတယ်ကွ၊ လာ လိုက်ခဲ့စမ်း၊ တားစမ်းပါဦးကွ၊ ငါဘယ်လိုမှ ပြောမရတော့ဘူး"

ဦးကြီးဒွေး စကားဆုံးတော့ . . .





"ဒီအရူးကြောင့်လည်း ခက်တယ်"

ဟု ဖိုးပြားက ငြီးငြီးငြူငြူပြောရင်း ရှေ့က ထွက်သွားသည်။ ဦးကြီးဒွေးက ဖိုးပြားနောက်မှ ခပ်သုတ်သုတ်လိုက်သွား၏။ ရွာအစွန်မှာရှိသော ဖိုးပြားတဲနှင့် ရွာပြင်သောက်ရေတွင်းက သိပ် မဝေးလှ။

(၅)

"ဟေ့ကောင် ဆိုးပုံ မင်းဘာလုပ်တာလဲ"

အနားရောက်သည်နှင့် ဖိုးပြားက လှမ်းအော်လိုက်၏။ ဖိုးပြားအသံကို ရုတ်တရက်ကြားလိုက်ရတော့ ဆိုးပုံက ဖိုးပြားကို လှမ်းပြီး ကြောင်ကြည့်သည်။

"လာခဲ့ ဆိုးပုံ ရေတွင်းထဲကို ဘာလို့ အုတ်ခဲတွန်းချနေရတာလဲ၊ ဒါသောက်ရေတွင်းကွ မင်းမသိဘူးလား"

ဖိုးပြားက ဆက်ပြောသည်၊ ဆိုးပုံက ကြောင်ကြည့်နေရာမှ



www.burmeseclassic.com

www.burmeseclassic.com



အကြည့်တိုလွဲတာ . . .

"မသိဘူးကွာ . . . မသိဘူးကွာ"

ဟု အော်ရင်း အုတ်ခဲတွေကို ရေတွင်းထဲသို့ ဆက်တိုက် တွန်းချနေတော့၏။

"ဟော့ကောင် ဆိုးပုံ"

ဆိုးပုံတစ်ချက်မော့ကြည့်သည်။ ဖိုးပြားက ဆိုးပုံအနားကို ကပ်သွား၏။ ဦးကြီးဒွေးက ဘာမှဝင်မပြောဘဲ ကြည့်နေသည်။

"မင်းပြောလို့မရဘူးလား"

"ဝုန်း"

နောက်တစ်လုံး။

"ဒါသောက်ရေတွင်း"

"ဝုန်း"

ဖိုးပြား စကားတစ်ခွန်းပြောတိုင်း ဆိုးပုံက အုတ်ခဲတစ်လုံး ရေတွင်းထဲ တွန်းချသည်။

"ဆိုးပုံ မင်းပြောလို့ မရတော့ဘူးလား"





"ဝုန်း . . . ဝုန်း"

နှစ်ခဲကို ဆက်တိုက်တွန်းချတာ တွေ့သည်။

"ကဲကွာ . . . ပြောမရဦးကွာ၊ ပြောမရဦး"

ဖိုးပြားရော ဆိုးပုံ သားအဖနှစ်ယောက်လုံး ရေတွင်းဘောင်ပေါ်မှ အုတ်ခဲတွေကို တွင်းထဲ တွန်းချနေတာကြည့်ရင်း ဦးကြီးဒွေး ပါးစပ်မှ အယောင်ယောင်အမှားမှား အော်သည်။

ပြီးတော့ ရွာဘက်ကို အပြေးလာခဲ့မိတော့၏။

အရူးသားအဖ နှစ်ယောက်၏ အုတ်ခဲတွေ တွန်းချသံ ဝုန်းဝုန်းကို နောက်ခိုင်းပြေးလာသော ဦးကြီးဒွေး ကြားနေခဲ့. . .

(၆)

ရွာထဲမှ လူကြီးတွေကို ဦးကြီးဒွေးခေါ်ပြီး ပြန်ရောက်လာချိန်တော့ ရေတွင်းဘောင်မှ အုတ်ခဲများမရှိတော့ပြီး ရေတွင်းလေး



www.burmeseclassic.com

သည် အုတ်ဘောင်မရှိတော့ဘဲ မြေနှင့် တပြေးညီဖြစ်နေပြီ။ တွေ့ ... သောမှာ မောမော ပန်းပန်းထိုင်နေသော အရူးသားအဖကို ... တွေ့ရတော့သည်။

ရွာလူကြီးများက ရေတွင်းလေးထဲကို ငုံ့ကြည့်ကြသည် ... အုတ်ခဲတွေ အတော်များများကျပြီး ရေတွင်းလေးထဲမှ ရေများလည်း ... သုံးလို့ရတော့မည် မဟုတ်မှန်း နားလည်တော့၏။

အဲဒီညနေမှာပဲ တစ်ရွာလုံးလူတွေစုပြီး ရေတွင်းကလေး ... ပြန်ဆည်ခဲ့ရသည်၊ ရေတွင်းပြန်ဖော်ခဲ့ရသည်။

(၃)

နှစ်ရောက်ပြီဆိုလျှင် ကျွန်တော်တို့ ရွာပြင်မှ သောက် ... တွင်းကလေးကိုလည်းကောင်း၊ တစ်ဆက်တည်းမှာပင် ဆိုးပုံ ...





... များကိုလည်းကောင်း ကျွန်တော်မကြာမကြာ သတိတရရှိနေ ... တ်ပါ၏။

အရိန္ဒမာမဂ္ဂဇင်း

၁၉၉၅ ခုနှစ်၊ မတ်လ။



www.burmeseclassic.com

www.burmeseclassic.com

မောင်စိန်ဝင်း ( ပုတီးကုန်း )

# အမြီးမပါတဲ့ခွေး



www.burmeseclassic.com

www.burmeseclassic.com



# အပြီးမပါတဲ့ခွေး

(၁)

အစကတော့ ခွေးတစ်ကောင်တည်းသာ၊ အဖော်ရပါစေ
တော့ဆိုပြီး နောက်ထပ်တစ်ကောင်ထပ်ဝယ်ပြီး မွေးလိုက်သည်။
ရွယ်ရောက်လာတော့လည်း သူ့သဘာဝအတိုင်း အဖော်လိုလာ
န်သည်။ ကိုယ်က ခွေးထီးရှင်ဆိုတော့ ခွေးမကိုရှာရပြန်သည်။
ရေးကြီးသည်က မျိုးရိုးစစ်ဖို့နှင့် ခွေးနီးမျိုးစပ်တော်ဖို့၊ ဒါမှ
းလာသည့် ခွေးတွေက ထက်မြက်ထွားကျိုင်းမည်၊ သည်လိုနှင့်
ိမ်ကခွေးထီး နှစ်ကောင် အိမ်ထောင်ကျသည်။ ခွေးထီးရှင်ပြ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ခွေးလာသည့် ခွေးကလေးထဲမှ ကြိုက်ရာတစ်ကောင်ယူခွင့် ရှိသည်။ မယူချင်လို့ ရောင်းပစ်ချင်က ရောင်းပစ်နိုင်သည်။ ရောင် လိုက်ပါက မိတစ်ကွဲ၊ ဘတစ်ကွဲ တစ်ကောင်တည်း ဖြစ်နေမှာပါဟေ ဆိုသည့် စာနာစိတ်ဖြင့် မရောင်းရက်ပြန်။ ကဲ . . . အခုတော့ အိမ်မှာ ခွေးငါးကောင်ဖြစ်နေပြီ။

(၂)

ဒီခွေးတွေနှင့် ပတ်သက်၍ ကောင်းတာတွေရော ဆိုးတာ တွေရော ပြောစရာကအများကြီး။ ထိုအများကြီးထဲမှ သူတို့ ဟောင်သံနှင့် ပတ်သက်၍သာ ပြောပါမည်။ သူတို့က မျက်စိ လည်းလျင်၍ နားကလည်း အလွန်ပါးသည်။ ခြံဝန်းရှေ့မှာ ရိပ်က လှုပ်ဖြတ်တာတွေ့သည်နှင့် တွေ့သည့်တစ်ကောင်က စ၍ဟော





သည်။ ကျန်သည့် အကောင်တွေကလည်း တွေ့သည်ဖြစ်စေ၊ မတွေ့ သည်ဖြစ်စေ လိုက်၍ ဟောင်တော့၏။ လှောင်အိမ်တွေထဲ ရောက် မနေသည့် ခွေးများက တဝုန်းဝုန်းနှင့် မာန်ဖီကာ ခြံကိုပတ်၍ ပြေးတော့သည်။ လူသွားလူလာအလွန်တရာ နည်းလွန်းသော လမ်းတိုကလေးဖြစ်၍သာ တော်ပေတော့သည်။ လူတွေဖြတ်သွား ဖြတ်လာများသည့် လမ်းမဖြစ်ပါက ခက်ပဲခက်ရပေတော့မည်။

ဧည့်သည်များလာပါက ခြံဝန်းတံခါးရှေ့မှာ ရပ်သည်နှင့် ခွေးဟောင်သံ ဆူညံသွားတော့သည်။

ဝန်းတံခါးကို မတာပ်ရပ်တက်လျက် စားတော့ ဝါးတော့မည့် နှယ် မာန်ဖီဟိန်းဟောက်ကြသည်။ သူတို့ကို လှောင်အိမ်မှာ သိမ်းပြီး အိမ်သားတစ်ယောက်ယောက်က တံခါးဖွင့်ပေးလျှင် ဟောင်သံရပ်သွားတော့၏။ ထူးခြားသည်က ဧည့်သည်များ ခြံဝန်း ထဲမှ ပြန်အထွက်မှာ ဟောင်လည်းမဟောင်၊ အနားကိုမျှမကပ်။ ဧည့်သည် ပြန်အထွက်မှာ သူတို့ကို လှောင်အိမ်၌ မသိမ်းဘဲထား လျှင်ပင် ရပြန်သည်။ ခြံဝန်းထဲသို့ ဧည့်သည်ရောက်စဉ်မှာ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ကို မသိမ်းမိလျှင်လည်း ညှော်သည်ကို အနံ့ခံနမ်းရှူပြီးသည်နှင့် သူတို့နှင့် မဆိုင်တော့သလို ပြေးထွက်သွားတတ်ကြပြန်၏။

(၃)

အိမ်ကို ဆွမ်းခံကြွသည့် ဘုန်းကြီးမှအစ ခဏခဏလာသည် တတ်သော ညှော်သည်များကိုလည်း ခြံဝန်းရှေ့ရောက်ပါက သူတို့ ဟောင်တတ်စမြဲ။ အိမ်ကို ခဏခဏလာတတ်သူများသည် ခွေးများ နှင့် ရင်းနှီးနေကြပြီ ဖြစ်သော်လည်း သူတို့ကတော့ ထုံးစံအတိုင်း ဟောင်လိုက်ရမှ။ အိမ်ကကား၏စက်သံ ဟွန်းသံကိုပင် သူတို့မှတ်မိ သည်။ (ဟွန်းမတီးဘဲ စမ်းကြည့်ဖူး၍ စက်သံကို မှတ်မိကြောင်း သိရပါသည်။) လမ်းထိပ်ကို ကားရောက်သည်နှင့် ခွေးဟောင်သံ တဝုန်းဝုန်းကို ကြားရတော့သည်။ ခြံရှေ့ရောက်ပါက သူထက်ငါ





အပြိုင်ဟောင်လျက် မြူးတူးပြေးလွှားနေသော သူတို့ကို မြင်ရပါ တော့သည်။ တံခါးမဖွင့်ခင် သူတို့ကို သိမ်းလိုက်မှ အသံတိတ်သွား တတ်သည်။

ကြာလာတော့ သူတို့၏ ဟောင်သံကို ခွဲခြားတတ်လာသည်။ အပြင်လူ လူစိမ်းကို မာန်ဖီ၍ ဟောင်သံနှင့် ရင်းနှီးသော မိတ်ဆွေ သို့မဟုတ် အိမ်သားကို ကြိုဆိုသော ဟောင်သံက မတူ။

လှောင်အိမ်ထဲမှာ ပိတ်ထားတာကြာလို့ ထွက်ချင်သဖြင့် တောင်းပန်တိုးလျှိုးသော ဟောင်သံမှာ တစ်မျိုး။ သူတို့ဆီကို လူလာ စေချင်သဖြင့် အသံပြုသည့် ခေါ်သံကတစ်ဖုံ။ တအီအီနှင့် မြည်၍ လည်း ဂျီကျတတ်သည်။ တဝုတ်ဝုတ်နှင့်အော်၍လည်း ရန်တွေ့ တတ်သည်။

အပြင်လူစိမ်းကို စားတော့ ဝါးတော့မလို ပြေးလွှားရန်စောင် ၍ ဟောင်သံနှင့် နားရွက်တစ်လှုပ်လှုပ် ဆတ်ခါရင်း အိမ်သားကို ကြိုဆိုသော ဟောင်သံနှစ်မျိုးကတော့ အင်မတန်မှ ခြားခြားနားနား ကွဲပြားနေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်သားများ ရင်းနှီးသူများ ခြံရှေ့ရောက်ပါက ဆူညံစွာ ဟောင်၍ ကြိုဆိုပြီး ခြံထဲရောက်လာလျှင် ပတပ်ရပ်တက်ကာ ပါးလျက်နားလျက်လို့ မပြီးနိုင်။

ဒါက ရင်းနှီးကျွမ်းဝင်သူများနှင့် ပတ်သက်သည့် သူတို့ စရိုက်၊

(၄)

တစ်ခါတစ်ရံ သူတို့လှောင်အိမ်ထဲမှာ အိပ်နေစဉ်ဖြစ်စေ၊ အိမ်ကကားနှင့် ပါလာကာ အိမ်ပေါ်တန်းတက်သွားလို့ဖြစ်စေ၊ သူစိမ်းဧည့်သည်ကို သူတို့မတွေ့လိုက်ရဘဲ ရှိတတ်၏။ ထိုအခါမျိုးမှာ သူတို့လုံးဝမကျေနပ်၊ ထိုဧည့်သည်၏ အသံကြားတိုင်း ဟောင်နေတော့သည်၊ အိမ်သား တစ်ဦးဦးက မာန်မဲလိုက်လျှင်လည်း ခဏသာရပ်သွားကာ မကျေမနပ်ဖြင့် ထ,ဟောင်တတ်ပြန်သေး၏။





သည်လိုနှင့် အိမ်မှာ အလှူလုပ်တော့ ပြဿနာတက်ပါတော့သည်။ သူတို့ကို လှောင်အိမ်တွေမှာ အစောကြီးကတည်းက လှောင်ထားရတော့သည်။ ကြာတော့ ထုံးစံအတိုင်း တောင်းပန်တိုးလျှိုးသံ၊ ရန်တွေ့သံ၊ မကျေနပ်သံတွေ ထွက်လာသည်။ အမိန့်နာခံတတ်သူတွေမို့ တော်တော့တော်သေးသည်။ ဧည့်သည်တွေကို သူတို့ မဟောင်၊ ဧည့်သည်တွေ အဝင်အထွက်ကို လှောင်အိမ်ထဲမှ လှမ်းမမြင်ရသော်လည်း အနံ့တွေကို သူတို့ရမှာ သေချာသည်။ သို့သော် ခါတိုင်းနှယ် ဆူညံစွာ မဟောင်သဖြင့် ကျိတ်ပြီး ဝမ်းသာနေမိသေးသည်။

ဘုန်းကြီးတရားဟောသည့်အခါမှာတော့ သူတို့ထဟောင်တော့သည်။ သူတို့မမြင်မတွေ့လိုက်ရသော သူစိမ်းအသံကို အိမ်ပေါ်မှ သူတို့ကြားရတော့ ဒေါသဖြစ်ပုံရသည်။

အိမ်သားတစ်ယောက်ဆင်းသွားပြီး မာန်မဲလိုက်တော့ ငြိမ်သွားသည်။

သို့နှင့် ဘုန်းကြီးတရားဟော၍ ပြီးသည်အထိ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



မရှိ။

အမျှအတန်းဝေ၍ ပရိတ်သတ်က သာဓုခေါ်လိုက်တော့မှ သူတို့က တဝုန်းဝုန်းထ၍ သောင်းကျန်းကြပါတော့သည်။

(၅)

ကျွန်တော်က ကျွန်တော့သူငယ်ချင်းကို အထက်ပါ အကြောင်းတွေ ပြောပြတော့ သူငယ်ချင်းက စဉ်းစားသလို တစ်ချက်တွေရင်း ကြည့်သည်။ ပြီးမှ . . .

"မင်း လူတစ်ယောက်ကို စောင်းပြောနေတာလား။ ဟုတ်တယ် မဟုတ်လား"

ဟု မေးလိုက်၏။

"ဘာဖြစ်လို့လဲ"





ကျွန်တော် သူ့ကို တအံ့တဩ ပြန်မေးမိသည်။

"မဟုတ်ဘူးလေကွာ၊ ကိုယ်နဲ့ရင်းနှီးတဲ့ ကိုယ့်အသိုင်းအဝိုင်းကို ဆူညံအော်ဟစ်ကြိုဆိုပြီးတော့၊ သူစိမ်းဆို မာန်တဖီဖီနဲ့ ဟိန်းဟောက်၊ အကောင်းတစ်ခုမှ မမြင်တဲ့လူမျိုးလေကွာ၊ မစ္ဆရိယတွေ အဝိဇ္ဇာတွေ အစွယ်တငေါငေါနဲ့ . . ."

သူငယ်ချင်း စကားမဆုံးခင်မှာပင် ကျွန်တော်ပြုံးလိုက်မိသည်။

"မလိုအပ်ဘဲ ဟောင်တဲ့ခွေးဟောင်သံဟာ ပတ်ဝန်းကျင်ကိုလည်း အနှောက်အယှက် ဖြစ်တယ်ကွ၊ အဲဒီခွေးဟောင်သံလို အော်နေတဲ့ လူမျိုးကို . . ."

"တော်ပြီ . . . တော်ပြီ သူငယ်ချင်း"

သူ့စကားမဆုံးခင်မှာပင် လက်ကာ၍ ကျွန်တော်တားသည်။ သူငယ်ချင်းက ကျွန်တော့်မျက်နှာ မော့ကြည့်နေ၏။

"မင်းပြောတဲ့ လူမျိုးအကြောင်း ငါအချိန်ကုန်ခံပြီး ပါးစပ်ထဲ ဆည့်မပြောဘူး သူငယ်ချင်း၊ ငါပြောတာ ငါ့အိမ်က မျိုးစပ်ခွေး



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ခွေးတွေအကြောင်း . . . ။ သစ္စာရှိတာရယ်၊ ရဲရင့်တာရယ် အမိန့်နာခံတတ်တာရယ်မှာ စံပြုရတဲ့ ငါ့ခွေးမျိုးက မင်းပြောတဲ့ လူမျိုးထက် အဆပေါင်းများစွာ အဆင့်အတန်းရှိတယ်ကွ။ သာမ မခေါ်တတ်တာချင်းပဲ တူချင်တူမယ်”

“နေပါဦး . . . မင်းအစက်ပြောတော့ အမြီးမပါတဲ့ခွေးဆို ဒီတော့ ငါက လူလို့စဉ်းစားလိုက်တာပေါ့. . .”

“ဟုတ်ပါတယ်ကွာ၊ ငါ့ခွေးတွေက ဒိုဗာမင်တွေကွာ။ မွေးစ ကတည်းက အမြီးဖြတ်ထားရတော့ အမြီးငုတ်ကလေးပဲ ရှိတယ်၊ အမြီးမပါဘူးကွ”





ဒိုဗာမင်ကို မမြင်ဖူးတော့ ကျွန်တော့ သူငယ်ချင်းကတော့ ကျွန်တော့်မျက်နှာကို မယုံသလိုကြည့်နေပြန်သည်။

သူပြောတဲ့ လူတစ်ယောက်ထက် အဆင့်ရှိတဲ့ ကျွန်တော့် ခွေးတွေကို တစ်နေ့ သူ့ကို ခေါ်ပြရဦးမည်ဟု စဉ်းစားနေမိသေး၏။

၁၉၉၅ ခု၊

ဇန်နဝါရီ ရွှေသမင်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

မောင်ဝိဇ္ဇုဝင်း ( ပုတီးကုန်း )　　ဘလက်ကီနဲ့ ငှို

# BLACKY

NMT

www.burmeseclassic.com

www.burmeseclassic.com



# ဘလက်ကီနှင့်ငါ

(၁)

၁၉၉၇-ဇွန်လ (၁) ရက်နေ့က ဘလက်ကီသေဆုံးသွား
သည်။ မနက် ဆယ့်တစ်နာရီလောက်မှာ သူ့ကို ကျွန်တော်ကိုယ်
တိုင် သူ့လှောင်အိမ်ထဲသို့ ထည့်ပေးခဲ့ခြင်းဖြစ်သည်။ လှောင်အိမ်
ထဲထည့်စက သူ့လှောင်အိမ်နားလာသည့် သူနှင့်မတည့်သော ကြောင်
များကို ဒေါသတကြီး ဟောင်နေခဲ့သေးသည်။ နေ့လည် တစ်နာရီ
လောက်မှာ သူ့ကို လွှတ်ဖို့သွားကြည့်တော့ သူသေနေတာတွေ့ရ





သည်။ အသက်ရှူရပ်နေတာကလွဲလို့ အိပ်နေသလိုပါပဲ။ ပူပူ
နွေးနွေးကြီးရှိနေသေးသည်။ သူ့ကို အဆိပ်ရှိသည့် တစ်စုံတစ်ရာ
ကိုက်လေသလားဟု ဒါဏ်ရာရှာကြည့်သော်လည်း ဘာမှမတွေ့ရ။
သူ့လျှာတစ်ခုလုံးကတော့ အပြာရောင် ပြောင်းသွားသည်။

မကြည့်ရက်တော့သဖြင့် ဘလက်ကီကို အိမ်နောက် ရှောက်
ပင်အောက်မှာ တူးပြီး မြှုပ်လိုက်တော့၏။ နောက်တစ်နေ့မှာ သူ့ကို
ပြနေကျဖြစ်သော ဆရာဝန်ထံ အကျိုးအကြောင်းပြောပြပြီး
မေးမိသည်။ ဆင်ခြေထောက်ခြင်သည် ခွေးကိုကိုက်သောအခါ
လူမှာကဲ့သို့ ဆင်ခြေထောက် မဖြစ်တော့ဘဲ၊ ယင်းပိုးက နှလုံးမှာ
သံအလုံးများအဖြစ်ဖြင့် တွယ်စေသည်။ ထိုသံအလုံးများ တွယ်နေ
သည်ကို သွေးစစ်မကြည့်မိ၍ မသိသောအခါ တစစဖြင့် ပွားများ
လာကာ နှလုံးကိုဆို့၍ ရုတ်တရက်ကြီး သေသွားစေနိုင်သည်တဲ့။
လျှာတစ်ခုလုံး ပြာသွားသည်မှာ နှလုံးဆို့ပြီးသွားသည့် လက္ခဏာဟု
ဆရာဝန်က ပြောပါသည်။

ဘလက်ကီသည် မမြင်နိုင်သော ရန်သူ၏ တိုက်ခိုက်ခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လိုက်ရတာပါလား။ သူ့ကို ထိုက်သင့်သည့်ကုသမှုကိုပင် မပေးနိုင်ပါလားဟု ကျွန်တော် ယူကျုံးမရဖြစ်မိတော့သည်။

ဘလက်ကီသည် ကျွန်တော်တို့ မိသားစု အိမ်မပြောင်းလာမီကတည်းက ကျွန်တော်နှင့်အတူ အိမ်စောင့်နေခဲ့သည့် သစ္စာအရှိဆုံး ကျွန်တော့်မိတ်ဆွေပင်။ ၁၉၉၇ ခု၊ ဖေဖော်ဝါရီလထဲမှာ ဘလက်ကီ အသက်(၇)နှစ်ပြည့်ခဲ့၍ ကျွန်တော်နှင့်သူ လက်ပွန်းတတီးနေခဲ့သည်မှာ ခုနစ်နှစ်လုံးလုံးပင်။

သတ္တိရှိခြင်း၊ အမိန့်နာခံတတ်ခြင်း၊ သစ္စာရှိခြင်းစသည့် ဗိုဟာမင်တို့၏ အရည်အသွေးများဖြင့် ပြည့်စုံရုံမျှမက ဘလက်ကီသည် သဘောထားကြီးခြင်း၊ စိတ်ရှည်သည်းခံခြင်းနှင့်လည်း ပြည့်စုံသည်ဟု ကျွန်တော်ထင်သည်။ ဘယ်တော့မှ သူ့ထက်အားနည်းသည့် ခွေးငယ်များအပေါ် ဘလက်ကီသည် အနိုင်မကျင့်။ သူ့အစာခွက်ကို လုယက်တိုးဝှေ့ ကစားသည့်တိုင် ဘေးသို့ရှောင်ပေး နေတတ်သည်။ ထိုခွေးကလေးများ စားပြီး ကျန်တာကို သူစားသည်။

သူသည် အတိုင်းအဆမရှိ အံ့ဩစရာကောင်းလောက်အောင် သည်းခံတတ်သော်ပြား။ သူ့ကိုစော်ကားဖန်များလာလျှင်တော့ သူပေါက်ကွဲတတ်သည်

သူ့အကြောင်းတွေးနေရင်းမှာပင် ငနီကို ကျွန်တော်သတိရသည်။ ငနီဆိုသည်မှာ ဘလက်ကီထက် အသက်ကြီးသော မြန်မာခွေးကြီးဖြစ်၍ ဘလက်ကီ ကိုက်လိုက်သည့် ဒါဏ်ကြောင့် သေဆုံးသွားရရှာသော ခွေးတစ်ကောင်ပင်။

(၂)

ငနီအကြောင်းကို "စားခွက်" ဆိုသော ဝတ္ထုတိုလေး တစ်ပုဒ်ဖြင့် ကျွန်တော်ရေးခဲ့ဖူးပါသည်။ ငနီသည် မြန်မာခွေးစစ်စစ်ဖြစ်သော်လည်း အလွန်သန်မာထွားကျိုင်း၍ လှပသည်။ ကျွန်တော့်အိမ်ရောက်မှ တိုက်က မွေးထားသော ခွေးဖြစ်သော်လည်း သူက အဝင်းတစ်ခြံလုံးမှ ထိုစဉ်က ဆောက်လက်စတိုက်များမှာ စောင့်လှုပ်၍ နေတတ်သည်။ နောက်ဆုံးမသေခင် တစ်နှစ်







www.burmeseclassic.com

www.burmeseclassic.com



လောက်မှာ ကျွန်တော့်အိမ်မှာ အနေများခဲ့သည်။ မနက်ထွက်သွား ပြီး ကြုံရာနေရာမှာ စားသောက်ကာ ညစာစားခါနီးမှ ပြန်လာ တတ်သည်။ လဘက်ရည်ဆိုင် လိုက်ထွက်လာပြီး ပေါင်မုန့်တစ်ချပ် ပစ်ချပေးလိုက်လျှင် ပေါင်မုန့်ကိုကိုက်၍ တစ်ခြံလုံးမှာရှိသည့် မြန်မာခွေးတွေအားလုံးကို သူကနိုင်သည်။ သူတို့လာလျှင် လမ်းမှာ တွေ့သည့် ခွေးတွေအားလုံးက အမြီးနှံ့သူနှံ့၊ အပြီးလှုပ်သူလှုပ်နှင့် လမ်းဘေးမှာ ရှောင်ပေးရသည်ကို ကျွန်တော်မျက်မြင်ပင်။ ပြား ပြားဝပ် ကြောက်ရသည်ဆိုသည်မှာလည်း အမှန်ပင်၊ ငနီမို့လာလျှင် အနားရောက်ပါက လမ်းဘေးမှာ ပြားပြားဝပ်လျက် အမြီးနှံ့နေ နေရသော ခွေးများကို ကျွန်တော်ကြုံခဲ့ဖူးပါသည်။

ငနီက အလွန်အနိုင်ကျင့်ချင်သော ခွေးဖြစ်သည်။ အဲဒီလို သူ့ကို ကြောက်လို့ ပြားပြားဝပ်ပေးနေသည့် ခွေးကို မြေပြီးကိုက် လိုက်တာ လမ်းဘေးမြောင်းထဲသို့ ကျသွားရတော့၏။ ကျွန်တော် က ငနီအကျင့်ကို မကြိုက်လို့ ဘယ်လောက်ပဲ ဆူဆူ ငနီကတော့ မရပါ။ ကျွန်တော်တို့နှင့်အတူ လမ်းလျှောက်လာပါက ဗိုဆိုးနေ





တုတ်ပေး ၇၊ ငနီသည် ဘလက်ကီ ... နိုင်ဖြစ်သွားပြီဟု ကျွန်တော်ထင်သည်။ ငနီသည် လမ်းထဲက ခွေးများကို အနိုင်ကျင့် သကဲ့သို့ပင် ဘလက်ကီကိုလည်း အနိုင်ကျင့်ရှာသည်။ ရန်လုပ်ချင် သည်။

သို့သော် တစ်ခုထူးခြားသည်မှာ ဘလက်ကီသည် ငနီကို ပြန်လှန်၍ ရန်မလုပ်သော်လည်း ရော်နှောခင်မင်မှုကိုမပြပါ။ ငနီ က ဟိန်းဟောက်လိုက်လျှင် ကင်းရာခပ်ဝေးဝေးကို သွားနေသည်။ သူကိုက်ဆော့နေသည့် ဘောလုံးအား ငနီက ယူပြီး ယန်ပြလိုက် လျှင် ဘောလုံးကို ထပ်မဆော့ပဲ တစ်နေရာကို ထွက်သွားသည်။ ငနီက သူ့အစာခွက်ကို စားနေရင်းမှ ဘလက်ကီ့အစာခွက်ကို လာစားလျှင်လည်း ဘလက်ကီက ရှောင်ပေးလိုက်သည်။

သည်လိုနှင့် ငနီသည် ဘလက်ကီကို ဘယ်လိုမှ ရန်စ၍ ရနိုင်ဖြစ်နေတော့၏။ ဘလက်ကီသည် ငနီကို ငယ်ကြောက်မို့ ရှောင်နေသည်ဟု ကျွန်တော်ကတော့ထင်သည်။ သို့သော် ဘလက်



www.burmeseclassic.com

www.burmeseclassic.com



သည်ရွာသုံးရွာ အားကိုးအားထားပြုနေရသည့် မြို့ကိုက အမှန်တော့ မြို့မဟုတ်သေးပေ။ မီးရထားဘူတာရှိသည့် မြို့ကလေးပင်။ ထိုမြို့ကလေးကိုက စည်ပင်ဖွံ့ဖြိုးခြင်းနည်းသေးသည်ဆိုတော့ ထိုရွာသုံးရွာမှာကား ဆိုဖွယ်ရာမရှိတော့ပြီ။

သို့သော် ထိုသို့ ဖွံ့ဖြိုးမှုနည်းသေးသော မဲဇလီကုန်းရွာမှ စာပေဟောပြောပွဲ လုပ်မည်ဆိုတော့ ကြားရသူတို့ အံ့ဩစရာပင်။ ရွာတန်း ရှည်သုံးရွာရှိ ဇရပ်၊ ကုက္ကိုပင်၊ ထန်းပင်တို့မှာ ဆေးအနီနှင့်ရေးထားသော ပိုစတာများကပ်ထားတာတွေ့ရ၏။ ဖတ်ကြည့်ကြပြီး ယုံသူတို့ ရှိသလို မဖြစ်နိုင်တာကွာဟု မယုံသူတို့ကလည်းအများသား။

သာဒွန်းနှင့်မြအောင်တို့ ဦးဆောင်ပြုလုပ်ကြသည် ဆိုတာ နောက်ဆက်တွဲ သိရပြန်တော့ ပို၍စိတ်ဝင်စားနေကြပြန်သည်။

( ၂ )

အမှန်စင်စစ် သာဒွန်းနှင့်မြအောင်တို့သည် သိပ်ပြီးအစေးကပ်ကြသူများမဟုတ်။ သာဒွန်းက မဲဇလီကုန်းရွာသားဖြစ်ပြီး၊ မြအောင်က ကုက္ကိုကုန်းရွာဇာတိ။ ရွာသုံးရွာက တစ်ရွာနှင့်တစ်ရွာ ကပ်ပြီးတည်ထား





တော့တပ်ပေး ၇ ငနီသည် ဘလက်ကီ... နိုင်ဖြစ်သွားပြီဟု ကျွန်တော်ထင်သည်။ ငနီသည် လမ်းထဲက ခွေးများကို အနိုင်ကျင့် သကဲ့သို့ပင် ဘလက်ကီကိုလည်း အနိုင်ကျင့်ရှာသည်။ ရန်လုပ်ချင်သည်။

သို့သော် တစ်ခုထူးခြားသည်မှာ ဘလက်ကီသည် ငနီကို မြန်လှန်၍ ရန်မလုပ်သော်လည်း ရော်နှောခင်မင်မှုကိုမပြပါ။ ငနီက ဟိန်းဟောက်လိုက်လျှင် ကင်းရာခပ်ဝေးဝေးကို သွားနေသည်။ သူကိုက်ဆော့နေသည့် ဘောလုံးအား ငနီက ယူပြီး ယန်ပြလိုက်လျှင် ဘောလုံးကို ထပ်မဆော့ပဲ တစ်နေရာကို ထွက်သွားသည်။ ငနီက သူ့အစာခွက်ကို စားနေရင်းမှ ဘလက်ကီ့အစာခွက်ကို လာစားလျှင်လည်း ဘလက်ကီက ရှောင်ပေးလိုက်သည်။

သည်လိုနှင့် ငနီသည် ဘလက်ကီကို ဘယ်လိုမှ ရန်စ၍ ရနိုင်ဖြစ်နေတော့၏။ ဘလက်ကီသည် ငနီကို ငယ်ကြောက်မို့ ရှောင်နေသည်ဟု ကျွန်တော်ကတော့ထင်သည်။ သို့သော် ဘလက်



www.burmeseclassic.com

www.burmeseclassic.com



ကီ အလွန်တည်ငြိမ်သည်။ ... မသော ငနီ ... ကြောက် လန့်၍ ငြ…နေသည့် ခွေးတွေလိုမဟုတ်။ ဘလက်ကီသည် ငနီရှေ့ မှာ ဘယ်တော့မှ ပြားပြားမဝပ်။ သူ့အမြီးငုတ်တိုလေးကို ငနီရှေ့ မှာ ဘယ်တော့မှမလှုပ်။ လယ်တော့မှ မနဲ့။ ကျွန်တော် သေသေ ချာချာ ဂရုစိုက်၍ ကြည့်နေဖူးသည်။ ငနီနှင့် တွေ့လျှင် ထောင်နေ သည့် သူ့နားရွက်ကိုမျှ ဘလက်ကီသည် မကုပ်ပေ။ ပေစောင်း စောင်းနှင့် မသိသလိုသာ ရှောင်သွားတတ်စမြဲ။

(၄)

ဘလက်ကီ ခြောက်လကျော်ကျော်လောက်ရှိသည့်အခါ ကိုယ်ခန္ဓာက ငနီလောက်ရှိလာလေပြီ။

ငနီကတော့ ဟိုးအရင်ကနှယ်ပင်၊ ဘလက်ကီကို အနိုင်ကျင့် ချင်၊ ရန်စချင်နေတုန်း၊ ဘလက်ကီကလည်း ပါးနပ်စွာနှင့် ရှောင်





ရှိနေတုန်း။

တစ်နေ့မှာတော့ ကားဂိုဒေါင်ထဲမှာ ဘလက်ကီရော ငနီပါ အိပ်နေတာ ကျွန်တော်တွေ့သည်။ ငနီက အတွင်းဘက်မှာ အိပ် နေပြီး၊ ဘလက်ကီက ကားဂိုဒေါင်တံခါးစေ့ထားသည့် အပေါက်ဝ မှာ အိပ်နေသည်။ ကားဂိုထောင်တံခါးစေ့ထားသော်လည်း ဟတတ ဖြစ်နေပြီး၊ ထိုခပ်ဟဟနေရာမှာ ဘလက်ကီးက လှဲပြီးအိပ်နေသည်။ အပြင်ထွက်လိုပါက ဘလက်ကီလှဲအိပ်နေသဖြင့် ဘလက်ကီကို ကျော်မသွားဘဲ အပြင်ထွက်၍မရ။

ထိုစဉ် ကားဂိုထောင်၏ အပြင်ဘက်မှာ ကားရပ်ထားပြီး ကျွန်တော့်ယာဉ်မောင်းလေးက ကားရေဆေးနေပါသည်။ ခဏ အကြာမှာ ဘလက်ကီနှင့်ငနီကိုက်သံကြားတော့ ကျွန်တော်အိမ်ပေါ် က ပြေးဆင်းလာသည်။ အမြီးတကြီးနှင့် အပေါ်မှ ဖိကိုက်နေ သော ဘလက်ကီကို ကျွန်တော့်ယာဉ်မောင်းလေးကလည်း မဆွဲရဲ ရှာ။ ကျွန်တော့်ကိုသာ အော်ခေါ်နေသည်။ ဘလက်ကီသည် အောက်မှ ငနီ့ကို ငုံခဲထားရင်း ဆွဲခါနေတာ ကျွန်တော်တွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြေးလာပြီး ဘလက်ကီကို အော်ဟစ်ကာ ဆွဲခေါ် ရ၏။ ငနီမျက်နှာတစ်ခုလုံးမှာ သွေးတွေနှင့် ရဲနေသည်။ ယာဉ်မော လေးက ရေဆေးသန့်စင်ပေးနေသည်။ ကျွန်တော်က ဘလက် ကို အိမ်ပေါ်တင်ကာ ချွဲထားလိုက်ရတော့၏။

ဘယ်လိုစဖြစ်တာလဲဟု မင်းမြင်လိုက်လားလို့ ကျွန်တော် ယာဉ်မောင်းလေးကို မေးကြည့်ရသည်။

"ဟာ . . . ဆရာ ငနီက အမြင်ထွက်မလို့ ဘလက်ကီကို ပေါ်က ကျော်လိုက်တာဆရာ၊ ဟိုကောင်က အကျော်မခံ ဖယ်လဲမပေးဘူး။ မာနဖိပြီး မကြိုက်ကြောင်းပြတယ်၊ ငနီက ငယ်နိုင်ဆိုတော့ ပြန်မာန်ဖီပြီးတော့ ကျော်လိုက်တာ၊ ဘလက် က ဝုန်းကနဲထပြီး ကိုက်တော့တာပဲဆရာ"

"ဘလက်ကီက ကြောက်ကန်ကန်တာလား"

"ဘယ်ဟုတ်မလဲဆရာ၊ သူကစပြီး ဖိုက်တာ၊ အရမ်းဒေါ ကြီးတဲ့ကောင်၊ ဆရာသာရောက်မလာရင် ငနီသေမလားပဲ"

ကျွန်တော် ငနီမျက်နှာကို အသေအချာကြည့်လိုက်





မျက်ခုန်းပေါ်မှာ အကိုက်ခံရပြီး ဆွဲထားတဲ့ ဒဏ်ရာက မသေးလှ။

(၅)

ဆေးခန်းရောက်တော့ ငနီ မျက်ခုံးရိုးကျိုးသွားသည်။ ပြီးတော့ ကျိုးသွားသည့် အရိုးက အတွင်းထဲစိုက်ဝင်သွားပြီဟု သိ ရ၏။ ခွဲကုသမှုဖြစ်မှာပေမယ့် ငနီက အသက်ကြီးပြီမို့ မေ့ဆေးပေး ခွဲရန်လည်း မလွယ်ဟု ပြောသည်။ အပြင်က ဒါဏ်ရာကိုသာ ဆေးထည့်၍ အနာကျက်အောင် ဆေးထိုးနိုင်ခဲ့ပေသည်။

ဒီလိုနှင့် နောက်ပိုင်းမှာတော့ ငနီ့ဒါဏ်ရာကြီးသည် ခဏ ပျောက်လိုက် ပြည်တွေနှင့် ပြန်ရင်းလာလိုက်ဖြစ်ကာ၊ လေးငါးလ အကြေမှာ ငနီဆုံးသွား ရှာတော့၏။

ထူးခြားသည်မှာ ငနီသည် ဒါဏ်ရာရပြီးသည်ကစ၍ ဘလက်ကီအနား မကပ်ရဲတော့ခြင်းပင်။ ဘလက်ကီကို လှတ်လိုက် လျှင် ငနီသည် တစ်ဒေါင့်ဒေါင့်မှာ ရှောင်၍နေ၏။ ဘလက်ကီကို



www.burmeseclassic.com

www.burmeseclassic.com



ရန်လို့ဟန်လည်း မပြတော့။ အစပထမကတော့ ဘလက်ကီ
ရန်ငြိုးကြီးပြီး ထပ်ကိုက်နေဦးမလား ကျွန်တော်ပူမိသေးသည်
ဘလက်ကီကို ကြည့်ရသည်မှာ ပုံမှန်အနေအထားအတိုင်းပင်
ကို ရှိတယ်ဟုပင် သဘောထားဟန်မပြ။

(၆)

ခွေးငယ်ငယ်ပုပု တယ်ရီရာလေးများက အနိုင်ကျင့်ချင်တို
ကျင့်သည်။ သူ့အစာခွက်ကို လုယူစားသောက်သည်။ သူ့ဂုတ်ကို
၍ မာန်ဖီဟိန်းဟောက်သည်။ သူ့နားရွက်ကို ဆွဲ၍ဆော့က
သည်။

ဘလက်ကီသည် ခွေးပေါက်ကြီးနှယ် တုတ်တုတ်မျှမလှုပ်။
အစာစားနေစဉ် သူ့ခွက်ကို လုလျှင်ပင် ဘေးမှာရပ်ပြီး စောင့်
တတ်သူ။

သည်လို ဘလက်ကီဆိုသည့် ခွေးတစ်ကောင်က တစ်ယ





လုံးမှာ ဗိုလ်ကျချင်တိုင်း ကျနေခဲ့သည့် ငနီကို သေဆုံးသွားသည်
အထိ ကိုက်လိုက်ခဲ့ခြင်းသည် ကျွန်တော့်ရင်၌ ဘလက်ကီနှင့်
ပတ်သက်၍ မမေ့နိုင်စရာများစွာထဲမှ တစ်ခုပင်။

ကျွန်တော်အတွေးမှာ ငနီသည်လည်းကောင်း၊ ဘလက်ကီ
သည်လည်းကောင်း ဘယ်တော့မှ သေဆုံးသွားနိုင်တော့မည်
မဟုတ်ပါ။

အဘယ့်ကြောင့်ဆိုသော် . . . . .။

မောင်စိန်ဝင်း (ပုတီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com

နိုဝင်း( ပုံတားကာရှိ)




www.burmeseclassic.com

www.burmeseclassic.com



# ပန်းပွင့်နှင့်

(၁)

ကျွန်တော့် မြို့ကလေးသည် ကျယ်ဝန်းလှသည်မဟုတ်၊ အိမ်
ာက်ပြီးသောအခါ ရွှေမှာနောက်မှာ မြေကွက်လတ်ကလေး
နည်းငယ်တော့ ကျန်သည်၊ ဘေးနှစ်ဖက်မှာတော့သိပ်ပြီးမည်
ည်ရရ မြေမကျန်တော့ပါ။

**အင်း ဗီ ယာ ဆာ ဝေ**

www.burmeseclassic.com

www.burmeseclassic.com



ဘေးက ရေသွားမြောင်းဘောင်ပေါ်က မြေလေးမှာ ထ
ပင်လေးတွေ စိတ်ကြိုက်ပြီး စိုက်လိုက်သည်။ ရှေ့မှာတော့ မြေညီ
နှစ်ပေလောက် အမြင့်မှာ မြက်ခင်းသေးသေးလေးလုပ်ထား
မြက်ခင်းပေါ်မှာ အနားသပ်၍ စိုက်ထားသော တည်ပင်လေး
သည် အတော်လေး မြင့်မားနေပြီ။ မြက်ခင်းအလယ်မှ ထင်း
ပဒေသာပင် နှစ်ပင်မှာ ပြင်ဦးလွင်မြို့ စာပေဟောပြောပွဲ သွား
စဉ်က အမှတ်တရ ပေးလိုက်ခြင်း ဖြစ်၍ ယခုတော့ အပင်ကြီး
တွေ ဖြစ်နေပြီ။

အိမ်ဘေးပတ်လည်၊ အိမ်ရှေ့ကားအဝင် လမ်းလွတ်သည့်
နေရာတွေမှာ ပန်းအိုးတွေ ချထား၏။ အစကတော့ နှင်းဆီပန်းအိုး
အနည်းအကျဉ်းမျှသာ ရှိပါသည်။ နောက်တော့ ပန်းအိုးတွေ
ဖြည်းဖြည်းနှင့် များလာသည်။ ဂမုန်းတွေ အတော်စုံလာသည်။
အိမ်တိုင်းမှာ ရှိတတ်သော မယ်တော်ကြီးဂမုန်း၊ ရွှေလာငွေလာဂမုန်း
မှအစ ရှားပါးသော ရစ်ဂမုန်းအထိ ရှိလာသည်။ ရွှေဝါ၊ ယုန်ရွှေ
မီးချောင်း၊ ယိုးဒယား၊ ကျောက်ခတ်အစရှိသော ကျောက်ခတ်ပ





တွေလည်း အတော်လေးစုံလာသည်။

တော်ဝင်နှင်းဆီခြံမှာသွား၍ ပန်းပင်တွေ ကျွန်တော်ဝယ်ဖူးသည်။ ရွှေတောင်ကြားက ကျောက်ခတ်ပင်တွေ ဝယ်ဖူးသည်။ လူငယ်စောင့်ရှောက်ရေးဝင်းထဲမှာ ကလေးများ၏ ရန်ပုံငွေ အတွက် စိုက်ပျိုးရောင်းသည့် နှင်းဆီအိုးတွေ ဝယ်ဖူးသည်။ မြောက်ဥက္ကလာ တံတားလေးနားက ပန်းခြံမှာ ဝယ်ဖူးသည်။ သည်လိုနှင့် ပန်းခြံ အတော်များများကို ရောက်၍ ကျွန်တော့်အိမ်မှာ မရှိသေးသော ပန်းအိုးတွေ ကျွန်တော်ဝယ်စုသည်။

ဟောပြောပွဲရောက်ရာဒေသတို့မှ ကျွန်တော့်မှာ မရှိသေးသော ပန်းအိုးတွေ ကျွန်တော် အပင်ပန်းခံသယ်သည်။

ပြင်ဦးလွင်၊ လားရှိုး၊ ဓနုဖြူ၊ ကြံခင်းအစရှိသော အရပ်တို့မှ ကျွန်တော် သယ်ဆောင်လာပြီး စိုက်ပျိုးထားသော ပန်းပင်များ ရှိသည်။သစ်ခွကိုတော့ကျွန်တော့်သိပ်ပြီးဝါသနာမပါ။ သစ်ခွက ပြုစုယုယ ရလွန်းသည်ဟု ထင်ပါသည်။ သို့သော် ကျွန်တော့်မှာ သစ်ခွပန်းအိုး နှစ်ဆယ်လောက်တော့ ရှိပါသည်။ ကက်တ်လီယာ



www.burmeseclassic.com

www.burmeseclassic.com



အစရှိသည့်မျိုးကောင်းများလည်း ပါသင့်သလောက် ပါပါသည်။ ကျွန်တော့်မိတ်ဆွေစာရေးဆရာကိုစစ ရှိုင်မှ သယ်လာပေးသော ကျောက်တော်သဇင်တိုင်တစ်တိုင်လည်း ရှိပါသည်။ တစ်နှစ်ကျော် ၍ နှစ်နှစ်နီးပါးရှိသော်လည်း အခုထိတော့ မပွင့်သေးပါ။ ကျွန်တော် သဇင်နှင့် ပတ်သက်၍လည်း နားမလည်ပါ။

(၂)

ပန်းများကိုချစ်၍ ပန်းပင်များအိမ်မှာ ရှိနေစေချင်စိတ်ဖြင့် သာပန်းအိုးများကို ကျွန်တော်စုခဲ့ပါသည်။ ကျွန်တော့်လက်ထဲ ရောက်မှ ညှိုးကုန်သေကုန်သော ပန်းများလည်းရှိပါသည်။ မလေး ရှားစကားပင်ကို နေ့တိုင်း ရေရွှဲရွှဲလောင်းပေးမိသဖြင့် ပင်စည်ထဲ





တွေဝင်ကာ ပင်စည်ရိဆွေးပြီး သေသွားတာ ကြုံရဖူးပါသည်။ အတူပင် ကန္တာရပင် မျိုးနွယ်များဖြစ်သော ရေမကြိုက်သည့် ပင်တို့ကို ရေများများလောင်း၍ သေသွားကြသည်မှာ မနည်း။ န်ဆိုင်းလုပ်ထားသော စွယ်တော်ပင်လေးကို ပိုး၍ လှပသော ကြွအိုးထဲ ပြောင်းမိသဖြင့်လည်း သေသွေားခဲ့ရတာ ကြုံဖူးပါသည်။

ကျွန်တော့်မှာ ပန်းပင်များနှင့် ပတ်သက်၍ အတွေ့အကြုံ ဉာဏ်မရှိသေးပါ။

နှင်းဆီပန်းများကို ဆေးဖြန်းရာမှာပင် အချိန်အဆများပြီး င်းဆီရွက်ဖျားတွေ နေလောင်သလို သွေ့ခြောက်ခဲ့ရဖူးပါသည်။

သို့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ ပန်းအိုးလေး တွေ ကျွန်တော့်မှာ များပြားလာပြီး ကျွန်တော့်ခြံထဲမှာ စိမ်းစိုနေ တာ ကြည့်ရင်း ပန်းရနံ့သင်းသင်းကို ရှူရှိုက်ရင်း ကျွန်တော်ကြည် ကျေနပ်တတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၇)

အပြုအစု အယုအယမတတ်သဖြင့် ထင်ပါသည်။ ကျွန်တော် သစ်ခွတွေပွင့်ခဲ့ပါသည်။ သို့သော်လည်း မပွင့်ဘဲတော့ မနေပါ။ သစ်ခွတွေပွင့်သည့်အချိန်နှင့် နှင်းဆီတွေဝေနေမည့်မနက်မှာ ကျွန် တော့်ခြံကလေးသည် ပန်းတွေနှင့်ဝေ၍ လှပနေတတ်ပါသည်။ ကျွန်း ပင်တွေအောက်မှာ စိုက်ထားသည့် စံပယ်တို့ကလည်း ရာသီမရွေး ပွင့်တတ်ပါသေးသည်။

ကျွန်တော့်ထံလာလည်သော ဧည့်သည့်များက ပန်းတွေ လှဲလိုက်တာဟဲ့ ကြည်နူးစွာ ပြောသကြားရခြင်းအတွက် ကျွန်တော် အလွန်ပျော်ပါသည်။ ပါးစပ်က ထုတ်၍ မပြောသော်ငြား ပန်းရှုံ များ ကို ရှုရင်း ပန်းတွေကို ငေးကြည့်နေတာ တွေ့ပါက ကျွန်တော့်





စိတ်မှာ ကြည်နူးရပါသည်။ ပန်းတွေပွင့်လာပါက ကျွန်တော် ဘယ် တော့မှ မခူးပါ။ အပင်မှာပဲ ဝေစေ၍ အပင်မှာပဲ ညှိုးစေပါသည်။ တစ်ခါတစ်ရံ တစ်ပင်တည်းမှ ဝေနေသော ပန်းများနှင့် ညှိုးသွေ့ နေသော ပန်းပွင့်များကို ကြည့်ရသည်မှာ ပို၍ အဓိပ္ပာယ်ရှိစွာ ခံစားနိုင်သည်ဟု ကျွန်တော်ထင်မိပြန်သည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်ဖန်တီးထားသောအလှအပ ၏ ရိုက်ခတ်မှု တစ်စုံတစ်ရာသည် ကျွန်တော့်ထံသို့ လာသော အခြား သူတစ်ဦး၏ နှလုံးသားကို ကူးစက်ကြည်နူးသွားစေခြင်းအတွက် ကျွန်တော်ကတော့ ကြံဖန်ကျေးနပ်နေတတ်သည်မှာတော့ အမှန် ပင်။

ကျွန်တော်နှင်းဆီပင်တစ်ပင်မှ နှင်းဆီပန်းရဲရဲတွေ အပွင့် နှစ်ဆယ်ကျော်ကျော် တစ်ပြိုင်တည်း ပွင့်နေသည့်နေ့မှာ ကျွန် တော့်ထံ လာသော ဧည့်သည်များက လှလိုက်တာကွာ၊ မွှေးလိုက် တာကွာ၊ ရင်ထဲအေးသွားတာပဲ၊ အဲသည်လို ပြောကြားရင်း နှင်းဆီ ပန်းတွေအလှမှာ နစ်မျောကြည်နူးသွားကြတာကို ကြည့်ရင်း ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်ပျော်ခဲ့ရပါသည်။

ဗုဒ္ဓဝါယာမှ ကုံကော်မျိုးဟုဆိုသော ကုံကော်ပင်လေး တစ်ပင်လည်း ကျွန်တော့်မှာ ရှိပါသည်။ ခြောက်ပေလောက်သာ မြင့်ပြီး အိုးကြီးကြီးနှင့် ထည့်၍စိုက်ထားပါသည်။ ထူးခြားသည်မှာ ထိုခြောက်ပေလောက်သာရှိသော ကုံကော်ပင်လေးက အပွင့်တွေ ဝေနေအောင် ပွင့်တတ်ခြင်းပင်။ မြန်မာကုံကော်နှင့် ဘာမှ မထူးခြားသော်လည်း အသက်ငယ်ငယ်နှင့် အပွင့်ဝေဝေ ပွင့်တတ်ပါသည်။ ကုံကော်ပင်လေးက အပွင့်တွေရာကျော် တစ်ပြိုင်တည်း ပွင့်လျက် အစိမ်းရင့်ရွက်တွေကို ဖုံးသွားသည့်နေ့ကလည်းကျွန်တော် အလွန်ကြည်နူးရပါသည်။ အိမ်လာသူတိုင်း ကုံကော်ပင်လေးကို ကြည့်ရင်း၊ ကုံကော်ပန်း ရနံ့သင်းသင်းကို ရှူရှိုက်ရင်း အလှခေတ် ၏ ရိုက်ခတ်မှုကို ခံစားကြရတာတွေ့ပြီး ကျွန်တော် ပျော်မိပြန် ပါသည်။

ခက်တာက ကျွန်တော်သည် ပန်းတွေ စုဆောင်းတာကိုသာ ဝါသနာပါရုံမက ခွေးတွေကိုပါ ချစ်တတ်ပြန်သည်။ ကျွန်တော့်





အိမ်မှာ ခွေးဆယ်ကောင်ရှိသည်။ အိမ်ပေါ်မှာထားသော တယ်ရီယား၊ စပင်နီယာတို့ကလည်း အချိန်နှင့် အိမ်ပြင်လွှတ်ပေးရသည်။ ခြံထဲမှာလည်း ဗိုဟာမင်တွေကရှိသေးသည်။ ခြံကျယ်ကျယ်နှင့် ပန်းခြံသပ်သပ်လုပ်မထားနိုင်သော ကျွန်တော့်မှာ ခွေးတွေနှင့် ပန်းပင်တွေကြား ဗျာများရတော့သည်။ ခွေးတွေပြေးရင်း လွှားရင်းမှ ပန်းအိုးတွေကို တိုက်မိပြီး ကွဲတာလည်းများပြီ။ အဆိုးဆုံးကတော့ ကျွန်တော့် ခွေးနှစ်ကောင်သည် ပန်းပင်တွေကို ဖျက်ဆီးတတ်ခြင်းပင်၊ မတော်တဆ ပြေးရင်းလွှားရင်း ဖျက်ဆီးခြင်းတွေကို ကျွန်တော်ခွင့်လွှတ် နိုင်သော်လည်း ပန်းပင်တွေကို တမင်ဖျက်ဆီးခြင်းအတွက်တော့ ကျွန်တော်စိတ်ဆိုးဒေါသဖြစ်ရသည်။ နှင်းဆီအိုးတွေကို လက်ဖြင့် တွန်းမှောက်တတ်သည်။ နှင်းဆီပန်းတွေကို ကိုက်၍ ဆွဲခါတတ် သည်။ ပန်းအိုးထဲမှ မြေကြီးတွေကို လက်နှင့် ယက်ထုတ်သည်။ ပန်းအိုးတွေထဲကိုရှူရှူပန်းခြင်းမှအစ ပန်းပင်တွေကို ဆွဲခါကိုက် သည့်အဆုံး အမျိုးမျိုးဖျက်ဆီးတတ်သော ထိုခွေးနှစ်ကောင်ကို ကျွန် တော် ရိုက်သည်၊ ဆူသည်၊ မရ



www.burmeseclassic.com

www.burmeseclassic.com



လူလစ်သည်နှင့်ပန်းအိုးတွေကို ဖျက်ဆီးမြဲပင်။

"အလတားခွေးတွေ၊ အလှအပကို မခံစားတတ်ဘူး"

"ခွေးပဲကွာ၊ အလှအပ ဘယ်ခံစားတတ်မှာလဲ၊ လူနဲ့ တိရိစ္ဆာန်ကွာတာ အဲဒါ အဓိကအချက်ပဲ"

ကျွန်တော် သူငယ်ချင်းကို ပြောပြတော့ သူငယ်ချင်းက ကျွန်တော့်ကို ပြန်ပြောပါသည်။

(၅)

ပန်းတွေဝေနေအောင် ပွင့်နေသည့် မနက်ခင်းမှာ ကျွန်တော်သည် ပန်းရနံ့များကို ရှူရှိုက်ရင်း ပန်းအိုးတွေကို ကြည့်နေမိပါသည်။ ထိုစဉ် ကျွန်တော့်ထံသို့ လာနေကျမဟုတ်သော ကျွန်တော့်သူငယ်ချင်းတစ်ယောက် ရောက်လာပါသည်၊ သူနှင့် ကျွန်တော်





ာ ငယ်သူငယ်ချင်းဖြစ်၍ အိမ်ပေါ် မတက်သေးဘဲ ခြံထဲမှာကား ပြောဖြစ်ကြပါသည်။

"စောစောစီးစီး မင်းဘာလုပ်နေတာလဲ" ဟု သူ ကျွန်တော့်ကိုမေးသည်။

"ပန်းပင်တွေကို ပိုးကျလို့ ကြည့်နေတာကွာ"

"အလုပ်မရှိ အလုပ်ရှာလို့ကွာ၊ ပန်းပဲ ဘုရားတင်ဖို့ဆိုယ်လိုက်ပြီးတာပဲ"

သူ့စကားကြောင့် သူ့မျက်နှာကိုကျွန်တော်ကြောင်အမ်းအမ်းကြည့်မိပြန်ပါသည်။ သူ့ရှေ့မှာ ရှိနေသော နှင်းဆီပင်တစ်ပင်တည်း အဖြူပွင့်တွေ၊ အနီပွင့်တွေ ရောနှောပွင့်နေသော မျိုးစပ်ထားသည့် နှင်းဆီပင်ကိုလည်း သူမအံ့ဩ။ ကျွန်တော်ခြံထဲမှ ပန်းရနံ့ားသည် သူရှူသွင်းလိုက်သော လေထဲမှာ ရှိနေနိုင်ပါလျက် ထိုရများကို သူရဟန်မတွေ့။ အဖြူရောင်၊ လိမ္မော်ရောင်၊ သစ်ခွပန်းတို့၏အလှသည်လည်း သူ့နှလုံးသားကို ညွတ်နူးအောင် ဆွဲဆောင်နိုင်င်းမရှိတော့ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ စားနိုင်သောက်နိုင်ကောင်တွေက အပိုအလုပ်ရှေ့ သိမ်လုပ်တာပဲ၊ လောကမှာ ပန်းပင်မရှိလို့ ဘာမှမဖြစ်ဘူးကွ၊ အရေး ကြီးတာက စားပင်ပဲ၊ စားပင်စိုက်မှ စားလို့သောက်လို့ရမှာ၊ ပန်းပင် တွေက ဘာအသုံးဝင်လဲ၊ ရေတ်ပင် စိုက်ထားရင်တောင်မှ ရှေ့ သီး စားရဦးမှာ"

ကျွန်တော်ဘာမှ ပြန်မပြောမိဘဲ သူ့ကို ပြုံးပြနေလိုက် သည်။ ထိုအပြုံး၌ အသက်ပါမည်မထင်။ သူ့ကို သနားသည့်အပြုံး ဖြစ်နေမည်ထင်၏။ ကိုယ့်မှာ အချိန်မပိုလို့၊ မြေမကျယ်လို့ မစိုက် နိုင်တောင်မှ စိုက်ထားသူရှိလို့ ပွင့်နေသော ပန်းများ၏အလှကိုတော့ သူနှစ်သက်ဖို့ကောင်းပါသည်။ ခံစားတတ်ဖို့ ကောင်းပါသည်။ အလှေတျ ပေါက်နေသော ပန်းများသည်ပင် လောကကို အလှဆင် နိုင် ကြောင်း သူတွေးမိဖို့တော့ ကောင်းပါသည်။ သူတို့ စကားဖြတ် ပြီး ညှော်ခန်းထဲဝေါ်သွားရတော့၏။

သူပြန်တော့ မြေဝလိုက်ပို့ရင်း သူ့ကို စကားတစ်ခွန်းတော့ ကျွန်တော်ပြောလိုက်မိပါသည်။





"မင်းက အိမ်ရှေ့က ပန်းပင်တွေကို ကြည့်ပြီးစားပင်မစိုက် ဘူးလို့ မင်းထင်တာကိုးကွ၊ ငါခြံနောက်မှာ မင်းပြောတဲ့ ရေတ်လည်း ရှိတယ်။ ရှောက်၊ သံပုရာ အစုံရှိတယ် သူငယ်ချင်း၊ တစ်ခြံလုံးနှံ့စပ် အောင်မကြည့်ဘဲ အပြစ်တင်မစောစေချင်နဲ့၊ ပြီးတော့ လူဆိုတာ အစားစားဖို့ချည်း အသက်ရှင်နေကြတာ မဟုတ်ဘူးကွ"

သူကျွန်တော့်ကိုဘာမှပြန်မပြောဘဲ လှည့်ထွက်သွားသည်။ လောကမှာ ပန်းများမရှိသင့်ဟု စွဲမြဲနေသော ယူဆယုံကြည်မှုကိုတော့ သူစွန့်လွှတ်သွားမည့်ဟန်မတူပါ။



www.burmeseclassic.com

www.burmeseclassic.com



(၆)

ထို့နေ့မှစ၍ ပန်းပင်များကို ဖျက်ဆီးတတ်သော ကျွန်တော့် ခွေးတွေကို ကျွန်တော်မရိုက်တော့ပါ။ မငြိုငြင်တော့ပါ။

ခွေတွေပဲလေဟု ခွင့်လွှတ်စိတ်ကို မွေးမြူသွားနိုင်ပါတော့ သည်။

၉၄၊ စက်တင်ဘာလ၊ ရုပ်ရှင်တေးကဗျာ



ငစိန်ဝင်း(ပုတီးကုန်း)

# ပပ္ပါးမေတ္တာပွဲ



www.burmeseclassic.com

www.burmeseclassic.com



# ယုပ္ပါးမေတ္တာပွဲ့

(၁)

" နတ်နန်းရှေ့ကတိုက်မှာ ဘယ်သူမှ မရှိတော့ဘူးတဲ့၊ [illegible]ဒီမှာ နေရာချပေးလိုက်တယ်"

မောင်မောင်နှင့် စုစုအစ်ကိုကြီး ပြန်လာပြီးပြောသည်။ [illegible]ကာင်ခြေမှာ တည်းခိုသူများ စာရင်းပေးရန် နေရာချစီမံပေး[illegible]



www.burmeseclassic.com

www.burmeseclassic.com



စနစ်တကျ စီစဉ်ထားသည်ကို တွေ့ရသည်။

"ပွဲတော်ချိန် လူအရမ်းများတာလဲ၊ တည်းခိုဖို့လဲ ကျပ်ကျပ်တည်းတည်းပဲ၊ အခုတော့ ကောင်းတယ်၊ လူရှင်းပြီး လွတ်လွတ်လပ်လပ်လဲ တည်းလို့ရတယ်၊

ချယ်ရီကပြောသည်။

ပြီးတော့ ကားကလေးကို နတ်နန်းရွှေသို့ မောင်းလာသည်။

"ဟယ်--- မျောက်တွေ"

ကားရပ်လိုက်လျှင် တိုက်အောက်ဝယ် ဝရန်တာပေါ်မှာ မြေကြီးပေါ်မှာ များစွာသော မျောက်တွေကို လှမ်းမြင်ရပြီး ခင်မွန်တအံ့ကြသွားသည်။ နတ်နန်းရွှေ့နားမှာ အဝတ်နွမ်းနွမ်း နှင့် ခပ်မည်းမည်းကောင်လေးတွေ၊ ကောင်မလေးတွေ၊ ရပ်နေတာမြင်၏။ ခြင်းတောင်းလေးတွေကို တချို့က ကိုင်ထားကြသည်။ မျောက်စာနှင့် ဘုရားပန်းရောင်းကြတာဟု နားလည်လိုက်သည်။

ကားပေါ်မှ ဆင်းလိုက်ကြပြီး ကားဘေးမှာ ရပ်ကာ ဖုန်တွေကိုခါသည်။ စုစုအစ်ကိုကြီးက အုတ်လှေကားမှ တက်ပြီး တိုက်အဝင်





တံခါးကိုဖွင့်သည်။

"ဟယ်. . . လိမ္မော်သီးတစ်လုံးပါသွားပြီ"

ချယ်ရီကအော်လိုက်တော့ အားလုံးက ကားနောက်ဘက်ကို အကြည့်ရောက်လာသည်။ ကားနောက်ပိုင်းမှာ ခြင်းတောင်းနှင့် တင်ထားသော လိမ္မော်သီးတွေထဲမှ တစ်လုံးကို မျောက်တစ်ကောင်က လာယူထွက်ပြေးသည်။ ပြီးတော့ ကျောင်းဝရန်တာအုတ်တိုင်ထိပ်မှာ ထိုင်ပြီး အခွံနွာလျက် လိမ္မော်သီးကို စားနေတာမြင်ရတော့ အံ့ကြစွာ ကြည့်နေမိကြ၏။

ကဲ . . တံခါးဖွင့်ပြီးပြီ၊ လာကြလေ"

လှမ်းခေါ်တော့ ဒီမှာတစ်ယောက်စောင့်နေဦးဟု အန်တီကပြောသည်။ မောင်မောင်တို့က အထုပ်အပိုးတွေ သယ်ပြီး ကျောင်းပေါ်တက်၏။ ခင်မွန်က သူစောင့်နေမယ်ပြောလျက်ကားကိုမှီရင်း ပုပ္ပါးတောင်ကြီးကို လှမ်းမျှော်ကြည့်နေမိသည်။

နတ်နန်းရွှေ့ကို အကြည်ရောက်စဉ် မျောက်တွေကို ကလေးများအစာပစ်ကျွေးနေတာမြင်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း မျောက်ကလေးငယ်လေးကို ကျောပေါ်မှာ ထားသော မျောက်မကြီးတစ်ကောင်၊ အစာယူပြီး အမြင့်ကို ပြေးမတက်ခင်မှာ ကျောပေါ်မှ သူ့ကလေးငယ်ကို လက်တစ်ဖက်ဖြင့် ပွေ့ထားကာ ရင်ခွင်ထဲသို့ လျင်မြန်စွာ ဆွဲသွင်းသည်။

ပြီးတော့ လျှပ်တပြက်အတွင်း ခေါင်မိုးထိပ်ဖျားအမြင့်ကို ပြေးတက်သွားတာမြင်၏။

ကျောသားရင်သားဆိုသည့်စကားကို ပြန်လည်သတိရပြန်သည်။

စိုးရိမ်ပူပန်တတ်သော မိခင်စိတ်ဖြင့် အမြင့်မတက်ခင် ရင်ခွင်မှာ ဆွဲသွင်းလိုက်ပါလားဟု တွေးမိ၏။

ရင်ခွင်မှာ တွယ်ကပ်နေသော ကလေးငယ်နှင့် မျောက်သားအမိကို လှမ်းကြည့်နေမိသေးသည်။

ပဲလှော်ထုပ်ကို ဖောက်လျက် မိမိမစားခင် ကလေးကို ခွံ့ကျွေးတာမြင်လိုက်တော့ ရင်ထဲမှာနွေးကနဲ ဖြစ်သွားသည်။

"အမေ" ဆိုသည့် မေတ္တာရိပ်ကို ခင်မွန်ခံစားမိလျက် ရင်မှာ





လှုပ်ရှားရပြန်သည်။

(၂)

ရေမိုးချိုး ခဏနားပြီးတော့ ညနေငါးနာရီကျော်ပြီ၊ ကလပ်ကိုတက်မည်ဟု သူတို့ အောက်ဆင်းခဲ့ကြသည်။

လူမစုံသေးချိန်မှာ အန်တီနှင့်ခင်မွန် တို့က အောက်ရောက်နေပြီ။ အောက်ထပ်လှေကားအထက်ဝရန်တာလေးမှာ ရပ်နေသည်။ ခဏအကြာမောင်မောင်ရောက်လာပြီး ခင်မွန်ဘေးမှာ ရပ်သည်။ နတ်နန်းရှေ့မှာ မျောက်စာရောင်းသော ကလေးငယ်တို့၏ စကားပြောသံများ ကြားနေရသည်။ တချို့က မျောက်တွေကို အစာပစ်ကျွေးနေသည်။ သူတို့ရှေ့နားမှာ မျောက်တစ်အုပ် . . .

"ဟိုမှာကြည့်စမ်း ခင်မွန်၊ ဟိုမျောက်ကြီးက ထူးခြားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်က အစာစားနေသော မျောက်ကြီးကို လှမ်းပြသည်။ ထိုမျောက်ကြီးကို ခင်မွန်ကကြည့်ရင်း . . .

"ဟုတ်တယ်၊ ခင်မွန်လဲကြည့်နေတာ မောင်မောင်၊ မျက်စိတစ်ဖက်ကလည်း ကန်းနေတယ်၊ အမွေးတွေကလည်း အကုန်ကျွတ်ပြီး ဒဏ်ရာဒဏ်ချက်တွေနဲ့နော်" ဟုခင်မွန်က ပြန်ပြောလိုက်သည်။

"ခေါင်းမှာလည်း အမွေးမရှိတော့ဘူး၊ ပြောင်နေတာဘဲ၊ ဒါပေမယ့် အလုံးအထည်ကတော့ တခြားမျောက်တွေ ထက်ပိုကြီးသလိုဘဲ"

အန်တီကလည်း မျောက်ကြီးကို ကြည့်ပြီး ပြန်ပြောလိုက်သည်။

"ကြည့်. . . ကြည့် မျောက်ကလေးကို အစာပစ်ပေးလိုက်တယ်။

အမွေးမရှိသော မျောက်ကြီးနှင့် မလှမ်းမကမ်းမှာ ရောက်သော အစာထုတ်ကို လုယူရန်ပြေးလာသည့် မျောက်ငယ် ကလေးတစ်ကောင်သည် အစာနားမရောက်မီ ရပ်ပြီး ရှေ့ဆက်မလာတော့။ မျောက်ကြီးက အစာထုပ်ကို ကောက်ယူပြီး ထိုမျောက်ကလေးဆီသို့ လှမ်းပစ်ပေးလိုက်သည်။ မျောက်ကလေးက လှမ်းယူပြီး နောက်လှည့်သွားသည်။





"ခင်မွန်သတိထားမိတယ်၊ မောင်မောင် မရောက်ခင် ခပ်စောစောကလဲ မျောက်တွေအစာလုကြတော့ သားကလေးတစ်ဖက်နဲ့မျောက်မကြီးက အစာမရဘူးလေ၊ အဲဒါ အဲဒီမျောက်ကြီးကသူ့ဆီရောက်လာတဲ့ အစာကို မျောက်မကြီးဆီ လှမ်းပစ်ပေးတာတွေ့ရတယ်။ "

"ဒီမျောက်ကြီး က စိတ်ကောင်းရှိပုံရတယ်။"

ဟုအန်တီက ရယ်ပြောပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၃)

ကျောင်းတိုက်မှ လှေကားက ဆင်းပြီး ခြေနှစ်လှမ်း သုံးလှမ်းမှာ ပင်မျောက်စာနှင့် ပန်းရောင်းသည့် ကလေးတွေ သူတို့ကို ဝိုင်းလာကြပြီး . . .

"မျောက်စာဝယ်ပါဦး၊ ပန်းဝယ်သွားပါ"

"ကျွန်တော့်တို့ဆီကဝယ်ပါ"

"ကျွန်မအလျင်ဦးတာ၊ ကျွန်မဆီက ဝယ်ပါ"

လူတစ်ယောက်ကို ရောင်းသူကလေးသုံးယောက်ဝိုင်းရံကာ တတွက်တွက်ပြောနေကြသည်။

"ကဲ. . . ကဲ ဝယ်မယ်၊ မင်းဆီက မျောက်စာပေး၊ မင်းဆီကပန်းပေး"

မောင်မောင်ကဝယ်လိုက်သည်။





"ဝယ်ပါအစ်မရာ၊ တစ်ခုခုဝယ်ပါဦး"

"ဟိုမှာဝယ်နေပြီပဲကွယ်၊ အတူတူပဲ"

"အတူတူလည်း ကျွန်တော့်ဆီက ဝယ်ပါဦး၊ ဘုရားဖူးပါးလို့ ဈေးရောင်းမကောင်းလို့ပါ။ ဝယ်ပါဗျာ"

ခင်မွန့်ဆီကို လှမ်းကြည့်လိုက်တော့ ခင်မွန့်ကို ကလေးတွေ ဝိုင်းနေကြသည်။

"ဝယ်လိုက်ပါခင်မွန်ရယ်"

မောင်မောင်က လှမ်းပြောသည်။

"ကဲ. . . ကဲ တစ်ယောက်က မျောက်စာပေး၊ တစ်ယောက်ကပန်းပေး"

ပြောပြီး ခင်မွန်က ပိုက်ဆံအိတ်ဖွင့်သည်။

ချယ်ရီတို့၊ စုစုတို့၊ အန်တီတို့အားလုံးရော စုစုအစ်ကိုတွေပါကကလေးတွေ အတင်းဝိုင်းရောင်းသဖြင့် နည်းနည်းစီ ဝယ်ကြရပြန်ပြီ၊

ဝယ်ပြီးသည့် မျောက်စာအထုပ်ကလေးတွေကို မျောက်များ



www.burmeseclassic.com

www.burmeseclassic.com



ရှိရာသို့ ပစ်ပေးနေကြ၏။ မျောက်များ အစာလုနေကြ၏။

တစ်ကောင်နှင့် တစ်ကောင် တွန်းတိုက်ကြရင်း တချို့ထ
ရန်ဖြစ်အော်ဟစ်နေတာမြင်ရသည်။

"ကဲ . . လာ . . . လာ၊ အချိန်မရှိတော့ဘူး၊ တက်ကြရ
အောင်" အန်တီက ပြောပြီး ရှေ့ကသွားသည်။

"ဝယ်ပါဦးအစ်ကိုရယ်၊ ကျွန်မမရောင်းရသေးလို့ပါ"

"ဒီမှာလေ . . ဝယ်ထားပြီးပြီဘဲ"

မောင်မောင်က ပန်းစည်းကိုပြရင်း ပြော၏။

"ကျွန်မဆီကမှ မဟုတ်တာ၊ ကျွန်မမရောင်းရသေးလို့ပါ"

"လူအားလုံး လူစေ့အောင်တော့ ဘယ်ဝယ်နိုင်ပါ့မလဲ၊
သမီးရယ်"

ကလေးမလေးကို ပြောရင်း တောင်ကလပ်ကို စတက်သည်။

"ကျွန်မ တွဲရမလား အန်တီ"

"ရတယ်"

"တွဲမယ်လေမမ၊ ကျွန်မတို့က အမြဲတက်နေကြပါ"





လှည့်ကြည့်လိုက်တော့ ကလေးမလေးနှစ်ယောက်တလည်း
ချယ်ရီနှင့် အန်တီတို့ဘေးမှ ကပ်ပါလာသည်။

တောင်ပေါ်တက်လို့ ခဏအကြာမှာ အန်တီက ခါးညွတ်ပြီး
လက်ဖြင့် ပေါင်ရင်းကို ထောက်ကာ နားပြီ၊ ချယ်ရီလည်းမောနေပြီ။
ခပ်လှုပ်လှုပ်သာ တက်နိုင်တာမြင်ရ၏။

"သမီးတို့ ပင်ပန်းပါတယ်ကွယ်၊ ပန်းတွေလည်းဝယ်ပြီးပြီပဲ"
မောင်မောင်က ပြောလိုက်သည်။

"ရပါတယ်၊ ကျွန်မတို့က တက်လိုက်ဆင်းလိုက် လုပ်နေကျ
ပါ။ မမောပါဘူး၊ ဘုရားဖူးရာသီမဟုတ်တော့ ဘုရားဖူးသိပ်နည်း
တာပဲ၊ ကျွန်မတို့လဲ ဈေးရောင်းမကောင်းလို့ပါ။"

"ဒီနေ့ ဘုရားဖူး ဘယ်နှစ်ဖွဲ့ရှိလဲ"

"အစ်ကိုကြီးတို့နဲ့ဆို သုံးဖွဲ့ဘဲ ရှိသေးတယ်"

"စောစောကနှစ်ဖွဲ့ ဆင်းလာပြီ"

"ပန်းတွေ ကျွန်မကိုင်ပေးခဲ့ရမလား"

အသက်ရှူသံပြင်းလာပြီး ခြေထောက်က နွေးလာတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့အေးမှ ကလေးမလေးက မေးသည်။

"ရပါတယ်ကွယ်"

ဟုမောင်မောင်ကပြောလျှက် ကလေးမလေးကို ကြည့်လိုက်မိသည်။ ဆံပင်နီနီကလေးကို တိုတိုပြတ်ပြတ်ထား၍ ဖွာလန်ကြဲနေပြီး မျက်နှာမည်းမည်းပေါ်မှာ သနပ်ခါးအစွန်းအစများက ချွေးစား၍ နည်းနည်းသာကျန်သည်။

'တောင်ပေါ်မှာလဲမျောက်တွေရှိတယ်နော်"

တောင်ကလပ်တက်ရာ အုတ်လှေကားလက်ရန်း အုတ်ရိုးတွေပေါ်က မျောက်တွေကိုကြည့်ရင်း သူမေးလိုက်သည်။

"ရှိတာပေါ့အစ်ကိုရ၊ တောင်ခြေကမျောက်၊ တောင်ပေါ်ကမျောက်နဲ့၊ တောထဲကမျောက် အုပ်စုသုံးစုရှိတယ်လေ"

အုတ်ရိုးပေါ်မှ မျောက်ကိုကြည့်ရင်း မောင်မောင်က လက်ဖျစ်တစ်ချက်တီးလိုက်သည်။ မျောက်က ထခွီးကာနဲ့ အော်ပြီး ပြေးသွားသည်။

"မျောက်တွေကို မစနဲ့ အစ်ကို၊ ဒီမျောက်တွေက တောင်ခြေက မျောက်တွေလို မယဉ်ဘူး"

"ဩော်"

အခုမှ သူ့မှာ ခရီးလမ်းညွှန်တစ်ယောက်ရသလို ကောင်မလေးကို ကျေးဇူးတင်ကြည့် ကြည့်မိသည်။

"အစာကျွေးရင်တော့ ဘာမှမဖြစ်ဘူး၊ စ,ရင်တော့ပြန်ကိုက်တတ်တယ်၊

ကောင်မလေးက အလည်သားဟု တွေးကာ ပြုံးပြရင်း . . .

"ကဲ . . . ကဲ . . . . အစာကျွေးလိုက်ပါကွယ်၊"

ဟုပြောကာပိုက်ဆံထုတ်ပေးလိုက်သည်။ ကောင်မလေးက မျောက်စာများကို မျောက်တွေလက်ထဲ ထည့်ပေးနေသည်။

တောင်ကလပ်ပေါ် ရောက်တော့လည်း ကောင်မလေးထံမှ မောင်မောင်က ပန်းထပ်ဝယ်လိုက်၏။ ကောင်မလေးမျက်နှာ ဝင်းပကြည်ရွှင်သွားတာမြင်လိုက်ရသည်။

"ဒီနေ့ကျွန်မ အရောင်းရဆုံးနေ့ရဘဲ"

ဟုအားရဝမ်းသာပြောသည်







www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ဘယ်လောက်ဘိုးရောင်းရလဲ"

"ငါးကျပ်ပိုး၊ တစ်ဆယ်ဘိုး အလွန်ပေါ့ အစ်ကိုရဲ့"

ဟုသူကိုပြန်ပြော၏။

"အဲဒီနားက ရွာတွေလား၊ "မေးတော့

"ဟုတ်တယ်၊ မနက်မိုးလင်းကတည်းက လာရတာပေါ့"

ဟုပြန်ဖြေလိုက်သည်။

"ကျောင်းမနေကြဘူးလားကွယ်"

မောင်မောင်က သွားရင်းမေးလိုက်သည်။

"လေးတန်းအောင်တဲ့သူတွေလဲရှိတယ်၊ လေးတန်းမအောင်ဘဲကျောင်းထွက်ပြီး ဈေးရောင်းတဲ့ သူတွေလည်းရှိတယ်အစ်ကို၊ ဈေးရောင်းတော့ စားဖို့ သောက်ဖို့ ငွေလေးဘာလေး ရတာပေါ့"

ပန်းရောင်းသူကလေးမ၏ လောကအမြင်ကို ကြားရပြီး ရင်ထဲမှာ လှပ်ကနဲ ခံစားလိုက်ရပြန်သည်။

အန်တီနှင့် ခင်မွန်လည်း သူတို့နှင့် အတူပါလာသော ပန်းသည်မိန်းကလေးတွေထံမှ ဘုရားပန်းကို တောင်ကလပ်ထိပ်အ





ရောက်မှာ ဝယ်ဖြစ်ကြသည်။ တောင်တက်လမ်းမှာ ကူညီရှိုင်းပင်းကြောင့် သူတို့လည်း ဝယ်ချင်စိတ်ဖြစ်မိကြပြီထင်၏။ ဘုရားလူကြီးတစ်ဦးက ဘုရားရင်ပြင်ပေါ်မှာ ပန်းလိုက်မရောင်းရဟု ကလေးမလေးတွေကို ဆူနေစဉ် သူတို့မှာ ပန်းလှူပြီး ဝတ်ပြုနေပြီ ဖြစ်သည်။

တောင်ကလပ်မှ လှမ်းမြင်ရသော ရှုခင်းသည် လွမ်းမောမ်းတဖွယ်၊ ကြည်နူးနှစ်လိုဖွယ်တို့ ရောယှက်ခံစားမှုကို ဖြစ်စေသည် ထင်၏။ နေလုံးပျောက်ကွယ်သွားပြီးနောက် ကျန်ခဲ့သောလင်းရောင်မှိန်မှိန်အောက်မှာ လှမ်းမြင်ရသော အရာရာသည်န်ပျပျအဖြစ်သေး၊ မြတ်သားသဲကွဲစွာ မြင်နေရဆဲ၊ ကြည့်ဆဲမှာပင်လင်ရောင်အား တဖြည်းဖြည်း ဆုတ်လာပြီဟု သိသည်။ ကြာမီမှာအမှောင်ထု လွှမ်းချ လာတော့မည်။ ဝှေ့ဝိုက်ဖက်လာသော လေမှာ အအေးဓာတ်တို့ ပါလာပြီလေ။

နောက်နေ့ နံနက်စာကို ဆိုင်တန်းမှာ သွားစားဖြစ်သည်။ ကစားခဲ့သော ဆိုင်မှာပင် စားကြသည်။ တရုတ်အစားအစာကို မှာထားသဖြင့် ခဏစောင့်နေရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှေ့မှာ တောင်ကမ်းပါးယံ ခပ်နိမ့်နိမ့်ရှိသည်။ သစ်ပင်
သစ်တောများဖြင့် ပြည့်နေပြီ၊ လမ်းမပေါ်မှာ မျောက်များကို
ကြည့်ရင်းတောင်ကမ်းပါးပေါ်ကို မျှော်မိခိုက်မှာလည်း မျောက်တွေ
ကိုတွေ့ရပြန်သည်။ တချို့မျောက်တွေက ဆိုင်ရှေ့ရောက်လာတတ်
၏။

"ဒီမှာလည်း မျောက်တွေရှိတယ်နော်"

ဟုချယ်ရီက မျောက်တွေကို ကြည့်ရင်းပြောလိုက်သည်။

"ဟုတ်တယ်၊သမီးရဲ့၊ ဒီပုပ္ပါးမှာ မျောက်အုပ်သုံးဆယ်
တယ်လေ၊ အဲဒီတောင်တမ်းပါးယံက တောထဲမှာ မျောက်တစ်အုပ်
တောင်ခြေက သမီးတို့ တည်းတဲ့နေရာမှာ မျောက်တစ်အုပ်
ပြီးတော့ ဟိုးတောင်ကလပ်ပေါ်မှာ တစ်အုပ်ကွဲ့။"

ချယ်ရီနှင့် အဒေါ်ကြီးက မျက်နှာချင်းဆိုင်လို ဖြစ်သည်
မောင်မောင်က အဒေါ်ကြီးဘက်သို့ ဘေးစောင်းလှည့် ထိုင်လိုက်
သည်။

"အဲဒီမျောက်တွေက အုပ်စုတစ်စုနဲ့ တစ်စု မတည့်





ဘူးဆို"

ဟုမောင်မောင်က မေးလိုက်သည်။

အဒေါ်ကြီး ကြက်သွန်အခွံနွာနေရာမှာ မော့ကြည့်ကာ-

"ဟုတ်တယ်ကွဲ့၊ အုပ်စုတစ်စုနဲ့ တစ်စုတွေ့ကြလို့ကတော့
ရန်ပွဲတော်တော်နဲ့ မပြီးတော့ဘူး၊ တစ်ကောင်နဲ့ တစ်ကောင်
အသေကိုကိုက်ကြတာ၊ တစ်တောလုံး တစ်တောင်လုံး ဆူညံပွက်
လောရိုက်သွားပြီသာမှတ်"

ဟုပြန်ပြောလိုက်သည်။

"သူတို့အုပ်စုထဲမှာကော အချင်းချင်း မကိုက်ကြဘူးလား
ဒေါ်ဒေါ်"

"ဟာ-ကိုက်တာပေါ့၊ သူတို့ အုပ်စုထဲမှာလဲ၊ တစ်ကောင်နဲ့
တစ်ကောင်ကိုက်ကြတာပဲ၊ အဲ သူတို့ကိုက်ကြပြီဆိုရင် သိပ်ကြောက်
စရာကောင်းတာကွယ့်"

"ပြောပါဦးခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးက စကားအရပ်မှာ မောင်မောင်က စကား ထောက်ပေးသည်။

"မောင်မောင်တော့ မျောက်တွေကို တော်တော်စိတ်ဝင်စား နေပြီနဲ့တူတယ်"

ဟုအန်တီက ရယ်ပြီးပြောသည်။

"တချို့အကောင်ကြီးတွေက ကိုက်ပြီး အနိုင်ရရင် သစ်ပင် ပေါ်ပြေးတက်ပြီး သစ်ပင်အပေါ်ထိပ်ဖျားကို ကိုင်လှုပ်လိုက်တာ များသစ်ပင်တစ်ပင်လုံး သိမ့်သိမ့်ခါနေတာပဲကွယ်"

"ဘာလို့ အဲလို လှုပ်ပြတာလဲ အဒေါ်"

ဟုမောင်မောင်က ထပ်မေးလိုက်တော့ . . . .

"သူတို့ အတော်ဒေါသကြီးတဲ့သတ္တဝါတွေပဲကွယ်၊ ဒေါသ ပေါက်ကွဲတာလား၊ ဒါမှမဟုတ် သူ့အင်အားကို ပြတာလား မသိပါဘူး"

ဟုအဒေါ်ကြီးက ဖြေသည်။

"ဪ. . . ဟုတ်ပြီ၊ ငါ့ကို ပြိုင်ရဲတဲ့ သူရှိရင် ပြိုင်စမ်းဆို





တဲ့ သဘောပေါ့နော်"

"အေး . . . အေး အဲဒီသဘောပေါ့ကွယ်"

ကမ်းပါးယံပေါ်သို့ ပြေးတက်သွားသော မျောက်တစ်ကောင် ဆီသို့ အကြည့်ရောက်ပြန်သည်။

"မင်းတို့တည်းတဲ့ တောင်ခြေမှာ ရှိတဲ့မျောက်တွေထဲမှာ အမွေးပြောင်နေပြီ မျက်စိကန်းတေတဲ့ မျောက်ကြီးတစ်ကောင် မတွေ့ခဲ့ဘူးလား"

"ဟာ-တွေ့တယ်အဒေါ်"

"ဟို-အစာပေးတဲ့မျောက်ကြီးလားမောင်မောင်"

"ဟုတ်တယ်လေ ခင်မွန်"

အဒေါ်ကြီးက စကားကိုဆက်သည်။

"ဒီမျောက်ကြီးက တောင်ခြေမျောက်အုပ်စုမှာ ခေါင်းဆောင် ပေါ့ကွယ်"

"ဪ ဟုတ်လား"

"ဘာလဲမောင်မောင်၊ သူ့ရှေ့ရောက်လာတဲ့ အစာတွေကို



www.burmeseclassic.com

www.burmeseclassic.com



မျောက်ကလေးတွေနဲ့ မလုနိုင်တဲ့ ကလေးတွဲလောင်း မျောက်မကြီးတွေကို ပေးတတ်တဲ့ မျောက်ကြီးလား"

ဟုအန်တီက လှမ်းမေးသည်။

'ဟုတ်တယ်လေအန်တီရဲ့၊ မျက်စိကန်းပြီး အမွေးတွေပြောင်နေတဲ့ မျောက်ကြီးပေါ့ အန်တီကတောင် ဒီမျောက်ကြီးက စိတ်ကောင်းရှိပုံရတယ်လို့ ပြောသေးတယ်လေ"

"ဒါဆို မောင်မောင်ရေ အဲဒီမျောက်ကြီးကို နံယယကဂုဏ်နဲ့ ဖြည့်စုံတယ်လို့ ပြောရမယ်ကွ"

ဟုအန်တီက အရယ်တစ်ဝက်နှင့် နှောကာ ပြောလိုက်ပြန်သည်။

"အဲဒီမျောက်ကြီးမတိုင်မီ သူ့အဖေကလဲ အဲဒီမျောက်စုမှာ ခေါင်းဆောင်လေ"

အဒေါ်ကြီးက ဆက်ပြောလိုက်တော့ အားလုံးတအံ့တဩနှင့် နားစွင့်ထားကြပြန်သည်။

"ဒါဆို သူ့အဖေကသေလို့ အရိုက်အရာဆက်ခံတာပေါ့နော်"





စုစုကလှမ်းမေးလိုက်ပြန်၏။

"မဟုတ်ဘူးကွယ့်၊ သူ့အဖေမသေခင်မှာဘဲ အဲဒီမျောက်ကြီးက အရွယ်ရောက်လာတော့ အင်အားပြိုင်တာပေါ့ကွယ်၊ ဖအေကိုအန်တုချင်တာပေါ့"

"ဩော် .... ဩော်"

"ဒါနဲ့ တစ်နေ့တော့ သူတို့သားအဖနှစ်ယောက် ကိုက်ကြတာကွယ်၊ တစ်နေ့တုန်ပါဘဲ၊ ဘယ်လိုမှ ခြောက်လှန့်လို့လဲ မရပါဘူး၊ ဒီဆိုင်တွေဖြတ်ပြေး၊ ဟိုတောင်ခြေမှာလည်း ခြောင်းဆန်နေတာဘဲ၊ အခုမျက်စိတစ်ဖက်ကန်းနေတာလဲ အဲဒီပွဲတုန်းက ရတဲ့ဒဏ်ရာလေ၊ အမွေးတွေဘာတွေ ကျွတ်နေတာလဲ ဒါကြောင့်ပေါ့ကွယ်"

"ဒါဆိုသူ့အဖေမျောက်ကြီးက သူ့ကို မညှာတော့ဘူးပေါ့နော်"

ဟုမောင်မောင်က မေးလိုက်သည်။

"ဟုတ်တယ်နော်၊ ကိုယ့်သားသမီးပဲ၊ ဒီလောက်ပဲ ကိုက်သလား"



www.burmeseclassic.com

www.burmeseclassic.com



ဟုရွယ်ရီတာ ဝင့်ပြောရ၏။

"ဒါကတော့ကွယ်၊ နေရာလုတဲ့ ဗိုလ်လုပွဲကိုးကွယ့်၊ လူတွေ တောင်မှ နန်းတက်ချင်လို့ ဖအေကိုသားကသတ်၊ သားကို ဖအေကသတ် ရှိကြသေးတာပဲ၊ မျောက်တွေက တိရစ္ဆာန်ဆိုတော့ နောက်ထပ်အန်မတုရဲအောင် ကိုက်ကြတာ ဖြစ်မှာပေါ့"

အဒေါ်ကြီးစကားကြောင့် အားလုံးငြိမ်သွားကြသည်။

အာမှပြန်မပြောနိုင်ကြတော့။

"ဒါပေမယ့်ကွယ် သူ့အဖေမျောက်ကြီးက သနားစရာကောင်း ပါတယ်"

ဟုအဒေါ်ကြီး စကားကို ဆက်လိုက်တော့ အားလုံးစိတ်ဝင်တစားနားစွင့်ထားမိကြပြန်သည်။ အဒေါ်ကြီးက အခွံနွှာပြီးသား ကြက်သွန်တွေကို ဇလုံထဲပြောင်းထည့်နေပြန်သည်။

"ပြောပါဦးအဒေါ်"

"အေးကွယ့်၊ အဲဒီနေ့က သူတို့သားအဖနှစ်ယောက်ဒေါသတကြီးနဲ့ တိုက်ကြရင်း သားကရှေ့ကပြေး အဖေက နောက်ကလိုက်





နဲ့ ထွေးလုံးထွေးလုံးနဲ့ တောင်ကလပ်ပေါ်ဘက်ကို နယ်ကျွံပြီး ရောက်သွားတာပေါ့၊ ပန်းရောင်းတဲ့ကလေးတွေမြင်ရလို့ ပြန်ပြောပြတာလေ၊ သူတို့နှစ်ကောင်တောင်ကလပ်ပေါ်က မျောက်တွေမြင်တော့ အတင်းဆင်းပြေးလာတာပေါ့၊ ပြေးဆင်းလာတာလဲ မြင်ရော ချက်ချင်းဘဲ အဖေက သူ့သားကို လွှမ်းဆွဲပြီး နောက်ကို တွန်းပို့တယ်၊ ပြီးတော့ တောင်ကလပ်ပေါ်က ရန်မူဖို့ ဆင်းလာတဲ့ မျောက်အုပ်စုကို ဖအေက ရင်ဆိုင်လိုက်တာပေါ့ကွယ် . . .

"သဘောကတော့ သူ့သားမျောက်ကြီး လွတ်အောင် ပြေးဖို့ အခွင့်အလမ်းရအောင်ဆိုပြီး သူကမပြေးဘဲ ခုခံပြီး တိုက်တော့တာဘဲတဲ့၊ နယ်ကျွံလာပြီဆိုတာသိတော့ သားကတော့ နောက်ကြောင်းပြန်လှည့်ပြေးတာပေါ့ ဖအေမျောက်ကြီးကတော့ တောင်ကလပ်က မျောက်အုပ်တစ်အုပ်လုံးနဲ့ တစ်ကောင်တည်း ခုခံပြီး မျောက်အုပ်ကြားမှာ ဒဏ်ရာဗရပွနဲ့ ဖြစ်နေပြီလေ၊ နောက်တစ်ရက်နှစ်ရက်ကြာလို့ ပုပ်နံ့ရလို့ ပန်းသည်လေးတွေက စောင်းတန်းအမိုးပေါ် တက်ကြည့်မှာ ရေတံလျှောက်ထဲက သွပ်အမိုးပေါ်မှာ ဖအေး



www.burmeseclassic.com

www.burmeseclassic.com



မျောက်ကြီးတော ဒဏ်ရာတွေနဲ့ ပုပ်ပွနေတာ တွေ့ရသတဲ့ကွယ်"

"ဩော် ... နောက်ပြန်ဆုတ်ပြေးရင်းနဲ့ အမိုးပေါ်ပြုတ်ကျပြီး ရေတံလျှောက်နဲ့ခံပြီး တင်နေတာထင်တယ် နော်"

ဟုချယ်ရီက ပြောသည်။

"သူ့သားလွတ်အောင်လို့ သူက အသေခံပြီး ခုခံသွားတာပေါ့ နော်"

ခင်မွန်ကလည်း မှတ်ချက်ချမြန်သည်။

"အေးပေါ့ကွယ်၊ တောင်ပေါ်မှာမျောက်အုပ်နဲ့ တွေ့ပြီဆို ကတည်းက တစ်ကောင်နဲ့အများပဲ၊ သေမှာတော့ သိပြီပေါ့။ အဲဒီ လိုသေဘေးကြုံတဲ့အခါကျတော့ သူပြေးရင် လွတ်နိုင်သားပဲ ဒါပေမယ့် သူမပြေးတော့ဘဲ သူ့သားကို သူပိုပြီးငဲ့ညှာတယ်၊ ဒါကြောင့်သူ့သားပြေးလို့ လွတ်နိုင်အောင် သူအသေခံပြီး သွားတာပေါ့ကွယ်၊ "

အဒေါ်ကြီးက သူ့စကားကို နိဂုံးချုပ်လိုက်သည်။





ခင်မွန်က အန်တီ့မျက်နှာကို ဖျတ်ကနဲအကြည့်ရောက် သည်။

ပြီးတော့သက်ပြင်းကို ချလိုက်မိသည်။

အမြင့်ပြေးတက်ခါနီးမှာ သူ့သားတလေးအား ရင်ခွင်ထဲသို့ ပြောင်းထည့် တတ်သောမျောက်မကြီးနှင့် သားအတွက် အသက်ဆုံး ရှုံးခံသွားရှာသော မျောက်ခေါင်းဆောင်ကြီးတို့ကို အတွေးမြင် မြင်ယောင်မိမြန်တော့သည်။

လွမ်းသူ့ရင်တိုငြိမ်းပါလည့် မှ

၉၅ ဩဂုတ်၊ အရှိန္ဒမာဓမ္မဇင်း။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ရင်ကွဲတောင်ည

(၁)

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့အနီး စခန်းသာနှင့် နောင်ပိန် ရွာကြားရှိတောင်ကို ရင်ကွဲတောင်ဟုခေါ်ကြောင်း၊ မှတ်သားလိုက်မိ၏။

ကျွန်တော်ဒါရိုက်တာ စာရေးဆရာ မောင်နေမျိုး၊ ဆရာမောင် ငြိမ်းသူ (ကြို့ပင်ကောက်) တို့ သုံးဦးကို ရှမ်းပြည်နယ်မြောက်ပိုင်း စာပေဟောပြောပွဲများအတွက် ခရိုင်ပူးပေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရွှက်ရေးကော်မတီဥက္ကဋ္ဌ သီပေါမှ ဆရာလှမောင်လတ်က ကြိုဆို ခေါ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

"အဲဒီတောင်နားမှာ ခဏခဏ ဓားပြတိုက်၊ လုယက်မှုတွေ ဖြစ်တယ်ဆရာ၊ ပြီးခဲ့တဲ့ လတုန်းကတောင် တစ်ခါဖြစ်သေးတယ်။ တော်တော်လေး ဆိုးတဲ့နေရာပဲ ဆရာ"

ရင်ကွဲတောင်ဟုခေါ်သော စိမ်းညို့ညို့တောင်တန်းကို လှမ်းကြည့်နေလိုက်မိသည်။ မနက်နေသည် တောင်တန်းပေါ်သို့ ဖြာကျလျက်လှပသော ရှုခင်းကိုမြင်နေရသော်လည်း ကျွန်တော့် ရင်ထဲတွင် ကားအလှအပကို မခံစားနိုင်တော့။ လုယက်မှု၊ ဓားပြမှု လူသတ်မှု၊ လက်နက်ကိုင်ရမ်းကားမှုစသော အမဲ့လုပ်ရပ်တို့က ရင်ကွဲတောင် ၏ အလှအပကို ဖျက်စီးနေကြပြီလားမသိ။ ခရီးသည်တွေ ရင်ကွဲ ရသည့် တောင်မို့ ရင်ကွဲတောင်ဟု ခေါ်ကြလေသလားဟုပင် တွေးမိပြန်သေး၏။





(၂)

ကျောက်မဲမြို့မှာ မြို့မပွဲတစ်ပွဲနှင့် ကျောင်းသားပွဲ တစ်ပွဲ ဟောအပြီးမှာ ကျွန်တော်တို့အဖွဲ့ သီပေါမြို့သို့ ကူးခဲ့သည်။ သီပေါမှာ တစ်ပွဲဟောပြီးပါက လားရှိုး၌ တစ်ညနားပြီး မူဆယ်ပွဲ ဟောရန် သွားရပေမည်။ ကျောင်းသားပွဲ မဟောခင်လေးမှာ ပင် ကျွန်တော့အမေ၏ ကျန်းမာရေးကို ဖုန်းဆက်မေးမိသေးသည်။ ကျွန်တော်မူဆယ်ကို ခရီးဆက်၍ ဖြစ်မဖြစ် စုံစမ်းမိသေးသည်။ အခြေအနေက အဆိုးကြီးမဟုတ်ပါဆိုတော့ စိတ်ထဲမှာအေးရ၏။

"မောင်စိန်ဝင်းရဲ့ အမေကျန်းမာရေးမကောင်းပါဘူး၊ ဆရာဝန်ကြီးကအချိန်မရွေး တစ်ခုခုဖြစ်သွားနိုင်ပါတယ်လို့ ပြောထားတဲ့ အခြေအနေမျိုးပါ။ ပြီးတော့ မန္တလေးဘူတာကြီးရောက်တော့လည်း မိဘမေတ္တာလူမှုရေးအဖွဲ့က ပွဲတစ်ပွဲအတွက် ဆရာ့ကို တက်ဖို့ဖိတ်တဲ့သတင်းက စောင့်နေပါတယ်။ ဆရာဟာ အဲဒီလူမှုရေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ပစ်ပြီး သီပေါကစာပေပရိတ်သတ်ဆီကို လိုက်လာခဲ့တာပါ"

သီပေါပွဲအစ၌ ဆရာလှမောင်လတ် စကားပြောရာတွင် ကျွန်တော့မိခင်ကြီး ကျန်းမာရေးအခြေအနေကို ထည့်ပြောသွားပါသေးသည်။ နေ့လည် ဆယ်နှစ်နာရီခွဲလောက်စခဲ့သည့် သီပေါစာပေဟောပြောပွဲသည် ကျွန်တော်စင်ပေါ်တက်ရန် အလှည့်ရောက်တော့ ညနေသုံးနာရီကျော်နေပြီ၊ မဟောပြော ဖြစ်သည်မှာကြာပြီ ဖြစ်သောကြောင့် "အရိန္ဒာမာသိပါသည်" ဝတ္ထုရေးဖြစ်ခဲ့ခြင်း အကြောင်းကို ပြောဖြစ်သွားသည်။

"ပြိုင်ပွဲတစ်ခုမှာ မိမိအနိုင်ရမှာသေချာနေမှန်း သိပါလျက်နဲ့ မိမိအနိုင်ရပါက မိမိတစ်ဦးတည်းသာ စိတ်ချမ်းသာနိုင်ပြီး အများစုက ဒုက္ခရောက်ရမည်ကို သိနေပါက ထိုပွဲမျိုး အနိုင်မယူဘဲ စွန့်လွှတ်အနစ်နာခံရဲတဲ့ စိတ်ဓာတ်သတ္တိမျိုး၊ လူတိုင်းမှာ ရှိသင့်ကြောင်း. . ."

ထိုဝတ္ထုအဓိကဦးတည်ချက် ဘယ်လိုလာသည်ဆိုတာ ကျွန်တော် ပြောဖြစ်ခဲ့ပါသည်။ နောက်ကျွန်တော့်တပည့် အလုပ်သမား ကိုကျော်ဝင်းတီဘီ ရောဂါနှင့် ဆုံးတော့ အသုဘပို့





ဖြစ်ခဲ့ပုံပြောရင်း ကျွန်တော်ရင်ဆို့လာသည်။ ထိုအကြောင်း ဟောပြောမိ တိုင်း ရင်ထဲ၌ ဆို့၍ အသံတွေတုန်လာသည်အထိ ကျွန်တော် ခံစားရသည်မှာ အမှန်ပင်။

ကျွန်တော်ဟောပြောနေစဉ်မှာ မောင်ငြိမ်းသူ (ကြို့ပင်ကောင်)က အပြင်ထွက်သွားလိုက် ပြန်ဝင်လိုက်နှင့် ဂဏှာမငြိမ်သလိုဖြစ်နေတာ ကျွန်တော်စင်ပေါ်မှ လှမ်းမြင်ရသည်။ ဟောပြောမှုအထွဋ်အထိပ်ရောက်ချိန်မျိုးမှာ ထိုသို့ အပြင်ထွက်လိုက်ပြန်ဝင်လိုက်ကိစ္စမျိုး၊ ပရိတ်သတ်အာရုံစူးစိုက်မှု လျော့ပါးနိုင်သည့် အမှုမျိုးကို ကျွန်တော်တို့ ဟောပြောသူအချင်းချင်း ဂရုစိုက်တတ်ကြပါသည်။ ဒီကောင်ကြီး ဘာဖြစ်နေပါလိမ့်ဟု စိတ်ထဲကတော့ ထင်လိုက်မိသား။

ကိုကျော်ဝင်းအသုဘကိစ္စပြောအပြီးမှာ စကားမဆက်နိုင်ဘဲ ကျွန်တော်နှုတ်အ, သွားတတ်စမြဲ။ သည်ပွဲမှာတော့ ခါတိုင်းထက်ပိုပြီး အချိန်ကြာအောင် ကျွန်တော်စကားမဆက်နိုင်ဘဲ ငြိမ်ကျသွားမိသည်။ ပရိတ်သတ်ကလည်း ကျွန်တော့်ကိုကြည့်ရင်း တုတ်တုတ်မျှမလှုပ်၊ ကျွန်တော့်ရင်ထဲမှာ ကြေကွဲမှုများဖြင့် ဗလောင်ဆူနေဆဲ။

ဟောပြောပွဲကို နိဂုံးချုပ်ပြီး ကျွန်တော်စင်ပေါ်က ဆင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ အောက်ရောက်သည်နှင့် ကျွန်တော့်သူငယ်ချင်း မောင်ငြိမ်းသူက ဟန်ဆောင်မနေနိုင်ဘဲ ကျွန်တော့်ပုခုံးကို လာဖက်သည်။

"သူငယ်ချင်း စိတ်အေးအေးထားနော် . . မင်းအမေအသဲအသန်ဖြစ်လို့ ပြန်လာခဲ့ပါလို့ ဖုန်းဆက်တယ်တဲ့၊ သီပေါရုံပိုင်ကြီးကလာပြောတာ၊ တိုက်တိုက်ဆိုင်ဆိုင်ကွာ မင်းကမင်းတပည့်အသုဘအကြောင်းပြောနေတုန်းလာပြောတာ"

မောင်ငြိမ်းသူ အပြင်ထွက်လိုက် ဝင်လိုက်ကိစ္စကို ကျွန်တော်နားလည်သွားသည်။ သီပေါရုံပိုင်ကြီးကလည်း ဖုန်းသတင်းကို ထပ်ပြောသည်။

ကျွန်တော့်အမေအသက်ကို မီချင်သည်။ သေတော့မည့်အမေ့အနားမှာ ကျွန်တော်ရှိချင်သည်။

"ကျွန်တော့်ကို ညတွင်းချင်းပြန်ဖို့ စီစဉ်ပေးပါလားဗျာ "

ဥက္ကဋ္ဌ ဦးလှမောင်လတ်ကို ကျွန်တော့်ဆန္ဒပြောပြလိုက်သည်။





(၃)

မနက်လင်းလင်းချင်း မန္တလေးကို ရောက်ပါက လေယာဉ်ကို ကျွန်တော်ကြိုးစားကြည့်ချင်သည်။ လေယာဉ်မရပါက အစောဆုံးရထားဖြင့် ကျွန်တော်ရန်ကုန်ပြန်ချင်သည်။ ကျုန်စာရေးဆရာနှစ်ဦးကလည်း စိတ်မကောင်းဖြစ်၍ ရှေ့ခရီးကို ကျွန်တော်မပါဘဲမဆက်တော့ဟု ဆုံးဖြတ်သည်။ လားရှိုးမှ ကျွန်တော့်မိတ်ဆွေဦးဘိုနီကတဆင့် မူဆယ်မှ ကျွန်တော်ခင်မင်ရသော မိတ်ဆွေများဖြစ်သည့်ဒေါက်တာကြည်စိုးတို့ထံ ပွဲပျက်ကြောင်း အကြောင်းကြားလိုက်ရသည်မှာ စိတ်မကောင်းစရာပင်။

"ဆရာရေ တစ်မြို့လုံး အနှံ့ကျွန်တော်တို့လည်း ကားရှာကြတာပဲ၊ မတန်တဆဈေးပေးငှားကြတာပဲ ဆရာ၊ မလိုက်ချင်ကြဘူး၊ ညလည်းဖြစ်၊ လမ်းကလဲည်း ဆရာသိတဲ့အတိုင်း အရမ်းကြမ်းတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ကျွန်တော်တို့ လူနိုင်ကားတွေ အားလုံး ကလည်း လားရှိုး ထွက်သွားကြလို့ဆရာ"

ပထမအခေါက်လာပြီးပြောသည်။ သို့သော် စိတ်မလျှော့သေးပဲ ထပ်ရှာပါဦးမည်ပြောကာ ကော်မတီအဖွဲ့ထွက်သွားသည်။ လားရှိုးသို့ရောက်နေသည့် မြို့နယ်ဥက္ကဋ္ဌကြီးထံသို့ ဥက္ကဋ္ဌကြီး၏ သားငယ်က ဖုန်းဆက်အကြောင်းကြားပေးသည်။ ဥက္ကဋ္ဌကြီး ဇနီးမောင်နှံနှင့် မိသားစုမှာ သီပေါရောက်စကျွန်တော်တို့နှင့် ဆုံလိုက်နေသးသည်။ သူတို့ မိသားစုက စာရေးဆရာတွေကို လေးစားချစ်ခင်ကြသည်။

"ဆရာရေ .... ဝပ်ရှော့မှာ နည်းနည်းပြန်ပြင်ရမယ့် ကားတစ်စီးတော့ တွေ့ထားပြီ ဝပ်ရှော့မှာ ပြင်ပြီးတာနဲ့ ကျွန်တော်တို့ထွက်ကြမယ်၊ ဘယ်အချိန်ရယ်တော့ အတိအကျ မပြောနိုင်ဘူးပေါ့"

ကားတစ်စီးငှားလာပြီဟု လာပြောတော့ ကျွန်တော်နည်းနည်းစိတ်အေးသွားသည်။ ပုံမှန်မနက်ထွက်မည့် လိုင်းကားများနှင့်ဆိုပါက ရထားချိန်မမှီမှာကို ကျွန်တော်စိုးရိမ်သည်။ စီစဉ်စရာရှိ





သည်များကို စီစဉ်မည်ဟုပြောကာ ထွက်သွားသည့်ဆရာဦးလှမောင်လတ်တို့အဖွဲ့ ခဏအကြာမှ ပြန်ရောက်လာသည်။

"ဆရာရေ... စိတ်သာလျှော့လိုက်ပါတော့၊ ကျွန်တော်တို့ ကကားသာရှာနေတာ၊ ကားရရင်လည်း လမ်းကပိတ်ထားတာ ဆရာ၊ ညနေ (၆)နာရီဂိတ်အားလုံးပိတ်ကြတာ၊ သွားလို့ မရတော့ဘူးလေ၊ ပြီးတော့ ရင်ကွဲတောင်ကလည်း အန္တရာယ်များလှပါတယ်။ ဆရာ၊ မသွားတာကောင်းပါတယ်။"

ကျွန်တော်သက်ပြင်းချလိုက်ရုံမှတပါး ဘာမှ ပြန်မပြောနိုင်တော့ပါ။ လုံခြုံရေးရှုထောင့်မှ သူပြောတာကလည်း အမှန်ပင်၊

"ဝပ်ရှော့မှာ ပြင်နေတဲ့ကားကလည်း လမ်းခရီးကို စဉ်းစားရင်းသူကြောက်သွားပြီ ထင်တယ်ဆရာ။ မလိုက်ချင်တော့ဘူးတဲ့"

ကျွန်တော်မည်သူ့ကိုမျှ အပြစ်အမြင်ပါ။ သွေးအေးအေးနှင့် စဉ်းစားကြည့်ပါက သွားရန်မသင့်သည့်ခရီးပင်။ နေ့ခင်းနေ့လယ်မှာပင် သောင်းကျန်းသော ထိုရင်ကွဲတောင်ကို ညအချိန်မတော်ဖြတ်ရမည်မှာ အလွန်အန္တရာယ်ကြီးလှပေသည်။

ဘာဖြစ်ဖြစ်ကျွန်တော်ကတော့ ကျွန်တော့်အမေ၏ အသက်ကို မီဖို့ စိတ်စောလွန်းနေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



(၄)

မသွားဖြစ်တော့ပါဘူးဟု စိတ်နှလုံးခုံးခုံးချလိုက်စဉ်မှာပင် စာပေကော်မတီမှ ပါသည့် ဆရာဦးသန်းမြနှင့် လူတစ်ယောက် ကျွန်တော့်ဆီရောက်လာသည်။

"ဆရာ. . ဒါကိုစောနိုင်တဲ့ ဆရာ့ စာဖတ်ပရိတ်သတ်ပါ။ သူကနေ့လည်မှ မန္တလေးက ပြန်ရောက်လာတာ။ ဆရာအခက်အခဲ ဖြစ်နေတာသိတာနဲ့ သူ့ကားနဲ့ မန္တလေးအရောက်ပို့ပေးမယ်ဆုံးဖြတ်ပြီး လိုက်လာခဲ့တာဆရာ၊ စေတနာသက်သက်နဲ့ ကူညီချင်တဲ့သူပါ ဆရာ"

ကျွန်တော့်နားကိုပင် ကျွန်တော်မယုံချင်မိ။ ကိုစောနိုင်၏ မျက်နှာကို ကျွန်တော်ငေးကြည့်နေမိပြန်သည်။

"ကျွန်တော်က ဆရာ့ပရိတ်သတ်ပါဆရာ၊ ဆရာပြောတာလည်း နားထောင်ရင်း ဆရာ့ကို ရင်းနှီးနေပါတယ်၊ ဦးလှမောင်လတ်





ဟောပြောသွားလို့ ဆရာကမိုးခင်ကြီးနေမကောင်း တဲ့ကြားကလိုက်လာရတာ၊ ကျွန်တော့်လူမှုရေးတွေထက် သိပေါက စာပေပရိတ်သတ်ကို အလေးထားလိုက်လာတာ ကြားကတည်းက ဆရာ့ကို လေးစားနေတာ ကျွန်တော်ဆရာ့ကို ဘာမဆိုကူညီမယ် ဆရာ။ ဆရာတို့မြို့ထဲမှာစီတဲ့ကာ..မောင်းတဲ့ ကိုမောင်လေးညည်းတာကိုကြားလို့ ဆရာ(ပြ)ားမရဘူးဆိုတာ သိရတာ။ ကျွန်တော့်အမေ နေမကောင်းတုန်းကလည်း ဒီလိုဘဲ ။ မဖြစ်ဖြစ်သလိုပြန်ခဲ့ဖူးလို့ ကိုယ်ချင်းလည်းစာတယ်ဆရာ၊ ကျွန်တော့်ကားနဲ့ဆရာ့ကို လိုက်ပို့ပါမယ်"

"ဂိတ်တွေက ပိတ်ထားတယ်ဆို ရင်ကွဲတောင်ကိုရော ကျွန်တော်တို့ဖြတ်လို့ ဖြစ်ပါ့မလား" ကျွန်တော်စဉ်းစဉ်းစားစား မေးလိုက်သည်။

"ဆရာ့အမေအသက်ကို မီဖို့အားလုံးကို ကျွန်တော်တို့ ကြိုးစားကြည့်ရမှာပေါ့ဆရာ၊ ရင်ကွဲတောင်လည်း ဆရာတို့ ကျွန်တော်တို့ရဲ့ စေတနာ မေတ္တာကြောင့် အန္တရာယ်ကင်းမှာပါ"

ကိုစောနိုင်၏ စေတနာ မေတ္တာစကားဖြင့် ကျွန်တော့်ရင်မှာ အေးမြသွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၅)

ကိုစောနိုင်က ကားမောင်း၏။ ကိုစောနိုင်ဘေးက ရှေ့ခုံမှာ ဆရာဦးနေမျိုးက ထိုင်သည်။ "ဗင်" ကားလေး၏ နောက်ခုံမှာ ကျွန်တော်၊ ဦးလှမောင်လတ်၊ ဦးမြသန်းနှင့် မောင်ငြိမ်းသူတို့ ထိုင်ကြသည်။ ညကိုးနာရီ ဆယ်မိနစ်မှာ ကျွန်တော်တို့ကားလေးသည် ချမ်းအေးငြိမ်သက်စပြုနေပြီဖြစ်သည် သီပေါမြို့ကလေးမှ ထွက်ခွာခဲ့ကြသည်။

သီပေါနှင့် ငါးမိုင်ခန့်အကွာ ဘော်ကြိုဘုရားရှေ့အဖြတ်မှာ မိခင်ကြီး ကျန်းမာပါစေကြောင်း ဆုတောင်းမိသေးသည်။ မကြာမီ ကျင်သီတံတားကို ဖြတ်ရသည်။ တံတားဂိတ်မှာ အကျိုးအကြောင်း ရှင်းပြတော့ စာပေချစ်သည့် ဂိတ်စောင့်များက ကျွန်တော်တို့ကို ရှောရှောရှူရှူပင် ခွင့်ပြုကြပါသည်။ ကိုစောနိုင်သည် ကျောက်မဲကို ဝင်နိုင်ရန်အတွက် ပန်ပေါင်းရွာထဲမှဖြတ်၍ ကားလေးကို





မောင်းလာခဲ့သည်။ ပန်ပေါင်းရွာထဲမဖြတ်ပါက ကျွန်တော်တို့ (၂၂)ဂိတ်ကို ဖြတ်ရပေဦးမည်။

သားကောင်များကို ဘေးမဲ့လွှတ်ထားရာ တောရကျောင်းဖြစ်သည့် "နမ့်ဟူကတ်ကျောင်း" ဘေးမှ ကားလေးဖြတ်မောင်းရင်း ကားလမ်းမကြီးပေါ် ပြန်တက်ခဲ့ရသည်။ ရွာလမ်း၊ တောလမ်း၊ တို့ကို မောင်းရင်းလမ်းကျွမ်းသော ကိုစောနိုင်သည် ကျွန်တော့်ကို ကူညီရသဖြင့် ကျေနပ်ပီတိဖြစ်နေဟန်ပြသည်။

ရထားသံလမ်းနှင့် ကားလမ်းအဖြတ်မှာ ဝါးလုံးနှင့် အတားတစ်ခုကို တွေ့ရသည်။ မည်သူမျှမရှိသဖြင့် ထိုဝါးလုံးတန်းကို မဖယ်ရင်းကားကို ဖြတ်စေခဲ့ရ၏။ "နားအိုက်ခန့်"ရွာကို ကျွန်တော်တို့ဖြတ်သည်။ ဘုရားပွဲဟုခေါ်သော လောင်းကစားပွဲများဖြင့် စည်ကားသောပွဲကို သွားသူ၊ ပွဲမှပြန်သူများကိုကြားတွေ့ရသည်။ မှောလမ်းမပေါ်မှာ စက်ဘီးတခြား၊ လူတခြားလဲနေသည့် အမူးလွန်သူကို ကျွန်တော်တို့တွေ့ ရှောင်ဖြတ်ခဲ့ရသည်။ သည်မှ နှစ်မိုင်ခန့်ဆက်မောင်းလျှင် "ရင်ကွဲတောင်" ကို ရောက်ပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



(၆)

လှရောင်သည် ဝန်းကျင်ကို လှမ်းမြင်နိုင်လောက်အောင်ဖြာကျနေသည်။ ထုနှင့်ထည်နှင့် မဟုတ်သော်ငြား နှင်းပါးပါးသည် လရောင်လိမ်းကျံထားသည့် ဇာပုဝါပါးဖြင့် လွှမ်းထားသည့်နှယ်။ နှင်းပုဝါခြုံသည့် ရင်ကွဲတောင်သည် လရောင်လှပထွန်းသည် တူကျွန်တော်ထင်၏။ မှုံဝါးဝါးသစ်ပင်သစ်တန်းတို့ကိုလည်း မြင်နေရပြန်သည်။ ဘေးဝန်းကျင်မှ သစ်တောများ၊ ခြုံနွယ်ပိတ်ပေါင်းများကို ဖြတ်ရင်းကားလေးသည် မြန်မြန်မောင်း၍မရလမ်းကကြမ်းလွန်းလှသည်။ ဆယ်ပေလောက် ခရီးပေါက်ဖို့ဆယ်ခါမက ချိုင့်ခွက်တွေကို ရှောင်နေရသည်။

"ဒီနေရာတွေပဲဆရာ အရမ်းဆိုးတာ"

ဆရာလှမောင်လတ်၏ စိုးရိမ်သံ၊

"ပြီးခဲ့တဲ့လထဲက ကျွန်တော့် ကားကကပ်လွတ်သွားတာ





ကျွန်တော်ရှေ့က ကားအတိုက်ခံရတယ်၊" ကိုစောနိုင်၏အသံ။

"ဆရာကျွန်တော်တို့သီပေါမြို့အပေါ်ထားတဲ့ စေတနာ၊ ဆရာအပေါ်ကိုစောနိုင်ထားတဲ့ စေတနာတွေကြောင့် ကျွန်တော်တို့ အေးအေးချမ်းချမ်းဖြစ်မှာပါ" ကိုမြသန်းကဝင်ပြောသည်။

ဘာဖြစ်ဖြစ်နာမည်ကြီးလှသော ရင်ကွဲတောင်ကို အဖြတ်မှာတော့အားလုံးကြောက်လန့် တုန်လှုပ်စွာ ခံစားနေကြရသည်မှာ အမှန်ပင်။

နှစ်မိုင်လောက် မောင်းအပြီးမှာတော့ ကျွန်တော်တို့နောင်ပိန်ရွာကို ရောက်တော့သည်။ ဂုတ်တွင်း အလှကို ကြည့်နိုင်သည့်ကျောက်မဲရေကန်ဗျူးပွိုင့်ရှိရာ ဒီးပင်စခန်းကို မကြာခင်မှာရောက်၏။

"ဒီခရီးကို ဒီအချိန်ရောက်ဖို့ဆိုတာ ဆရာအပေါ်မှာတော်ရဲ့စေတနာ-မေတ္တာနဲ့ ကျွန်တော်မဆုံးဖြတ်ဘူးဆရာ။ ဒါပေမယ့် ဘယ်လောက်အန္တရာယ်များများ၊ မေတ္တာ၊ စေတနာနဲ့ ခရီးမှာ အနှောက်အယှက်မဖြစ်ဘူးလို့လည်း ကျွန်တော်ယုံတယ်၊အခုကြည့်လေဆရာ။ ရင်ကွဲတောင်ကို ကျော်ခဲ့ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်အေးအေးဆေးဆေးပါဘဲ"

ကိုစောနိုင်၏စေတနာမေတ္တာဖြင့် ထုံမွှန်းနေသည် စကားတို့ကကျွန်တော့်နှလုံးသားထဲရောက်လာသည်။ မေတ္တာ စေတနာ၏ တုံ့ပြန်တတ်မှုကို ကျွန်တော်က ယုံကြည်သည်။ ကျွန်တော့်တို့ကားလေးဂုတ်တွင်းကို ဆင်းရင်း ဂုတ်တွင်းတံတားကို ဖြတ်၏။

အစောင့်များကို အကျိုးအကြောင်းပြောပြခွင့်တောင်းတော့ သူတို့က ကော်ဖီသောက်ဖို့ပင် ဖိတ်နေပါသေးသည်။ သည်လိုနှင့် ကျွန်တော်တို့ နောင်ချိုဂိတ်ကိုလည်း ဖြတ်ခဲ့ကြ၍ ပြင်ဦးလွင်ဆီသို့ ဦးတည်လာခဲ့ကြတော့သည်။

မန္တလေးကို မနက်စောစောလေးနာရီသာသာမှာ ကျွန်တော်တို့ရောက်ခဲ့ကြသည်။ အန္တရာယ်များလှသည်ဟုအပြောများသော ရင်ကွဲတောင်သည် မေတ္တာစေတနာဖြင့် လွှမ်းခြုံလိုက်သည့်အခါ ညဉ့်ပင်လှပနေသေးသည်ဟု ကျွန်တော်တွေးမိပြန်သေးသည်။





(၇)

မနက် (၈) နာရီလောက် လေဆိပ်ရောက်တော့ သက်ဆိုင်ရာတာဝန်ခံကို အကျိုးအကြောင်းပြော အကူအညီတောင်းစဉ် စောစော ကပဲ ဂိုးရှီးကုန်သွားပြီဟုဆိုသည်။ နေ့လည်လေယာဉ်အတွက်လျှောက်လွှာရေးတင်ခိုင်းကာ နေ့လည် နှစ်နာရီပြန်လာရန်မှာသည်။ ရထားလွတ်မည်စိုး၍ သေချာပါ့မလားဟု လိုက်ပို့သူဝန်ထမ်းကလေးကိုမေးကြည့်တော့ သူကပြန်လာမှာပိုသေချာတယ်ဟုပြောသည်။ နေ့လည်နှစ်နာရီရောက်သွားတော့ကျွန်တော်တစ်ယောက် တည်းအတွက်မှ လေယာဉ်လက်မှတ်မရနိုင်ဆိုတာ သိလိုက်ရတယ်၊ မြန်မာစကားမပီသသော အသားနီကျင်ကျင်နှင့်ခရီးသည်များ ကြားမှ ကျွန်တော်တို့ဖြတ်ကာ လေယာဉ်အဆောက်အဉီကိုကျော နိုင်းခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမြန်ဆုံးရောက်ချင်တော့ကောင်းတာပေါ့" မန္တလေးရောက်ရောက်ချင်းဖုန်းဆက်မေးစဉ်က ပြောသောအသံ မြန်ကြားယောင်သည်။ အမေ့အသက်ကို မှီချင်ဇောဖြင့် ခက် ကြမ်းတမ်းသော ရင်ကွဲတောင်ညခရီးကို ကျွန်တော်သွ ကျွန်တော့်ပရိတ်သတ် ကိုစောနိုင်၏ မေတ္တာစေတနာဖြင့် ဖြ ကျော်လာခဲ့ပြီးပါပြီ။

မန္တလေးရောက်မှပဲ ကျွန်တော်သောင်တင်နေရတော့ လား။

မန္တလေးမှ အချိန်တွေကုန်သွားရသည့်အတွက် ကျွန်တေ အမေ၏အသက်ကို မမှီဘဲနေတော့မှာတဲ့လား၊

မေတ္တာစေတနာတို့ဖြင့် နှလုံးသားမှာ လှပစွာ ခံစားစွန်းထ ခဲ့ရသော "ရင်ကွဲတောင်ည" ၏အလှသည် မန္တလေး၏ မန နေခြည်ကြောင့်တော့ ဘယ်တော့မှ ပျက်ပျယ်သွားနိုင်ေ မဟုတ်ကြောင်းမှ ကျွန်တော်သိနေပါသည်။





အဘယ်ကြောင့်ဆိုသော် နေ့စဉ် အပူကြောင့် ည၏အလှ ၊ ည၏အအေးအမြတို့ကား ပိုမိုထင်ရှား လာနိုင်သည်မဟုတ်ပါလား။

ရင်ကွဲတောင်ညကား ဘဝတစ်သက်မမေ့နိုင်စရာ ....


မောင်စိန်ဝင်း (ပုတီးကုန်း)

(မိခင်အားကန်တော့ရင်း
ကိုစောနိုင်နှင့်သီပေါပရိတ်သတ်များသို့
အမှတ်တရ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မြိတ်_ပလောပီနံနှင့် ဗလွနီဒါမှ သမီး__

(၁)

၁၉၈၂ ရန်ကုန်ဆောင်းမနက်ခင်းများ နှင်းငွေ့ချမ်းတုန်နစဉ်ကာလ။

ပီလောပီနံစက်ရုံမှ စက်များလည်ပတ်နိုင်ရေးအတွက်နောက်ဆုံး စစ်ဆေးမှုပြုလုပ်ရန် အဖွဲ့၌ ကျွန်တော်ပါဝင်ခဲ့ပြီးမြိတ်မြို့ကို ရောက်ခဲ့သည်။



www.burmeseclassic.com

*ချစ်...*

*အကိုတွေတော်းသိ*

*မြစ်ရေပြက်နှင်း၊ ငြိမ်းကာနေဆင်ပြီး*

*ဆောင်းတွင်းမနက်၊ နှင်းစက်မငေ့*

*ဆောင်းငွေ့သမ်းကျ*

*ချမ်းတုန်နေအောင်မအေး...*

အက်ဖ်တွမ်တီအိပ် ဂျက်လေယာဉ်ဖြင့် ရန်ကုန်မှ မြစ်သို့ ကျွန်တော်တို့လာခဲ့ကြသည်။ မြစ်လေယာဉ်ကွင်းကို ခြေချမိသည့် အခါ ဆောင်းမပီသော ဥတုကို ပထမသတိပြုမိကြသည်။ နှင်းစက် နှင်းမှုံမတွေ့။ ကျွန်တော်တို့ ဝတ်လာကြသော အနွေးထည်များကို ချွတ်လိုက်ရအောင် ပူနွေးမှုက ဆီးကြိုနေ၏။

လာကြိုသည့် ကားကိုမတွေ့ရသဖြင့် သုံးဘီး (ဘိန်း) တစ်စီးကို ငှားကာ ပီလောပိနံစက်ရုံ ရှိရာ မြို့ပြင်ဘက်ကို လာခဲ့ကြ၏။ လေဆိပ်မှ အထွက်မှာပင် ယောက်ျား မိန်းမ၊ လူငယ်အတော် များများက ဟွန်ဒါဆိုင်ကယ်လ် ကိုယ်စီဖြင့် သွားလာလှုပ်ရှားနေတာ မြင်ရသည်။ မန္တလေးမြို့မှာ စက်ဘီးပေါသကဲ့သို့ မြစ်မြို့မှာလည်း ဟွန်ဒါဆိုင်ကယ်တွေ ပေါများလှချည်လားဟု မှတ်မှတ်ထင်ထင် တွေးဖြစ်ခဲ့သည်။ ကျွန်တော်တို့ စီးလာသော သုံးဘီးကားမှာ ကျွန်တော်တို့ မြင်ဖူးနေကျ "သုံးဘီးကားရောင်" မဟုတ်ဘဲ အစိမ်း ရောင်ဖြစ်နေပြန်သည်။ ကားမောင်းသူကို မေးကြည့်လိုက်တော့ မြစ်မှာသည်လိုပဲ၊ သုံးဘီးကားတွေကို ဆေးစိမ်းရောင် သုတ်ထား တတ်ကြောင်း သိရပြန်၏။ ကျွန်တော်တို့က သုံးဘီးကားကို ခြောက်ဆယ်နှင့် ငှားခဲ့ကြသည်။ မြို့တွင်းဆိုပါက အနည်းဆုံး နှစ်ဆယ်မှ အထက်ဈေးရှိသည်ဟု ကားဆရာက ပြောသည်။

"ဓာတ်ဆီက လွယ်လွယ်ဝယ်လို့မရဘူးဆရာ၊ တစ်ဂါလံကို လေးဆယ်ကနေပြီး ခြောက်ဆယ်အထိ တက်လိုက် ကျလိုက်နဲ့"

ကားဆရာက ဓာတ်ဆီအဝယ်ခက်ကြောင်း ငြီးပြသည်။ ရန်ကုန်မှာ ဓာတ်ဆီဈေးက သုံးဆယ်ဖြစ်နေတာပဲဟု ကျွန်တော် တွေးမိပြန်သည်။







www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲကို မြတ်တော့ ဟွန်ဒါဆိုင်ကယ်တွေ ခြေလျင်လျှောက်သူတွေနှင့် ရှုပ်ရှက်ခတ်နေသည့် မြင်ကွင်းကို လှမ်းငေးနေမိပြန်၏။

*လေဆိပ်ကအထွက်၊ မြို့ထဲကအလာ*
*ဟွန်ဒါယဉ်ကျေးမှု၊ လှိုင်းကစ်ပြေးလွှား*
*လမ်းသလားလျှက်၊*
*တကူစီးသုံးဘီး (ဘီနီး)*
*ဆေးဘစီးသူတ၊ ပုတ်ပြစ်နှစ်ဆယ်*
*သုံးဆယ်ဘထက်၊ တာတစ်ဆီကက်ဈေး*
*လေးငါးခြောက်ဆယ်*
*လွယ်လွယ်နဲ့ ဝယ်မရတဲ့...*

ဝီလောဝီနံ စက်ရုံမှ ညှိဆောင်အသစ်စက်စက်ကလေးမှာ ကျွန်တော်တို့နေရန် နေရာချထားပေးသည်။ နိုင်ငံတော် အကြီးအကဲများ လာရောက်စစ်ဆေးမည့် ရက်နီးနေပြီဖြစ်၍ ထို





အဆောက်အဦးလေးကိုလည်း ဆေးသုတ်ထားသည်။ အဆောက်အဦးပေါ်မှဆင်းပြီး လှမ်းအကြည့် တစ်ချို့တိုင်တွေမှာ ခြစ်ထားသည်ကို ဆေးဖြင့် ဖုံးထားသော်လည်း မလုံမခြုံဖြစ်နေတာတွေ့နေပြန်၏။ ရောက်စနေ့လည်မှာ အလုပ်မရှိသဖြင့် ကျွန်တော်တို့တစ်သိုက်အလွန်နာမည်ကြီးသည့် မြိတ်ဈေးထဲကို လျှောက်ကြည့်ဖြစ်ကြပြန်သည်။

*မလေးကျွန်းဆွယ်၊ ယိုးဒယားပါတိတ်*
*တံဆိပ်ရှိုး၊ အိန္ဒိယဟာ့ရှ*
*နိုင်ငံခြားဖြစ်၊ ခေတ်ပေါ်ပစ္စည်း*
*အသီးသီးလေ၊ စက်လှေနှင့်ရောက်*
*ဟောက်သည်ကောက်ထုပ်*
*ကျောင်းဝယ်ငွေ့ရှင်*
*ပင်လယ်ခရီးသာဝေး၊ ကျွန်းကုန်ဟင်းလျာ*
*ခေါင်ခိုက်တက်ဆဲ၊ မြိတ်ဈေးထဲက*
*မြို့ပြမျက်နှာ၊ ငွေသာဘဝ*



www.burmeseclassic.com

www.burmeseclassic.com



*ရှုံးမှုအားလုံးလိုချင်ရော ...*

ဈေးတစ်ခု၏ စည်ကားသိုက်မြိုက်ပုံကို ကျွန်တော်တို့ ကိုယ်တိုင်တွေ့ကြုံရပြန်၏။ ဈေးထဲက လူသွားလမ်းတွေမှာ တဖောင်းတိုးပြီး သွားရသည်။ အမြို့မြို့အနယ်နယ်မှ ပစ္စည်းလာဝယ်သော ဖောက်သည်များဖြင့် ပျားပန်းခတ်နေဟန် တူသည်။

သားတန်း၊ ငါးတန်း၊ ဟင်းရွက်တန်းတွေဘက် ရောက်ခိုက်မှာတော့ ပင်လယ်ခရု၊ ပင်လယ်ငါး၊ စသည့်ပင်လယ်ထွက်ပစ္စည်းများ ဈေးချိုသော်လည်း ဟင်းသီးဟင်းရွက်ဈေးကတော့ ခေါင်ခိုက်နေပြန်သည်။

ဈေးသည် ဈေးဝယ်တို့ဖြင့် ပြည့်လျှံနေသော မြိတ်ဈေးထဲမှာ ရှားပါးပါသည်ဆိုသည့် ငွေတွေကို အလျှံပယ် တွေ့နေရပြန်သည်။





(၂)

ကျေးရွာတွေမှာရှိသည့် ပီလောပီနံပင်များ၊ မြေအောက်မှာ ထာဝရနေရသည့် ပီလောပီနံဥများ။

ပီလောပီနံ စက်ရုံကြီးကြောင့် အရေးပါအရာရောက်တော့မည်ဟု ကျွန်တော်တွေးမိသည်။ ကျေးလက်တွေမှာ ပီလောပီနံခင်းတွေ စိမ်းစိုသည်။ မြေအောက်မှ ပီလောပီနံဥများက စက်ရုံကို ရောက်လာပြီး ခြစ်စက်တွေ၊ ညှစ်စက်တွေဖြင့် အသွင်ပြောင်းကာ "သိပ္ပံကော်" သို့မဟုတ် "စက်မှုသုံးကော်" ဖြစ်လာမည်။ သည်အခါ တန်ဖိုးတက်လာတော့မည်။

သည်လိုပါပဲ မြိတ်ကျေးလက်မှ တောသူတောင်သားတို့သည်လည်း သည်စက်ရုံကြီးကြောင့် လူနေမှုတွေ တိုးတက်မြင့်မားလာလေမလား စဉ်းစားကြည့်ချင်စရာပင်။



www.burmeseclassic.com

www.burmeseclassic.com



မြို့အပြင်ဘက်
တောင်မှန့်ဆက်ရိုး ကျိုးကျတ်လည်ပတ်
ဓမ်းသပ်ကာလ၊ မြို့ပြကျေးလက်
ဆက်သွယ်ပေးဟန်၊ ပီလောပီနံ့သူမ
ဆက်မှုကောဖြစ်၊ အသွင်သစ်မည်
ဖြစ်စေက်၊ ညစ်စေက်၊ သိမ့်ပုံလက်ကြွင်
တိုးတက်ပြောင်းလဲ ခေတ်ကြီးထဲမှ
မြို့ပြပေါ်ရောက်၊ ဝမ်းမြောက်စရာ
အရေးပါမည်၊ ကျေးရွာ ဆိုက်ခင်း
တွေးကြည့်ရင်းမြင် ...
နွေသစ်ရှင်သန်၊ ပီလောပီနံ့ပင်များ
တားလျှားမပြည်၊ စိမ်းလန်းနေမည်၊

အတွေးပေါင်းစုံဖြင့် ကျွန်တော်တို့သည် ပီလောပီနံ စိုက်ခင်း များရှိရာကို နောက်နေ့မနက်မှာ လာခဲ့ကြသည်။ "ရွှေတူး" "ကွဲကူး"၊





ဘက်မှာရှိသည့် ပီလောပီနံ့ခင်းတွေဆီ ကျွန်တော်တို့ရောက်သွား ခိုက်မှာတော့

တောဂိုပ်ဆိုင်ကျွဲ၊ မိုင်းဂိုအုံနေ
"ရွှေတူး" "ကွဲကူး" ဦးကြီးတို့ရွာဘက်
ကျေးလက်စိုက်ခင်း၊ ဆင်းရှုကြည့်ခဲ့
ချိုတဲမြေဆီ၊ ကြုံလိုသီးနေ
တစ်ချို့သေကျွဲ၊ စေဆဲပါစေချို့
အားယူလျှင် ...
အောင်အောင်မြင်မြင်ဖြစ်မလား ...
တစ်ပြီးသပ်ပြားငါးဆယ်၊
ခုဆယ်ရှေ့ထောက်
သယ်ယူစရိတ်တက်မလား ...
ဈေးတားမှုမရနိုင် ...

နယ်ခံတွေက ပီလောပီနံ့ကို မစိုက်ချင်၊ ပီလောပီနံ့ထက်



www.burmeseclassic.com

www.burmeseclassic.com



တွက်ချက်ကိုက်သည့် စက်လှေ့နောက်ကို လိုက်၍နေသည့်ကာလ။ စီမံချက်ဖြင့် စိုက်သူစိုက်ရ၏။ သို့သော် မပြုစုမပျိုးထောင်တော့ စိုက်ခင်းက မအောင်မြင်၊ စက်ရုံပိုင် စိုက်ခင်းကျတော့လည်း ဘာကြောင့်ရယ်မသိ ညှိုးညှိုးလျော်လျော် . . .။ ဒီစက်ရုံကြီး လည်ပတ်နိုင်ရေးအတွက် အဓိကကုန်ကြမ်းကတော့ ရင်မောချင်စရာ။ တစ်ပိဿာကို ပြားငါးဆယ်နှင့် စိုက်ခင်းမှာဝယ်သည်။ သို့သော်ငြား စက်ရုံနှင့် ဝေးလံလွန်းသဖြင့် သယ်ယူစရိတ်တွေနှင့် ကိုက်မှကိုက်ပါ့မလား။ အင်ဂျင်နီယာဖြစ်လျက် ဈေးသည်တွေးတွေ တွေးဖြစ်နေပြန်ပါတော့သည်။

(၃)

ညရောက်တော့ စက်ရုံက ညဆိုင်းဆင်းပြီး လည်ပတ်သည်။ စက်ရုံစမ်းသပ်ကာလဆိုသော်လည်း အသားကျသွားအောင် ယခုက ပင်စ၍ နေ့ဆိုင်း၊ ညဆိုင်း လည်ပတ်ကြည့်နေပြီ။





ကျွန်တော်တို့ အင်ဂျင်နီယာအဖွဲ့ စက်ရုံထဲမှာ လှည့်လည် စစ်ဆေးကြည့်ရှုကြ၏။

ပိလောပီနံဥတွေ သယ်ကြသူများ၊ စက်ထဲကို ထည့်ပေးကြသူများ၊ ပျော့ဖတ်တွေ သယ်နေသူများ၊ သူတို့ကို ကျွန်တော်ငေးကြည့်နေမိပြန်၏။ ကျွန်တော် ရောက်ရောက်နေသော နေရာသည် မြိတ်မြို့ဖြစ်သော်လည်း မြိတ်ဈေးထဲက မြိတ်သူ မြိတ်သားတွေနှင့် ယခုတွေ့နေရသော စက်ရုံထဲမှ မြိတ်သူမြိတ်သားတွေက အသွင်အပြင် ကွာခြားလွန်းလှပါသည်။ မြိတ်မြို့ဈေးထဲမှာ ယိုးဒယားပါတိတ်၊ အင်ဒိုနီးရှားပါတိတ်တွေ အထက်အောက် ဝတ်လျက် ပြောင်ပြောင်လက်လက် လှလှပပရှိလွန်းလှပါသည်။ ယခု စက်ရုံမှ အလုပ်သမားတွေမှာတော့ သနပ်ခါး ပါးကွက်ကြားက ချွေးဖြင့် ပျက်ပျယ်နေသည်။ ဝတ်ဆင်ထားသည့် အဆင်အပြင်ကပင် မြိတ်သူ မဟုတ်တော့သလို -



www.burmeseclassic.com

*စက်ရုံမှည့်ထက်၊ မျှော်တလဲလဲသူ*
*စပါးစေ့ညှပ်၊ လုပ်ကျသည့်လူ*
*ငြိမ်သူလေလား၊...*
*မလေးချွေးပါတိတ်နှင့် မတော်*
*စက်ရုံလုပ်သား၊ ပါးစုန့်ကွယ်*
*ချွေးစက်စက်ဖြင့်*
*ညဘက်အဆိုင်းဆင်းနေသည်။*

စက်ရုံထဲက လှည့်ရင်းရင်း တစ်နေရာမှာ ကျွန်တော့်ခြေထောက်က ရပ်တန့်နေမိသည်။ နံရံနားကပ်လျက် သံမံတလင်းပေါ်မှာ လေးငါးနှစ်လောက် ကလေးတစ်ယောက် အိပ်မောကျနေတာ ကျွန်တော် တွေ့ရသည်။ အဝတ်အစားက မလုံမခြုံ။ ခြင်တွေက ဝိုင်းကိုက်နေတာမြင်၏။ အဆိုးဆုံးကတော့ သံမံတလင်းပေါ်က ဖျာစုတ်မှာ အိပ်နေတာပါပဲ။ အအေးမိသွားမှာ၊ ဖျားနာသွားမှာ စိုးရိမ်စိတ်က ရင်ထဲမှာ ဝင်လာသည်။ ဘယ်သူ့ကလေးလဲဟု





မေးမည်အတွေးဖြင့် လှမ်းအမေးမှာ အလုပ်ထဲမှာ စိတ်ဝင်စားနေသော လုပ်သားမိန်းမများကို လှမ်းမြင်လိုက်၏။

ကျွန်တော် လှမ်းပြောလိုက်လျှင်ရော၊ သူတို့ဘာလုပ်နိုင်မှာလဲ။ ကလေးကို အိမ်မှာထားလို့ရမဲ့ အခြေအနေဆိုပါက ဘယ်သူခေါ်လာချင်ပါ့မလဲ။ ကလေးတစ်ဖက်နှင့် ဝမ်းရေးအတွက် ညဘက် အဆိုင်း ဆင်းရသော အမေကို ဘယ်သူမှန်းမသိပါပဲ ကျွန်တော် မှန်းဆ လေးစားလိုက်မိသည်။

*အလို*
*ဟို... စက်ရုံထောင့်မှာ၊ တစ်နေရာ၌*
*ဖျာစုတ်ပေါ်၊ အိပ်ပျော်နေမြိုက်*
*ခြင်ဘက်ကိုက်ခံ၊ သံမံတလင်းကအေး*
*မနွေးထွေးပေ၊ လေးငါးနှစ်အရွယ်*
*ဘယ်ကလေး၊ မေမည်ကြည့်ဆဲ*
*မမေးဘဲနေ၊ စက်ထဲကလုပ်သား၊*



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



*မျက်နှာများကို၊ လေးစားစွာကြည့်*
*ပြန်လှည့်အထွက်၊ ပင်သက်ခိုချ*
*လေတချူ*
*ဆောင်ညကမူနေသလိုလို...*

(၄)

သည်လိုနှင့် ကျွန်တော်တို့ တာဝန်ပြီးဆုံးသည့် ရက်မှာတော့ ရန်ကုန်ကို သင်္ဘောဖြင့် ပြန်ခဲ့ကြပါသည်။ သင်္ဘောက ခရီးသည်တင် နှစ်ထပ်သင်္ဘောကြီး။ ကျွန်တော် အပေါ်ထပ်မှာတက်ပြီး ငေးမောလိုက်ပါလာခဲ့မိသည်။ အတွေးထဲမှာ မြိတ်မြို့ပေါ်က ဟွန်ဒါများ၊ မြိတ်ဈေးထဲက အရောင်စုံ၊ အသွေးစုံ ပစ္စည်းများ၊ မြိတ်မြို့သူ မြို့သားများ ထင်ထင်ရှားရှား ပေါ်လာသကဲ့သို့ တောကြိုအုံကြားမှ ပီလောပီနံ့ခင်း ညှိုးလျော်လျော်များ၊ စက်ရုံထဲက လုပ်သားများ၊ ပြီးတော့ သိမ်တလင်းပေါ်မှာ အိပ်ပျော်နေသည့်ကလေး





အားလုံးကို ပြတ်ပြတ်သားသား မြင်ယောင်လာမိပြန်ပါသည်။

ရှေ့ကို လှမ်းငေးအကြည့်မှာ ကျွန်တော်စီးလာသည့် နှစ်ထပ်သင်္ဘောကြီးက ရေကို နှစ်လွှာနှစ်ပိုင်း ဖြစ်အောင် ပိုင်းဖြတ်ခွဲထွက်မောင်းနှင်နေပါရော့လား။

သင်္ဘောကြီးသည် ကျွန်တော့်အတွေးအာရုံမှာ နိမိတ်ပုံတစ်ခု ဖြစ်သွားတော့သည်။

သည်လိုဆိုလျှင် ကျွန်တော် သင်္ဘောအပေါ်ထပ်မှာ ဆက်မနေချင်တော့။

သင်္ဘောအောက်ထပ်သို့ ချက်ချင်းဆင်းလာခဲ့မိတော့၏။

*သင်္ဘောဦးလျှင်*
*ပင်လယ်ရေကြား၊ တအားတောက်ထွက်*
*စက်ရှိန်တက်ရော့၊ မြင်ယောင်ထယ်ထယ်*
*မျှော်ချုပ်ပေါ်က ကလေး*
*ဈေးထဲကပစ္စည်းစုံ*



www.burmeseclassic.com

www.burmeseclassic.com



*အာရုံမှာ ခံစား၊ ဟွန်းဒါများ*

*ရုံကစင်များ*

*မြို့သာ မြို့သူ၊ ကျေးလက်ကလူများ*

*ဝိုးဝါးထင်ဆဲ၊ ရင်ထဲမှာတင်*

*သနော်အောက်ထယ်သို့ ဆင်ခဲ့ပါ*

(၅)

၁၉၉၅ ဖေဖော်ဝါရီလ ၉ ရက် မနက်ရှစ်နာရီခွဲမှာ မြိတ်မြို့ကို ကျွန်တော်ရောက်တော့ ဟိုစဉ်က တစ်ခေါက်ရောက်ခဲ့ပြီး ရေးဖြစ်ခဲ့သော "မြိတ်ပီလောပီနံ နှင့် ဟွန်းဒါ" ဆိုသည့် ကျွန်တော့် ကဗျာလေးကို ပြန်သတိရနေမိတော့သည်။

ဟိုစဉ်က အင်ဂျင်နီယာတစ်ဦးအဖြစ်၊ တာဝန်ဖြင့် ကျွန်တော် မြိတ်ကိုရောက်ခဲ့ရသည်။ အခုတစ်ခေါက်မှာတော့ စာရေးဆရာတစ်ဦးအနေဖြင့် ဟောပြောပွဲအတွက် ကျွန်တော်ရောက်ခဲ့ရပြန်သည်။





လာကြိုမည့် မြိတ်မြို့ခံ ကာပေသမားများနှင့် လွဲချော်နေသဖြင့် လေဆိပ်မှာ တွေ့သော ဆရာဒေါက်တာခင်မောင်ညွန့်၏ တပည့်ဖြစ်ခဲ့ဖူးသူ ဦးကြီးညွန့်က ကျွန်တော်တို့ကို သူ့အိမ်သို့ ခေါ်သွားခဲ့၏။

လမ်းမှာ ဟွန်းဒါဆိုင်ကယ်တွေကို အရင်ကလောက်မတွေ့ရတော့။ လမ်းတွေကပဲ ပိုကျယ်လာလို့လား။ ဆိုင်ကယ်တွေကပဲ နည်းသွားလို့လား။ ကျွန်တော် စဉ်းစားမရနိုင်။

ဟိုအရင်က ဆေးအစိမ်းသုတ်ထားသော သုံးဘီး (ဘိန်း) တို့မှာ အခုအခါ ဆေးအပြာရောင်တွေ သုတ်ထားတာတွေ့ရ၏။ ဓာတ်ဆီဈေးကတော့ နှစ်ရာငါးဆယ့်ကျော်တဲ့။

"မြိတ်က မှောင်ခိုခေတ် ကုန်သွားကတည်းက အရင်ကလိုတော့ မစည်ကားတော့ဘူးထင်တယ်"

ဟု မိလာသော စာရေးဆရာ တစ်ဦးက မှတ်ချက်ချသည်။ အရင်ကလို မှောင်ခိုကုန်တွေ သယ်ဖို့ အနယ်နယ်အရပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



က လာကြသူများ မရှိနိုင်တော့တာတော့ သေချာသည်။ ပြီးတော့ မီးကလည်း အကြီးအကျယ်လောင်ခဲ့သည်ပဲ။

"ဆရာတို့ကို ကျွန်တော်ပဲ မနက်စာကျွေးပါ့မယ်။ ပင်လယ်စာ ကောင်းကောင်းရတဲ့ဆိုင်ကို သွားစားရအောင်။ နည်းနည်းတော့ ဝေးတယ်။ မြို့ပြင်မှာ"

ဦးကြီးညွန့်က မနက်စာအတွက် စီစဉ်သည်။

(၆)

ထမင်းစားပြီးတော့ ကျွန်တော့်ရင်ထဲ မရှင်းလင်းတာကို ဘယ်လိုမှ မြိုသိပ်အောင့်အီးထား၍ မရနိုင်တော့။ ကျွန်တော်ပဲ မျက်စိလည်နေတာလားဟု ဘာသာပင် ဇဝေဇဝါ ဖြစ်နေရသေးသည်။

"ဒီရွှေ့ကဟာ ပီလောပီနံစက်ရုံ မဟုတ်လားဆရာ"

ကျွန်တော်က ဦးကြီးညွန့်ကို မေးသည်။ ခြံဝန်းကျယ်ကြီးထဲ





မှ သစ်ပင်ကြီးတွေကို ကျွန်တော် ကျော်ဖြစ်ပြီး လှမ်းမြင်ရသော အဆောက်အဦးကြီးကို ကျွန်တော် ငေးကြည့်နေမိ ပြန်သည်။

"ဟုတ်တယ်လေ . . . ဆရာ"

"ကျွန်တော် လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ရောက်ဖူးလို့ပါ။ မှတ်တရက် မမှတ်မိချင်ဘူး"

ဦးကြီးညွန့်ကပြုံးရင်း

"ဒီဆိုင်က အခုတော့ ဆရာတွေ့တဲ့အတိုင်းပဲလေ။ တကယ့်ဆိုင်ကြီး ဖြစ်နေပြီ။ ပင်လယ်စာ ကောင်းကောင်းစားချင်ကြတဲ့ မြိတ်ကိုရောက်လာကြတဲ့ ဧည့်သည်တွေ ဒီဆိုင်မှာပဲ လာစားကြတာယ်။ တော်တော်လေး ရောင်းကောင်းတဲ့ဆိုင်ပေါ့။ ဟိုအရင်က ဒီနေရာမှာ တဲကလေးနဲ့ ထမင်းဆိုင် ဖွင့်ခဲ့တာလေ။ ဒီစက်ရုံကြီးကို မှီပြီး ဒီကအလုပ်သမားတွေကို ရောင်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စဖွင့်ခဲ့တာ"

"နေဦး . . . ဦးကြီးညွှန့် ဒါအရင်က အုန်းတောကြီးထဲက ထမင်းဆိုင်လေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဆရာ"

"ဟာ - ကျွန်တော်စားခဲ့ဖူးတယ်။ ဟိုဆယ်နှစ်ကျော် ကျွန်တော်ရောက်တုန်းက မြို့ထဲသွားစားဖို့ကလည်း ဝေးတော့ ဒီဆိုင်လေးမှာ ဖြစ်သလိုစားခဲ့ရတာ။ တကယ့်ဆိုင်သေးသေးလေး။ အဲဒီတုန်းက စက်ရုံက စမ်းသပ်ကာလဆိုတော့ အလုပ်သမားလဲ မများဘူးဗျ။ သူက ဒီစက်ရုံကြီးဖွင့်လို့ အလုပ်သမားတွေ များလာရင် သူ့ရောင်းကောင်းမှာပဲဆိုပြီး ဖွင့်တာလို့ ကျွန်တော့်ကို ပြောခဲ့ဖူးတယ်"

"ဟုတ်တယ်ဆရာ . . . ဟုတ်တယ်"

"ဩော် . . . အေးဗျာ၊ အခုလို ဆိုင်ကြီးဖြစ်ပြီး အောင်မြင်သွားတာ ဝမ်းသာစရာပဲ"

ပြောရင်း ဆိုင်အပြင်ကို ကျွန်တော်ထွက်လိုက်သည်။ စက်ရုံရှိရာ မျက်နှာချင်းဆိုင်ကို သေသေချာချာကြည့်ရင်း ဟိုအရင်က ရောက်ခဲ့ဖူးသည်များကို ကျွန်တော် ပြန်သတိရနေမိသည်။ တိတ်ဆိတ်ငြိမ်သက်လျက် အသက်မရှိတော့သလို စက်ရုံကြီးကို





ကျွန်တော် ငေးကြည့်ရင်း ရင်ထဲမှာ တစ်စုံတစ်ရာကို ခံစားနေမြန်သည်။

"ဒီစက်ရုံက မလည်တော့ဘူးလား ဦးကြီးညွန့်၊ ဒီနေ့ပိတ်ရက်မို့လား။ ငြိမ်နေတာပဲ"

အနားရောက်လာသည့် ဦးကြီးညွန့်ကို ကျွန်တော်မေးလိုက်မိ၏။

"မဟုတ်ဘူးဆရာ . . . ပိတ်ထားတာကြာပြီ"

"ဩော်"

(၇)

စက်ရုံကြီးတစ်ခု။

ထိုစက်ရုံကြီးကို မှီခိုမည်ဟု အားထားဖွင့်လှစ်ခဲ့ရသော ကချော်ကချွတ်ထမင်းဆိုင်လေး တစ်ဆိုင် . . .



www.burmeseclassic.com

www.burmeseclassic.com



ဆယ်နှစ်သက်တမ်း တစ်ခုကို ဖြတ်ကျော်လာပြီးချိန်၌ . လောကကြီး၏ ကမောက်ကမနိုင်ပုံကို တွေးမိရင်း ကျွန်တော် သက်ပြင်းချလိုက်မိတော့သည်။

မောင်စိန်ဝင်း (ပုတီးကုန်း)



BURMESE CLASSIC .com

www.burmeseclassic.com